ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 21 September 2017 (၉၀၅၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များသည် လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုပြီး ရေရှည်ဖွံ့ဖြိုးအောင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက မိမိတို့ဗဟိုကော်မတီအနေဖြင့် အစည်းအဝေးကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် စတုတ္ထအကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင် တစ်ကြိမ်နှင့် ၂၀၁၇ ခုနှစ် ဇွန်လတွင်တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက် စုစုပေါင်း ၅၄ ချက်တွင် ဆောင်ရွက်ပြီး ၁၄ ချက်၊ ဆောင်ရွက်ဆဲ ၃၆ ချက်နှင့် ဆောင်ရွက်ရန်ကျန် လေးချက်ရှိပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကိုလည်း အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ယင်းဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များကို ခြုံကြည့်မည်ဆိုလျှင် အဓိကအားဖြင့် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရန်၊ ဗဟိုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်

နယူးယောက် စက်တင်ဘာ ၂၀ - (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ (General Assembly Hall) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ **(အောက်ပုံ)**

အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres က ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို ရှင်းလင်းပြောကြားပြီး (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ Mr. Miroslav Lajcak က အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

(၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ **စာမျက်နှာ ၃ ကော်လံ ၃ သို့**

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် ပြန်လည်ထုပ်ပိုးစက်ရုံသစ် ဖွင့်လှစ်

စာမျက်နှာ » ၂

အိုဟောင်းဘတ်စ်ကားများ အစီး ၂၀၀ ခန့် အပ်နှံမည်

စာမျက်နှာ » ၁၅

ကမ္ဘာ့ရွှေဈေးကွက် မြင့်တက်မှုကြောင့် မန္တလေးရွှေဈေးကွက် စံချိန်တင်မြင့်တက်၍ အရောင်းအဝယ်အေး

စာမျက်နှာ » ၁၆

ကြေးမုံ

အသိတရားရှိရှိပူးပေါင်းပါဝင်မှု အောင်မြင်

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားအားလုံး အသိတရားရှိရှိ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီတွင် စည်းကမ်းရှိဖို့လိုအပ်သည်။ ယခုမှ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ခါစဖြစ်၍ ပြည်သူအားလုံးအသိတရားရှိဖို့မှာမူ လွယ်ကူလှသော အလုပ်မဟုတ်ချေ။ လစ်လျှင် လစ်သလို၊ လွယ်လျှင် လွယ်သလို လုပ်တတ်သော အကျင့်မှာ စွဲမြဲနေသေးသည်။ ထိုစွဲမြဲမှုမှာ လုပ်လွယ်သလောက် ပြန်လည်ပြုပြင်ရန် ခက်လှသည်။

တစ်ခါက စိတ်တူကိုယ်တူရှိပြီး အကျင့်စရိုက်တူသည့် ရိုးသားသော သူငယ်ချင်းနှစ်ယောက်ရှိခဲ့ဖူးသည်။ တစ်ယောက်သောသူသည် စာရိတ္တနှင့် ပတ်သက်၍ အပွန်းအပဲ့မခံလိုက်နာကျင့်သုံးသည်။ ကျန်တစ်ယောက်မှာလည်း ခင်မင်ရင်းနှီးစွဲရှိပြီး စိတ်တူကိုယ်တူဖြစ်၍ သူငယ်ချင်းကဲ့သို့ပင် လိုက်လံကျင့်ကြံအားထုတ်သည်။ တစ်နေ့တွင် အများပိုင်ယာဉ်ကို သူငယ်ချင်းနှစ်ယောက်အတူတူစီးခဲ့ရာ ၎င်းတို့ဆင်းမည့် မှတ်တိုင်ရောက်ချိန်အထိ လက်မှတ်ရောင်းရောက်မလာသဖြင့် နှစ်ဦးသား အမှုမဲ့အမှတ်မဲ့ ယာဉ်ပေါ်မှ ဆင်းလိုက်ကြသည်။ ထို့နောက် ပထမသူငယ်ချင်းကသတိရပြီး မောင်းထွက်သောယာဉ်နောက်သို့ အပြေးအလွှားလိုက်ကာ ယာဉ်စီးခကို ပေးသည်။ ဒုတိယသူငယ်ချင်းက ကားမောင်းသွားမှတော့ ငွေလေး တစ်ပဲခြောက်ပြားနဲ့ အပင်ပန်းခံလိုက်မပေးတော့ပါဘူးဟု ဆိုသည်။ ထိုအခါ ပထမသူငယ်ချင်းက ဘယ်အရာမဆို အသေးအမွှားဆိုပြီး အလေးမထားလျှင် ဘယ်အခါမျှ ကြီးကြီးမားမားအောင်မြင်မှုမရနိုင်ဘူးဟု ဆိုသည်။

ယင်းအဖြစ်မှာ လက်တွေ့ဖြစ်သည်။ နောင်သောအခါ ပထမသူငယ်ချင်းမှာ ချမ်းသာကြွယ်ဝပြီး ထင်ရှားအောင်မြင်သူတစ်ယောက်ဖြစ်လာသည်။ ဒုတိယသူငယ်ချင်းမှာ သူလိုကိုယ်လို သာမန်ဘဝဖြင့် သက်ဆုံးတိုင် နေသွားရသည်။ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ကြရာတွင် လူအများတန်းတူညီမျှကွာဟမှု ကျဉ်းမြောင်းရေး၊ လူမှုဘဝမြင့်မားတိုးတက်ရေး၊ လူမှုစီးပွားတိုးတက်လာရေးအတွက် လူတိုင်းလူတိုင်း ဦးတည်ကြိုးပမ်းကြရာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသလို တစ်ဦးချင်းဘဝလည်း မြင့်မားလာသည်။

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နေဆဲကာလဖြစ်သည်။ လူတိုင်းလူတိုင်း ဥပဒေနှင့်ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ လူ့စိတ်ဟူသည် တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ပါ။ အလုံးစုံမဟုတ်သော်လည်း အများစုပါဝင်လိုက်နာဆောင်ရွက်ကြရမည်ဆိုလျှင် မလိုက်နာသော အနည်းစုမှာ သူ့အလိုလိုဖယ်ရှားပြီးသား ဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် မလိုက်နာသူမှာ အများစုဖြစ်နေလျှင် မည်သည့်အခါမျှ ကောင်းမွန်သော ဘဝကို တည်ဆောက်နိုင်လိမ့်မည်မဟုတ်ချေ။

လူအများအတွက်သို့မဟုတ် နိုင်ငံအတွက် စံနမူနာပြဆောင်ရွက်ရာတွင် ရန်ကုန်မြို့ကို ကြည့်လေ့ရှိသည်။ အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ဈေးရောင်းခြင်း၊ သွားလာခြင်းစသည့် လူမှုဘဝအခြေခံအပြုအမူများမှအစ လိုက်နာဆောင်ရွက်ပြုပြင်ကြရသည်။ ၁၈ လတာကာလအတွင်း ပြောင်းလဲတန်သလောက် ပြောင်းလဲသော်လည်း အားရစရာတော့ မရှိလှသေးချေ။ ခရီးသွားပြည်သူများ၏ စာရိတ္တကိုစစ်ဆေးခြင်းသဘောသက်ရောက်သည့် ယာဉ်စီးခကောက်ခံသူမပါသော ကိုယ်တိုင်ငွေပေးယာဉ်စီးခြင်း စနစ်ကိုကျင့်သုံးပြီး ရှစ်လတာကြာသောအခါ ဘတ်ဂျက်လိုငွေပြခြင်းသာ အဖတ်တင်လာသည်။

နိုင်ငံတိုးတက်ရေးအတွက် အသိတရားရှိသောလူများရှိသလို အသိတရားမရှိသော လူအများမှာ အများစုဖြစ်နေသည်။ စည်းကမ်းလိုက်နာသော လူများမှာ အနည်းစုဖြစ်သလို စည်းကမ်းမလိုက်နာသောသူများမှာ အများစု ဖြစ်နေသည်။ လစ်လျှင်လစ်သလို၊ လွယ်လျှင် လွယ်သလို ပြုမူလုပ်ကိုင်တတ်သော သူများအား အသိတရားရှိလိုရှိငြား ထိုင်ကြည့်နေမည်ဆိုလျှင် မည်သည့်အခါမျှ ရည်မှန်းချက်သို့ ရောက်လာမည်မဟုတ်ချေ။ အသိတရားမရှိသောသူများအား ထိန်းကွပ်ဟန့်တားခြင်းများ မဖြစ်မနေလုပ်မှသာ ရည်မှန်းချက်သို့ ရောက်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် ပြန်လည်ထုပ်ပိုးစက်ရုံသစ် ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်ရန် ကြိုးပမ်းနေသည့် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် အာဂျီနိုမိုတို စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ၏ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရင်းနှီးမြှုပ်နှံထားသည့် ပြန်လည်ထုပ်ပိုးစက်ရုံသစ်ကို စက်တင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါ အထူးစီးပွားရေးဇုန်တွင် ဖွင့်လှစ်သည်။

အဆိုပါစက်ရုံသည် ထိုင်းနိုင်ငံမှ တင်သွင်းလာသည့် ဟင်းခတ်မှုန့်များအား အာဂျီနိုမိုတို အမှတ်တံဆိပ်ပါ အိတ်ခွံများဖြင့် ပြန်လည်ထုပ်ပိုးပြီး ဈေးကွက်အတွင်း ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

အာဂျီနိုမိုတိုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဆာတိုရှီအော်ဂါဝါက "ထိုင်းနိုင်ငံမှာရှိတဲ့ သဘာဝကြံနဲ့ ပီလောပီနံဥကနေ ဂျပန်ရဲ့ နည်းပညာနဲ့ ထုတ်လုပ်ပြီး တင်ပို့ပါတယ်။ ထိုင်းနိုင်ငံက တင်ပို့လိုက်တဲ့ အချိုမှုန့်တွေကို သီလဝါမှာ ပါကင်ထုပ်ပြီး ပြည်တွင်းဈေးကွက်မှာ ဖြန့်ချိမှာဖြစ်ပါတယ်" ဟု ပြောသည်။

"ကုန်ချောအထိ ထုတ်လုပ်ဖို့က မြန်မာနိုင်ငံမှာ လုံလောက်တဲ့ကုန်ကြမ်းက မရနိုင်သေးပါဘူး။ လျှပ်စစ်အနေအထားကလည်း လုံလောက်မှု မရှိသေးတဲ့အတွက် လုံလောက်တဲ့အချိန် ရောက်ရင်တော့ ထုတ်လုပ်လာနိုင်မယ်လို့ထင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ မြန်မာအာဂျီနိုမိုတိုစားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်ကို ပြန်လည်တည်ဆောက်ပြီး ထုပ်ပိုးစက်ရုံတည်ထောင်ရန်နှင့် ရောင်းချရန် ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ လုပ်ငန်းလည်ပတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝန်ထမ်း ၈၁ ဦးခန့်ထားပြီးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဝန်ထမ်းဦးရေ ၆၀၀ ကျော် တိုးမြှင့်ခန့်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

မြန်မာအာဂျီနိုမိုတိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၅ သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်နေပြီး သီလဝါစက်မှုဇုန် အတွင်း ဘာဒီ(Birdy) အသင့်သောက်ကော်ဖီနှင့် လက်ဖက်ရည်ထုတ်လုပ်သော စက်ရုံများ တည်ဆောက်ခြင်း၊ ရော့စ်ဒီ(Ros Dee)ဟင်းခတ်မှုန့်ထုတ်လုပ်ရန် စက်ပစ္စည်းများလည်း တပ်ဆင်နေပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံကာ စီးပွားရေးလုပ်ငန်းများချဲ့ထွင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် အာဂျီနိုမိုတိုကုမ္ပဏီသည် ၁၉၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အရည်အသွေးမြင့် Umami အရသာဟင်းခတ်မှုန့်၊ စားသောက်ကုန်၊ အချိုရည်၊ အမိုင်နိုအက်စစ်၊ ဆေးဝါးအခြေခံဓာတုပစ္စည်းနှင့် တိရစ္ဆာန်အစာအာဟာရများကို ထုတ်လုပ်ပေးနေသော ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ထို့ပြင် ကမ္ဘာတစ်လွှားရှိ နိုင်ငံအများအပြားတွင်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သိရသည်။

သတင်း-သီသီမင်း၊ ဓာတ်ပုံ- အောင်ကျော်ဦး

၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ကျပ် ၃၅၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၁၅၉) (၈၆)လမ်း (၂၁)လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၀၂ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များက လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်(ရွှေဈေး) ၉၅၀၅၀၀ - ၉၅၀၅၀၀ မန္တလေး(ရွှေဈေး) ၉၄၉၅၀၀ - ၉၄၉၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၄၅/၇၇၀ ကျပ်၊	၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၁၀/၇၄၀ ကျပ်၊	၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၇. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၂၇. ၃
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၁၁
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၁. ၀၂၂
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၇၅
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၀၄
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၅. ၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀. ၀၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၆. ၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၆. ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

❒ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် အောက်ခြေအဆင့်အထိ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားနိုင်ရန်အတွက် လိုအပ်သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊ အသိပညာပြန့်ပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ စဉ်ဆက်မပြတ်အသုံးပြုနိုင်အောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ မြို့ပြဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများ၊ လိုအပ်သည့် နည်းပညာအဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရန်ဟူသည့် ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယင်းဆုံးဖြတ်ချက်များထဲမှ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အတည်ပြုထုတ်ပြန်နိုင်ရန် ယခုဆိုလျှင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာမူဘောင်၊ မြန်မာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အဆင့်ဆင့် တင်ပြဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အလားတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

ထို့ကြောင့် ပြီးခဲ့သည့်အစည်းအဝေးများတွင် ဆုံးဖြတ်ခဲ့သည့် အချက်များထဲမှ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်သည့် ပညာပေးရေး၊ အသိပညာပြန့်ပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်မှုများကို အရှိန်အဟုန်မြှင့်ပြီး နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းရန်၊ အကျိုးရှိစွာ စဉ်ဆက်မပြတ် အသုံးပြုနိုင်အောင် စီမံခန့်ခွဲရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ မြို့ပြဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများတွင်လည်း လိုအပ်သည့် နည်းပညာအဆင့်မြှင့်တင်နိုင်ရန်အတွက် ရေရှည်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်မှုကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ ဝန်ကြီးဌာနအလိုက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စသည့်ဌာနများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြည်သူလူထု အသိပညာပြန့်ပွားရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် များစွာအားရကျေနပ်မိပါကြောင်း၊ ဆက်လက်ပြီးလည်း ပိုမိုထိရောက်အောင်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။

အလားတူ အခြားဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့၏ လက်ရှိဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သလိုညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် Performance ကို အခြေခံသည့် ရလဒ်ကောင်းများ ရရှိစေနိုင်မည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်မှုကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မကြာမီတွင် ထုတ်ပြန်မည့် ကဏ္ဍအလိုက်မူဝါဒများ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ဦးစားပေးအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆုံးဖြတ်ချမှတ်ဆောင်ရွက်သွားရန်၊ လက်ရှိဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့်ကိစ္စများကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ဆောင်ရွက်တိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်နိုင်ရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်မှုကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးအနေဖြင့် ပြီးခဲ့သည့် အစည်းအဝေး သုံးကြိမ်နှင့် ယနေ့အစည်းအဝေးတွင် ချမှတ်မည့်လုပ်ငန်းစဉ်များထဲမှ မိမိတို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အခြေအနေပေါ်မူတည်ပြီး သင့်လျော်မည့် ဦးစားပေးလုပ်ငန်းများနှင့် ရေတို၊ ရေရှည်လုပ်ငန်းများ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန်၊ ဆောင်ရွက်တိုးတက်မှုများကို ဆွေးနွေးကြရန်နှင့် ဗဟိုကော်မတီကို လစဉ်တင်ပြကြရန် လိုအပ်ပါကြောင်း။

မိမိတို့ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအား အကောင်အထည်ဖော်မှုကို အထောက်အကူပြုမည်ဖြစ်ပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကိုလည်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ရည်မှန်းပြီး ဆိုင်ရာကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် အခက်အခဲရှိနိုင်သော်လည်း ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုလျှင် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားသွားနိုင်မည်ဟု လေးလေးနက်နက် ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး အကြံဉာဏ်ကောင်းများ ဆွေးနွေးအကြံပြုပေးကြရန်နှင့် အားသာချက်၊ အားနည်းချက်များကို အပြုသဘောနှင့် ဝေဖန်ထောက်ပြပေးကြရန် တိုက်တွန်းပါကြောင်း။

ပြီးခဲ့သည့် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနက် အခြားသောကဏ္ဍအလိုက် ဗဟိုကော်မတီများ၏ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ယနေ့တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များ၊ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများသည် မိမိပါဝင်ဆောင်ရွက်နေသည့် အခြားသောကော်မတီများတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ပေါင်းစပ်ဆွေးနွေးပေးရန်နှင့် ယင်းကော်မတီများက ဆွေးနွေးဆုံးဖြတ်ချက်များကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးပေးကြရန် အထူးပြောကြားလိုပါကြောင်း၊ သို့မှသာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဖြစ်ပါကြောင်း။

ဗဟိုအဆင့်လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၊ အလားတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် ဗဟိုကော်မတီဝင်၊ ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အပါအဝင် ကော်မတီဝင်များက အခါအားလျော်စွာ တိုင်းဒေသကြီး၊ ပြည်နယ်များကို ရောက်ရှိသည့်အခါ ဆိုင်ရာကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဗဟိုကော်မတီနှင့် ကော်မတီအသီးသီးက ဆောင်ရွက်မည့်လုပ်ငန်းစဉ် အများအပြားကို ဆုံးဖြတ်ချမှတ်ခဲ့မှု၊ ယင်းဆုံးဖြတ်ချက်များထဲမှ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှု၊ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လိုက်ဖက်ညီထွေမှုရှိသည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ထုတ်ပြန်နိုင်ရန် တင်ပြထားမှု၊ ကျန်ရှိနေသည့် အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အစိမ်းရောင်စီးပွားရေး မဟာဗျူဟာမူဘောင်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာများကိုလည်း ဆက်လက်ပြီး အဆင့်ဆင့်တင်ပြရန် စီစဉ်ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာလုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ၊ အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဗဟိုကော်မတီအတွင်းရေးမှူးတို့က ကော်မတီအလိုက် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဗဟိုကော်မတီမှ ဆုံးဖြတ်ပေးရမည့်အချက်များကို တင်ပြကြသည်။

ယင်းနောက် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေများနှင့် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❂ **(၇၂)ကြိမ်မြောက်မှ**

"Focusing on People – Striving for Peace and a Decent Life for All on a Sustainable Planet" ဖြစ်သည်။

ယနေ့ကျင်းပသည့် အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲတွင် ဘရာဇီးသမ္မတနှင့် အမေရိကန်သမ္မတတို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

■

မြန်မာနိုင်ငံပြန်တမ်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့်(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် တပ်မတော်သင်တန်းသား အရာရှိများအား ပြန်လည်စေလွှတ်ခြင်းအပေါ် သဘောထားထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၀

ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် တပ်မတော်သင်တန်းသား အရာရှိများအား ပြန်လည်စေလွှတ်ခြင်းအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်ချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ယနေ့ပါတီစုံဒီမိုကရေစီခေတ်ကာလတွင် တပ်မတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာတပ်မတော်များနှင့်ပါ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်လည်း ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး လုပ်ဆောင်ခဲ့ရာ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိ ငါးဦး ဗြိတိန်နိုင်ငံတွင် သင်တန်းများ တက်ရောက်လျက်ရှိကြောင်း၊ သို့သော် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဗြိတိန်ပါလီမန်အမတ်များက ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသော မြန်မာ့တပ်မတော်သင်တန်းသားများအား သင်တန်းဆိုင်းငံ့ပေးရန် တောင်းဆိုမှုအရ အဆိုပါ သင်တန်းသားအရာရှိများအား မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်တွင် လန်ဒန်မြို့ရှိ မြန်မာစစ်သံ(ကြည်း၊ရေ၊ လေ)ရုံး၌ သင်တန်းသားအားလုံး စုစည်းရောက်ရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ယင်းသင်တန်းသားများအား မြန်မာနိုင်ငံသို့ အမြန်ပြန်လည်ခေါ်ယူသွားမည်ဖြစ်ပြီး ယခင်က ကမ်းလှမ်းသဘောတူညီထားသည့် သင်တန်းသားများအပါအဝင် ဗြိတိန်နိုင်ငံသို့ သင်တန်းသားများ ထပ်မံစေလွှတ်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

မက္ကဆီကိုတွင် အင်အားပြင်း ငလျင်လှုပ်၊ လူ ၂၂၆ ဦးထက်မနည်းသေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၀

မက္ကဆီကိုနိုင်ငံအလယ်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် လူ ၂၂၆ ဦးထက်မနည်း သေဆုံးကြောင်း၊ အင်အားပြင်းထန်သော မြေငလျင်ဖြစ်ခြင်းကြောင့် သေဆုံးသူဦးရေ ထပ်မံတိုးလာမည်ဟု မျှော်လင့်ရကြောင်း မြို့ပြကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ ပြင်းအား မဂ္ဂနီကျု ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် အဆောက်အအုံများစွာ ပြိုကျခဲ့ပြီး ပင်မဓာတ်ငွေ့ပိုက်လိုင်းများ ကျိုးပြတ်ကာ မီးပွားများ လွင့်စင်မှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများမှာ ထိတ်လန့်တကြား လမ်းမများပေါ် ပြေးထွက်ခဲ့ကြသည်။

မြို့တော် မက္ကဆီကိုစီးတီးအနီးရှိ မိုရီးလို့စ်နှင့် ပျူဘလာပြည်နယ်များ၊ မက္ကဆီကိုပြည်နယ်နှင့် တောင်ဘက်အလယ်ပိုင်း ဂျူရာရီယိုပြည်နယ်တို့တွင် လူအသေအပျောက်ရှိကြောင်း မက္ကဆီကို အမျိုးသားမြို့ပြကာကွယ်ရေး အေဂျင်စီအကြီးအကဲ လူးရစ်ဖီလစ်ပေပွန်တေးက ပြောကြားသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုပျက်ခဲ့သော အဆောက်အအုံများ၏ အပျက်အစီးများအောက်တွင် လူများစွာ ပိတ်မိနေခြင်းကြောင့် သေဆုံးသူဦးရေ မြင့်တက်လာမည်ဟု မျှော်လင့်ရသည်။

လူဦးရေ သိပ်သည်းထူထပ်သော မက္ကဆီကိုစီးတီးမြို့တော်နှင့် အနီးဝန်းကျင်ရှိ ပြည်နယ်များတွင် ဒါဇင်များစွာသော အဆောက်အအုံများ ပြိုကျ သို့မဟုတ် အကြီးအကျယ်ပျက်စီးခဲ့ရကြောင်း၊ မက္ကဆီကိုစီးတီးမြို့တော်တစ်ခုတည်းမှာပင် နေရာပေါင်း ၄၀ ကျော်တွင် အဆောက်အအုံများ ပြိုကျခဲ့ကြောင်း မြို့တော်ဝန် မစ်ဂွဲအိန်ဂျယ်မန်ဆီရာက ပြောကြားသည်။

အဆိုပါ ငလျင်သည် မက္ကဆီကိုနိုင်ငံ ပျူဘလာပြည်နယ် ရာဘိုဆိုမြို့မှ ငါးကီလိုမီတာအကွာတွင် ဗဟိုပြုလှုပ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။ စက်တင်ဘာ ၇ ရက်ကလည်း မက္ကဆီကိုနိုင်ငံ တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ရစ်ချ်တာစကေးအဆင့်(၈)ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ရာ လူပေါင်း ၆၁ ဦး သေဆုံးခဲ့သည်။

ဆင်ဟွာ။

အမြဲတမ်း စစ်အခြေစိုက်စခန်းတစ်ခုကို အစ္စရေးတွင် အမေရိကန်ပထမဆုံးဖွင့်လှစ်

ဂျေရုဆလင် စက်တင်ဘာ ၂၀

အမေရိကန် ပြည်ထောင်စုက အစ္စရေးနိုင်ငံတွင် အမြဲတမ်း စစ်အခြေစိုက် စခန်းတစ်ခုကို သမိုင်းတွင် ပထမဆုံးအကြိမ် အဖြစ် တရားဝင်ထူထောင်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

နီဂတ်သဲကန္တာရ၏ အလယ်ဗဟို၌ ထူထောင်လိုက်သည့် စစ်အခြေစိုက်စခန်းမှာ လေကြောင်းရန်ကာကွယ်ရေး စစ်အခြေစိုက်စခန်းဖြစ်ပြီး အမေရိကန်လေတပ်တပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာသည် ယင်းစခန်း၌ တာဝန်ထမ်းဆောင်ကြရမည်ဆို၏။

အစ္စရေးလေတပ်၏ မာရှာဘင် လေတပ်စခန်း၏ ပရိဝုဏ်အတွင်း အမေရိကန် စစ်စခန်းတည်ရှိသည်။ အစ္စရေးနိုင်ငံ ဒိုင်မိုနာနှင့် ရေရှုချန်းမြို့ငယ်များ၏ အနောက်ဘက်တွင် အဆိုပါလေတပ်စခန်းတည်ရှိသည်။

အစ္စရေးနိုင်ငံ၌ အမြဲတမ်းစစ်အခြေစိုက်စခန်းတစ်ခုကို ထူထောင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အစ္စရေးလေတပ် လေကြောင်းရန်ကာကွယ်ရေးစစ်ဌာနချုပ် အကြီးအကဲ ဗိုလ်မှူးချုပ်တီဇဗီကာ ဟီမိုဗစ်ချ်က စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန်စစ်စခန်းဖွင့်လှစ်ခြင်းမှာ သမိုင်းဝင် သမိုင်းတွင်မည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့အကြား နှစ်ပေါင်းကြာရှည်တည်ရှိလာသည့် မဟာမိတ်ဖွဲ့စည်းမှုကို ထင်ဟပ်သည့် ပြယုဂ်လည်းဖြစ်ကြောင်း ဗိုလ်မှူးချုပ်ဟီမိုဗစ်ချ်က သတင်းထောက်များကို ပြောကြားသည်။

မိမိတို့၏ လေကြောင်းရန်ကာကွယ်ရေး၊ လေကြောင်းမှ ပစ်ခွင်းလာသော ဒုံးလက်နက်များကို ကြားဖြတ်ဟန့်တားရေးစွမ်းပကားများ မြင့်မားတိုးတက်စေရေးအတွက် အမေရိကန်က အမြဲတမ်းစစ်စခန်းတစ်ခုကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လေကြောင်းရန်ကာကွယ်ရေး၏ အရေးကြီးပုံကို ၂၀၁၄ ခုနှစ် ဂါဇာစစ်ပွဲက ညွှန်းဆိုကြောင်း၊ ယင်းစစ်ပွဲအတွင်း ဟားမားစ်အဖွဲ့က အစ္စရေးနိုင်ငံကို ရော့ကက် ဒုံးကျည် အလုံးရေ ထောင်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပီတီအိုင်။

တိဘက်ဒေသကို ဖြတ်ကျော်ကာ နီပေါနယ်စပ်အထိ ဆက်သွယ်နိုင်မည့်အဝေးပြေးလမ်း တရုတ်နိုင်ငံဖွင့်လှစ်

ခတ္တမန္ဒူ စက်တင်ဘာ ၂၀

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ စတင်ပြီး တိဘက်ဒေသကို ဖြတ်ကျော်ကာ နီပေါနိုင်ငံနယ်စပ်ဒေသအထိ ဆက်သွယ်ထားသော အဝေးပြေးလမ်းသစ်သည် တိဘက်ဒေသ၏ ပထမဆုံးသော အဝေးပြေးလမ်းဖြစ်ကြောင်း တိဘက်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှန်ဟိုင်းမြို့မှ နီပေါနယ်စပ်အထိ ဆက်သွယ်ထားသော အဝေးပြေးလမ်းကို ဂျီ-၃၁၈ ဟု အမည်ပေးထားပြီး ၅၄၇၆ ကီလိုမီတာ အရှည်ရှိသည်။ တိဘက်-နီပေါအကြား ကုန်းလမ်းအရ ချိတ်ဆက်မှု တိုးတက်စေရန် တရုတ်နိုင်ငံက ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် မဟာဗျူဟာအရ အရေးပါသော အဝေးပြေးလမ်းကို တရုတ်နိုင်ငံက ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယင်းလမ်းကို လိုအပ်ပါက စစ်ရေးအရ အသုံးပြုနိုင်မည်ဟု ယူဆရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ရေးသားဖော်ပြသည်။

ကျီကွေ့ လေဆိပ်နှင့် ကျီကွေ့စီးတီးအကြား တိဘက်ဒေသရှိ ၄၀ ဒသမ ၄ ကီလိုမီတာ အရှည်ရှိ လမ်းပိုင်းကို စက်တင်ဘာ ၁၅ ရက်က အများပြည်သူအသုံးပြုနိုင်ရေးအတွက် တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ နီပေါနယ်စပ်ဒေသအထိ ခရီးပေါက်မည့် အမျိုးသားအဝေးပြေးလမ်းမကြီးနှင့် ချိတ်ဆက်ထားသော လမ်းပိုင်းတွင် ပြည်သူတို့ ကူးလူးသွားလာနိုင်ကြပြီဖြစ်သည်။

အဝေးပြေးလမ်းကို အသုံးပြုခြင်းဖြင့် အရပ်ဘက်ရော စစ်ဘက်ပါ အသုံးပြုနိုင်သည့် လေယာဉ်ကွင်းနှင့် တိဘက်ဒေသ၏ ဒုတိယအကြီးဆုံး မြို့ကြီးအကြား ခရီးသွားလာရချိန်ကို တစ်နာရီမှ နာရီဝက်သို့ လျှော့ချပေးနိုင်မည်ဆို၏။

အဝေးပြေးလမ်းဖောက်လုပ်ခြင်းဖြင့် တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးအရရော၊ ကာကွယ်ရေးအရပါ အရေးပါပြီး တောင်အာရှဒေသသို့ ဆက်သွယ်နိုင်မည့် လမ်းတစ်လမ်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် ဂလိုဘယ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသည် နီပေါနိုင်ငံ၏ နယ်စပ်ဒေသနှင့်ချိတ်ဆက်ပေးမည့် ရထားလမ်းတစ်လမ်း ဖောက်လုပ်နိုင်ရန်အတွက်လည်း အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပီတီအိုင်။

၂၀၁၆ ခုနှစ်တွင် ကလေးလုပ်သား သန်း ၁၅၀ ကျော်ရှိ

ကုလသမဂ္ဂ စက်တင်ဘာ ၂၀

၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ ကလေးလုပ်သားဦးရေ သန်း ၁၅၀ ကျော်ရှိကြောင်း ကုလသမဂ္ဂအလုပ်သမားအေဂျင်စီက ဆိုသည်။

ယခုအရေအတွက်သည် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၁၀ ဦးတွင် တစ်ဦးနှုန်းသည် ကလေးလုပ်သားဖြစ်နေသည်ကို ပြသနေသည်။

စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံတကာအလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) က ကမ္ဘာတစ်ဝန်းရှိ ကလေးလုပ်သားအရေအတွက်နှင့်ပတ်သက်ပြီး အစီရင်ခံစာ တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးလုပ်သားဦးရေ ၁၅၂ သန်းနီးပါးရှိကြောင်း သိရသည်။ ယင်းတို့အနက် ကလေးငယ်ထက်ဝက်နီးပါးသည် ကျန်းမာရေး၊ လုံခြုံရေးနှင့် စိတ်ဓာတ်ရေးရာ ပျက်စီးစေနိုင်သည့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သည့် ကလေးလုပ်သားအရေအတွက်သည် ၂၀၁၂ ခုနှစ်တွင် ကောက်ယူခဲ့သည် အရေအတွက် ထက်ပိုမိုလျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။

သို့သော် အဆိုပါအရေအတွက်သည် ကလေး ၁၀ ယောက်တွင် တစ်ဦးသည် ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေရကြောင်း အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားသည်။

ကလေးလုပ်သားအမြင့်ဆုံး အရေအတွက်သည် အာဖရိကနိုင်ငံများတွင်ဖြစ်ပြီး ကလေးငယ် ၇၂ သန်းကျော်သည် လုပ်ငန်းခွင် အမျိုးမျိုးတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည်။ အာရှနှင့်ပစိဖိတ်နိုင်ငံများတွင် ကလေးငယ် ၆၂ သန်းခန့်သည် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြသည်။

လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း ကလေးလုပ်သားဦးရေသိသာစွာ လျော့ကျသွားခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကလေးလုပ်သား ကင်းစင်ပပျောက်ရေး ရည်မှန်းချက်ထားကာ လုပ်ဆောင်လျက်ရှိသည်ဟု နိုင်ငံတကာ အလုပ်သမားအဖွဲ့(အိုင်အယ်လ်အို)က ဆိုသည်။

အင်န်အိတ်ချ်ကေ။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဂျပန်ကိုယ်ပိုင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဂျပန်ကိုယ်ပိုင်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General. Koji Yamazaki နှင့် ယနေ့နံနက်ပိုင်းတွင် ဆိုးလ်မြို့ Grand Hyatt Hotel, Bilateral Meeting Room ၌ တွေ့ဆုံဆွေးနွေးသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ လူသားချင်း စာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief) ဆိုင်ရာနယ်ပယ်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များ၊ လက်ရှိရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ဖြစ်ရပ်မှန်များကို ရှင်းလင်းပြောကြားသည်။

ဂျပန်ကိုယ်ပိုင် တပ်မတော်ကြည်းတပ်ဦးစီးချုပ် General.Koji Yamazaki က မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တည်းခိုရာ Grand Hyatt Hotel, Nansam Hall ၌ ကျင်းပသော ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Lee Nak- Yeon က အာရှ-ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှဝန်ထမ်းများ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက် ဝန်ထမ်းများ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ လည်းကောင်း၊ **(ယာပုံ)** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ လည်းကောင်း ကျင်းပသည်။

ဘိုးဝဇီရခန်းမ၌ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအနေဖြင့် မိမိတို့သတင်းစာကို သိက္ခာသမာဓိနှင့်ပြည့်စုံပြီး စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ မှန်ကန်မျှတသည့် သတင်းစာများအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူ့အသံ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသံ၊ နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်များကို ထည့်သွင်းဖော်ပြပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ နေ့စဉ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ဖိအားများကိုလည်း ကြုံတွေ့နိုင်ပြီး နေ့စဉ်ထုတ်သတင်းစာများဖြစ်ခြင်းကြောင့် အချိန်နှင့် တစ်ပြေးညီ စုပေါင်းဆောင်ရွက်နေကြရသည်ဖြစ်ရာ မတော်တဆ အမှားအယွင်းများ ကြုံတွေ့ရတတ်သည့်အတွက် အမှားအယွင်းကင်းစင်စေရေး အားလုံးဝိုင်းဝန်းအဖြေရှာကာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် စာအုပ်ထုတ်ဝေရေးနှင့် ပုံနှိပ်ရေးလုပ်ငန်းများတွင် အဆင့်အတန်းပြည့်မီသည့် ထုတ်လုပ်မှုများ၊ ပုံနှိပ်မှုများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြင်ပမှ လုပ်ငန်းများနှင့် ရင်ပေါင်တန်း၍ ထုတ်လုပ်မှုအဆင့်အတန်းကို မြှင့်တင်နိုင်ရေးဆောင်ရွက်သွားရန် မှာကြားပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ စာပေဗိမာန်သည် ပြင်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိပါကြောင်း၊ မကြာမီ ပုံနှိပ်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းကာ ဆွေးနွေးပွဲများ ကျင်းပသွားရန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ပြန်လည်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နိုင်ငံတော်၏ တစ်ခုတည်းသော ရုပ်သံမီဒီယာအနေဖြင့် ရပ်တည်ခဲ့ရာမှ လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်က စတင်ပြီး ပုဂ္ဂလိက မီဒီယာနှစ်ခုကို စတင်လမ်းဖွင့်ပေးခဲ့ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲနိုင်ရေး သေချာစဉ်းစား လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ နည်းပညာများကို ကြည့်ရှုလေ့လာပြီး ပြောင်းလဲလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ မီဒီယာတစ်ခုအနေဖြင့် ခိုင်မာစွာတည်ရှိစေလိုပါကြောင်း၊ ပြည်သူဗဟိုပြုမီဒီယာအဖြစ် ရပ်တည်မလား၊ အစိုးရမီဒီယာအနေဖြင့် ရပ်တည်သွားမလား၊ နည်းလမ်းနှစ်ခုလုံးဖြင့် ရပ်တည် သွားမလားဆိုသည်ကို ဆွေးနွေးနေကြဆဲဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံမှုသည် လတ်တလော လုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပိုမိုအဆင်ပြေကောင်းမွန်စေရန် ရည်ရွယ်တွေ့ဆုံခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆွေးနွေးမှုများအပေါ် လတ်တလော ဆောင်ရွက်သွားမည့်အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်တွင်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးသွားမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာ Lu Kang ပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို သိရှိနားလည်ကာ မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကူညီမည်ဟု မျှော်လင့်ပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာ Lu Kang က စက်တင်ဘာ ၁၉ ရက်က ပြောကြားလိုက်သည်။

မစ္စတာ Lu Kang က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပုံမှန်ပြုလုပ်နေကျ သတင်းစာရှင်းလင်းပွဲတွင် စက်တင်ဘာ ၁၉ ရက်က မြန်မာနိုင်ငံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းအပေါ် တရုတ်နိုင်ငံ၏ အမြင်သဘောထားကို မေးမြန်းသော သတင်းမီဒီယာ၏ မေးခွန်းအပေါ် ပြန်လည်ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းက တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အထောက်အပံ့များကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ မစ္စတာ Lu Kang ၏ ဖြေကြားမှုကို တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ website တွင် ဖော်ပြထားပြီး အဆိုပါဌာန၏ website လိပ်စာဖြစ်သည့် http://www.fmprc.gov.cn တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ရှင်မင်း)

ပညာရေးဘွဲ့ စာပေးစာယူအနီးကပ်သင်တန်း ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် အောက်တိုဘာသင်တန်းကာလနှင့် ဧပြီ၊ မေ သင်တန်းကာလတို့နှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၆) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၃၅) ဒုတိယနှစ်သင်တန်းများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ၊ ဧပြီ၊ မေသင်တန်းကာလ ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိ သင်တန်းများကို နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၇ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလ နှစ်ကြိမ်တက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက် (စနေနေ့)နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)တို့တွင် ရန်ကုန် ပညာရေးတက္ကသိုလ် စာပေးစာယူသင်တန်းဌာန၌ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းတွင်းနှင့် မြစ်သာ မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ မြစ်သာမြစ်ရေသည် ပြင်သာ(ကလေးမြို့)တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(ကြေးမုံ)

ငြိမ်းချမ်းသာယာသော ကမ္ဘာကြီး ဖြစ်ပါစေ

မောင်သောင်းဝင်း(တမန်တောင်း)

ငြိမ်းချမ်းရေးဆိုသောစကားသံသည် လူသားတိုင်း၏စိတ်နှလုံးကိုချမ်းမြေ့စေသည်မှာ အမှန်ပင်ဖြစ်သည်။ စိုးရိမ်ကြောက်လန့်မှု၊ အကြမ်းဖက်မှု၊ ပဋိပက္ခနှင့်စစ်ပွဲများ၏အန္တရာယ်မှ ကင်းဝေးနေမည်ဆိုလျှင် ငြိမ်းချမ်းမှုရှိသည်ဟု ဆိုသည်။ တည်ငြိမ်အေးချမ်းမှုကို လူသားတိုင်း လိုလားကြသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် လက်ရှိအချိန်အထိ ပဋိပက္ခနှင့် ပြည်တွင်းစစ်ဒဏ်များကို ခါးစည်းခံစားနေရဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်နေရသည်။ ဆိုလိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိနေသော ဝန်းကျင်၌သာ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းနိုင်လေ့ရှိကြသည်။ သာဓကအနေဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးကာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ရရှိနေသော ကမ္ဘာ့နိုင်ငံများသည် ရှေးဦးစွာ ငြိမ်းချမ်းရေးကို ခိုင်မာအောင် တည်ဆောက်ထားခဲ့ကြရသည်။

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့

နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ဟုလည်းခေါ်ဆိုကြသည်။ ထိုနေ့ကို ၁၉၈၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ မူလက ကုလသမဂ္ဂအထွေထွေညီလာခံဖွင့်ပွဲနေ့ဖြစ်သည့် စက်တင်ဘာလ တတိယပတ် အင်္ဂါနေ့တွင် ကျင်းပခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အခမ်းအနားများ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပွဲတော်များကို တစ်ပြိုင်တည်းကျင်းပလျက်ရှိသည်။

ရည်ရွယ်ချက်

ထိုနေ့ကိုတစ်ကမ္ဘာလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးနှင့် အကြမ်းမဖက်ရေးနေ့အဖြစ်လည်း ကြေညာထားရှိသည်။ ထိုနေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတီးလိုက်သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ စစ်မက်ဖြစ်ပွားနေသော နေရာများတွင် အခိုက်အတန့်အားဖြင့် အပစ်အခတ်ရပ်စဲထားလေ့ရှိသည်။ ထိုအချိန်တွင် စစ်ဘေးဒဏ်သင့်ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားသော အကူအညီများ ပေးပို့မည်ဖြစ်သည်။

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်သည် "Together for Peace: Respect, Safety and Dignity for All." "လေးစားတန်ဖိုးထားမှု၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကိုမြှင့်တင်ပေးနိုင်သော ငြိမ်းချမ်းရေးကိုအတူတကွ တည်ဆောက်ကြပါစို့" ဟု ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ စစ်ပွဲများကြောင့် နေရပ်စွန့်ခွာရလျက် ပိုမိုအေးချမ်းသောဘဝကို တည်ဆောက်နိုင်ရန်ရှာဖွေနေကြသည့် ပြည်သူအားလုံးကို လေးစားတန်ဖိုးထားရေး၊ ဘေးကင်းလုံခြုံမှုပေးရေးနှင့် ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်စေရေးတို့အတွက် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်ဖြစ်သည်။

ယခုနှစ်အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများကို လူသားချင်း စာနာထောက်ထားသော အကူအညီများပေးနိုင်ရန် ကမ္ဘာတစ်ဝန်းရှိပြည်သူများကို လှုံ့ဆော်စည်းရုံး ဆောင်ရွက်သွားမည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံမှ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် မတူကွဲပြားမှုများနှင့် တန်းတူညီမျှဆက်ဆံမှုတို့ကို အခြေခံလျက် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကို အသိအမှတ်ပြုလက်ခံနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေဆဲနိုင်ငံများ

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင်ပြီးဆုံးသွားသော်လည်း အချို့သောကမ္ဘာ့နိုင်ငံများသည် ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းစစ်မီးများ တောက်လောင်နေဆဲပင်ဖြစ်သည်။ ဤဆောင်းပါးတွင်ဖော်ပြထားသည့်နိုင်ငံများသည် ၎င်းတို့နှင့်ယှဉ်တွဲပါခုနှစ်များမှသည် ယနေ့အချိန်အထိ ပြည်တွင်းပဋိပက္ခနှင့်စစ်မီးများ၏ဒဏ်ကို ခါးစည်းခံနေရဆဲဖြစ်သည်။ ထိုနိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုကိုအပြည့်အဝဖော်ဆောင်နိုင်ခြင်းမရှိသေးချေ။ ရလဒ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်နေရပါသည်။ သင်ခန်းစာယူသင့်သောအချက်ပင်ဖြစ်သည်။

သာဓကအနေဖြင့် မြန်မာနိုင်ငံပြည်တွင်းပဋိပက္ခ(၁၉၄၈)၊ ပါပူဝါပဋိပက္ခ(၁၉၆၂)၊ ကိုလမ်ဘီယာ ပဋိပက္ခ(၁၉၆၄)၊ အာဖဂန်နစ္စတန်ပြည်တွင်းစစ်(၁၉၇၈)၊ ပီရူးပဋိပက္ခ(၁၉၇၈)၊ ကာဒ့်နှင့်တူရကီပဋိပက္ခ (၁၉၇၈)၊ ဆိုမာလီပြည်တွင်းစစ်(၁၉၈၈)၊ ဒါဖာစစ်ပွဲ(၂၀၀၃)၊ ပါကစ္စတန်မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိစစ်ပွဲများ(၂၀၀၄)၊ ပါရာဂွေးပြည်သူ့တပ်မတော်သောင်းကျန်းမှု(၂၀၀၅)၊ ဆူဒန်ပြည်တွင်းစစ်(၂၀၀၉)၊ ဆီးရီးယားပြည်တွင်းစစ် (၂၀၁၁)၊ ဗဟိုအာဖရိကပဋိပက္ခ(၂၀၁၂)၊ တောင်ဆူဒန်ပြည်တွင်းစစ်(၂၀၁၃)၊ အီရတ်ပြည်တွင်းစစ် (၂၀၁၄)၊ လစ်ဗျားပြည်တွင်းစစ် (၂၀၁၄)နှင့် ယီမင်ပြည်တွင်းစစ် (၂၀၁၅)ခုနှစ်တို့ဖြစ်ကြသည်။ ဆိုခဲ့ပါနိုင်ငံများအနက် မြန်မာနိုင်ငံသည် ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုအရှည်ကြာဆုံးနိုင်ငံဖြစ်နေသည်။ ကျွန်ုပ်တို့ပြည်သူများအားလုံး ဆင်ခြင်သင်ခန်းစာယူသင့်သောအချက်ပင်ဖြစ်သည်။

သေကျေဆုံးရှုံးရမှုများ

အချို့သော ကမ္ဘာ့နိုင်ငံများတွင် ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများကြောင့် လူပေါင်းများစွာ သေကျေဆုံးရှုံးရလျက်ရှိသည်။ သာဓကအနေဖြင့် ၁၉၇၈ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့သော အာဖဂန်နစ္စတန်ပြည်တွင်းစစ်ကြောင့် ယနေ့အချိန်အထိ အပြစ်မဲ့ပြည်သူနှစ်သန်းနီးပါး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ထို့အပြင် ၂၀၀၆ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော မက္ကဆီကို မူးယစ်စစ်ပွဲကြောင့် ယနေ့အချိန်အထိ အပြစ်မဲ့ပြည်သူ ၁၄၀၀၀၀ ကျော်ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။ အလားတူ ၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ဆီးရီးယားပြည်တွင်းစစ်ကြောင့် ယနေ့အချိန်အထိအပြစ်မဲ့ပြည်သူ ၄၇၀၀၀၀ ခန့်သေဆုံးခဲ့ရပြီးဖြစ်သည်။ ထိုနည်းတူစွာ ၂၀၁၄ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော အီရတ်ပြည်တွင်းစစ်ကြောင့် အပြစ်မဲ့ပြည်သူ ၆၅၀၀၀ ကျော်ခန့်သေဆုံးခဲ့ရပြီးဖြစ်သည်။ ထိုနိုင်ငံများတွင် တရားဥပဒေစိုးမိုးမှုနှင့်တည်ငြိမ်အေးချမ်းမှု မတည်ဆောက်နိုင်သေးသောကြောင့် တန်ဖိုးရှိသော လူ့အသက်များ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများ

၂၁ ရာစု မျက်မှောက်ကမ္ဘာကြီးကို အဓိကခြိမ်းခြောက်လျက်ရှိသည်မှာ သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်များဖြစ်ကြသည်။ အထူးသဖြင့် အစွန်းရောက်အကြမ်းဖက်သမားများသည် ကမ္ဘာ့နိုင်ငံအားလုံးကို ခြိမ်းခြောက်လျက်ရှိကြသည်။ လုံခြုံရေးအစီအမံကောင်းသည့်အင်အားကြီးနိုင်ငံများသည်ပင်လျှင် အကြမ်းဖက်တိုက်ခိုက်ခံရလျက်ရှိသည်။ ၂၀၁၆ ခုနှစ် အတွင်း ကမ္ဘာတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှု ၁၃၄၈၈ ကြိမ်အထိဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၄၆၇၆ ဦးနှင့် ဒဏ်ရာရရှိသူ ၃၉၈၅၁ ဦးအထိရှိခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းလောက်သည့် ကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရရှိခဲ့ရသည်။ မိသားစုများ ပူဆွေးသောကရောက်ခဲ့ရသည်။ များစွာသောအရင်းအမြစ်များ ဆုံးရှုံးခဲ့ရသည်။

ငြိမ်းချမ်းသာယာသောကမ္ဘာကြီးဖြစ်ဖို့ဆိုလျှင်

ကမ္ဘာတစ်ဝန်းတွင် ဒေသ၊ လူမျိုး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မတူညီသောနောက်ခံအကြောင်းတရားများကြောင့် အတွေးအခေါ်များ၊ စနစ်များကွဲပြားလျက်ရှိသည်မှာ သဘာဝပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်အေးတိုက်ပွဲများမှ စတင်ခဲ့သော မတူကွဲပြားမှုများကိုအခြေခံကာ အချို့သော ကမ္ဘာ့နိုင်ငံများသည် ယနေ့အချိန်အထိ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သေးပေ။ ထို့အပြင် အင်အားကြီးနိုင်ငံများ၏ မလိုတစ်မျိုး၊လိုတစ်မျိုးဆက်ဆံသောဝါဒကြောင့်လည်း အချို့သော နိုင်ငံများသည် ပြည်တွင်းစစ်မီးများ တောက်လောင်လျက်ရှိနေဆဲပင်ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းသာယာသောကမ္ဘာမြေကြီးဖြစ်လာဖို့ဆိုလျှင် အစွန်းရောက်အတွေးအခေါ်များကို ဦးစွာလျှော့ချသွားရန် လိုအပ်မည်ထင်ပါသည်။ အင်အားကြီးနိုင်ငံများသည် ကိုယ်ကျိုးအတွက် နိုင်ငံငယ်များကို အသုံးချနေမည်ဆိုလျှင် ထိုနိုင်ငံများတွင် ပြည်တွင်းပဋိပက္ခများ၊ စစ်မီးများသာ တောက်လောင်နေပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အဖွဲ့အစည်းများ၊ အင်အားကြီးနိုင်ငံများနှင့် ဩဇာတိက္ကမကြီးမားသူများသည် ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပေသည်။

ခြုံ၍တင်ပြရလျှင် စက်တင်ဘာလ ၂၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ သို့မဟုတ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းပဋိပက္ခများနှင့်စစ်ပွဲများ ချုပ်ငြိမ်းရေးရည်မှန်းချက်များဖြင့် ထိုနေ့ကို ကျင်းပခြင်းဖြစ်သည်။ သို့သော် ယနေ့အချိန်အထိ အချို့သောနိုင်ငံများသည် ပြည်တွင်းပဋိပက္ခများနှင့် ပြည်တွင်းစစ်များဖြစ်ပွားနေဆဲဖြစ်သည်။ ထို့အပြင် အစွန်းရောက်အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကိုလည်း ခါးစည်းခံနေကြရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြား အချင်းချင်းရိုင်းပင်းကူညီမှုဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းပဋိပက္ခများကြောင့် နေရပ်စွန့်ခွာလာရသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကိုလည်း လေးစားတန်ဖိုးထား ကူညီစောင့်ရှောက်မှုများပြုလုပ်သွားရန် လိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာသူ၊ ကမ္ဘာသားများသည် စိုးရိမ်ကြောက်လန့်မှု၊ အကြမ်းဖက်မှု၊ ပဋိပက္ခနှင့်စစ်ပွဲများ၏အန္တရာယ်မှကင်းဝေးသည့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးကိုတည်ဆောက်သွားနိုင်ကြပါစေ။ ။

> "နေရပ်စွန့်ခွာလာရသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကိုလည်း လေးစားတန်ဖိုးထား ကူညီစောင့်ရှောက်မှုများ ပြုလုပ်ရန်လို . . ."

သတင်းမီဒီယာကောင်စီဘာလုပ်နေလဲ၊ ဘာလုပ်သင့်လဲ(၃)

ဘိုးလှိုင်

သတင်းမီဒီယာကောင်စီ(ယာယီ)မှာရော လက်ရှိကောင်စီမှာပါ ကျွန်တော်ဟာ တိုင်ကြားမှုများ ဖြေရှင်းရေးဆပ်ကော်မတီမှာ ပါဝင်တဲ့အတွက် ငါးနှစ်နီးပါးတိုင်ကြားမှုများနဲ့သက်ဆိုင်တဲ့ အတွေ့အကြုံရှိပါတယ်။ တိုင်ကြားမှုနှစ်မျိုးတွေ့ရပါတယ်။

(၁) **မီဒီယာသမားက တိုင်ကြားသော၊ အကူအညီတောင်းသောကိစ္စ**

(၂) **တစ်သီးပုဂ္ဂလများက မီဒီယာအပေါ် တိုင်ကြားသောကိစ္စများ ဖြစ်ပါတယ်။**

ရှေးဦးစွာ ပထမအမျိုးအစား သတင်းမီဒီယာသမားက တိုင်ကြားသော၊ အကူအညီတောင်းသော အတွေ့အကြုံကို တင်ပြပါမယ်။

၁။ အယ်ဒီတာကြီးအကူအညီတောင်းသောကိစ္စ

သတင်းမီဒီယာကောင်စီက ဘာမှမလုပ်ဘူး သို့မဟုတ် အားမကိုးရဘူးဟု ထင်မြင်နေသူများသိစေရန် ရှေးဦးစွာ သတင်းစာဆရာကြီး ဦးမြတ်ခိုင်က တိုင်ကြားလာတဲ့ကိစ္စကို တင်ပြပါမယ်။ ဦးမြတ်ခိုင်ကို အစိုးရက တရားစွဲတဲ့အမှုအတွက် ဖြစ်ပါတယ်။ ဘာကြောင့်တရားစွဲတယ်ဆိုတာ တချို့လည်း မှတ်မိကြမှာပါ။ ၉-၆-၂၀၁၂ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ် အတွဲ (၃) အမှတ်(၉၁)မှာ မေ ၂၈ ရက်က ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စုမှာ ဖြစ်ပွားခဲ့တဲ့ လူသုံးဦးက အဓမ္မပြုကျင့်ပြီး အသတ်ခံရတဲ့ မသီတာထွေးရဲ့ အခင်းဖြစ်နေရာမှာ သေဆုံးနေတဲ့ ဓာတ်ပုံကို စာပေစိစစ်နဲ့ မှတ်ပုံတင်ဌာနကို ကြိုတင်တင်ပြမှုမရှိဘဲ ထည့်သွင်းခဲ့တာကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ခံပြီး တရားစွဲဆိုတဲ့အမှုဖြစ်ပါတယ်။ အမှုရုပ်သိမ်းပေးဖို့အတွက် သတင်းမီဒီယာကောင်စီ (ယာယီ)ကို တိုင်ကြားခြင်းဆိုတာထက် အကူအညီတောင်းခြင်းဟုဆိုရင် ပို၍မှန်ပါမယ်။ ဦးမြတ်ခိုင်ကို ယာယီကောင်စီက ဖိတ်ခေါ်ပြီး မေးမြန်းပါတယ်။ "ဆရာတို့ မကူညီနိုင်ဘူးဆိုတာ သိပါတယ်။ သို့သော်လည်း ကျွန်တော့်ဘက်က ကောင်စီကို အကူအညီတောင်းသင့်တယ်ထင်လို့ အကူအညီတောင်းတာပါ"လို့ သူကဆိုတယ်။

တိုတိုပြောရရင် ဦးမြတ်ခိုင်အပေါ် စွဲဆိုထားသော အမှုကို(ဖြစ်နိုင်ရင်)ကျေအေးပြီး ရုပ်သိမ်းပေးဖို့ သက်ဆိုင်ရာကို ယာယီကောင်စီက ကြားဝင်မေတ္တာရပ်ခံဖို့ ဆုံးဖြတ်ပါတယ်။ ဆုံးဖြတ်တဲ့အတိုင်း လုပ်ပါတယ်။ ဥက္ကဋ္ဌ ဦးခင်မောင်အေးနဲ့အတူ ကျွန်တော်နဲ့ အခြားတစ်ယောက်လိုက်ပါပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနဲ့ တွေ့ဆုံပြောဆိုပါတယ်။ ဝန်ကြီးချုပ်က "ယခုကိစ္စမှာ မိမိနဲ့မပြီးပါ။ သက်ဆိုင်ရာကို တင်ပြပေးပါမယ်။ ခုနစ်ရက်အတွင်း အဖြေမရရင် မိမိဆောင်ရွက်မပေးနိုင်တဲ့အမှုဖြစ်ကြောင်း နားလည်ပေးပါ"ဟု ပြန်ပြောလို့ ကျွန်တော်တို့ ကျေနပ်ပြီး ပြန်လာရပါတယ်။ ခုနစ်ရက်မက ကြာသော်လည်း ဝန်ကြီးချုပ်ထံမှ အဖြေမရ။ သူတတ်နိုင်တဲ့ကိစ္စမဟုတ်လို့ ဆိုတာ နားလည်ရပါတယ်။ ၇-၉-၂၀၁၂ ရက်နေ့မှာ ပုဒ်မ ၅၀၅ (ခ) (ဂ) တို့အရ အပြစ်ရှိတယ်လို့ ယူဆတဲ့အတွက် စွဲချက်တင်ကြောင်း ဆုံးဖြတ်ခဲ့ပေမယ့် နောက်တော့ ၃၀-၁၂-၂၀၁၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ အမှုကနေလွတ်သွားတာလို့ သိရပါတယ်။ "ထောင်ကျဖို့ သေချာကြောင်း၊ လွတ်ငြိမ်းခွင့်ရနိုင်ကြောင်း" ဦးမြတ်ခိုင်က ကျွန်တော့်ကို ပြောသွားတာကို မှတ်မိနေပါတယ်။

၂။ တိုင်းဒေသကြီးတစ်ခုမှ ရုပ်သံသတင်းထောက်အမှု

ဌာနဆိုင်ရာ ရုံးခန်းတစ်ခုမှာ ရုပ်သံသတင်းထောက်က ကျင့်ဝတ်တိတိကျကျမလိုက်နာဘဲ သတင်းယူတဲ့အတွက် တာဝန်ဝတ္တရားနှောင့်ယှက်မှုနဲ့ ရုံးတော်မှာတရားစွဲခံရပါတယ်။ ခွင့်ပြုချက်မရဘဲ သူကရုံးခန်းအတွင်း ဇွတ်အတင်းမေးမြန်းစုံစမ်း၊ ဓာတ်ပုံရိုက်တယ်လို့ဆိုပါတယ်။ ဤအမှုကို တရားရုံးက မြန်မြန်စစ်ဆေးပြီး စွဲချက်တင်လိုက်ပါတယ်။ စွဲချက်တင်ပြီးခါမှ သတင်းထောက်က ကျွန်တော့်အမှုမှာ ဝင်ကူညီပါဦးလို့ ယာယီကောင်စီကို အကူအညီတောင်းလာပါတယ်။

အကူအညီတောင်းတဲ့ သတင်းထောက်နဲ့ ယာယီကောင်စီရဲ့ တိုင်ကြားမှုဖြေရှင်းရေးကော်မတီ တွေ့ဆုံပါတယ်။ ဥက္ကဋ္ဌ ဦးခင်မောင်အေးကိုယ်တိုင်နဲ့ ကျွန်တော်လည်း ပါဝင်ပါတယ်။ စတင်မေးမြန်းစဉ် သူနဲ့အတူပါတဲ့ ဗီဒီယိုရိုက်ကူးရေးသမားက ကျွန်တော်တို့စကားဝိုင်းကို ဗီဒီယိုရိုက်ပါတော့တယ်။ နှစ်မိနစ်ခန့်ကြာသွားတယ်လို့ ထင်ပါတယ်။ "ဘာလုပ်တာတုန်း။ ဒီအခန်းမှာ ဗီဒီယိုမရိုက်ရဘူး။"

သို့သော် အချိန်အခါက သတင်းမီဒီယာလွတ်လပ်ခွင့် အတော်များများ ရခါစအချိန်ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် သတင်းထောက်ကို ထောင်မကျစေချင်တာ ကျွန်တော်တို့ စေတနာဖြစ်ပါတယ်။ ပြီးတော့ သတင်းထောက်ဘက်က နည်းနည်းလွန်ထားပုံရတယ်လို့ ကျွန်တော်တို့ သုံးသပ်မိပါတယ်။ "အေးကွာ တို့ ဝင်စွက်ဖက်ခွင့်မရှိပေမယ့် ဒီလိုလုပ်ရင်တော့ တို့ကြားဝင်ပေးနိုင်စရာ လမ်းစရှိတယ်။ မင်းဘက်က သင့်တင့်တဲ့ စကားအသုံးအနှုန်းနဲ့ သက်ဆိုင်ရာ (တရားလို) ပုဂ္ဂိုလ်များကို တောင်းပန်လိုက်ပါ။ မင်းက တောင်းပန်မယ်ဆိုရင် တရားလိုအရာရှိတွေကို တို့မသိပေမယ့် စုံစမ်းဆက်သွယ်ပြီး မင်းအပေါ် တရားစွဲထားတဲ့အမှုကို ကျေအေးရုပ်သိမ်းပေးဖို့ တို့ဝင်ပြောပေးမယ်။ မင်းသဘောတူမလား"။ ဤသဘောပါသော စကားကို ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးက ပြောပါတယ်။

အကူအညီတောင်းသူသတင်းထောက်က "တောင်းပန်မယ်၊ မတောင်းပန်ဘူး" ယတိပြတ်အဖြေမပေးပါ။ တွေဝေနေပါတယ်။

တရားစွဲ၊ ရုံးရောက်ပြီး အမှုရင်ဆိုင်ကြရင်ဖြင့် ဘယ်သူမှ ကောင်းကျိုးခံစားခွင့်မရှိလေတော့ တောင်းပန်ခြင်းဖြင့် ပြေလည်တာအကောင်းဆုံးပါပဲ။ ယဥ်ကျေးတဲ့ပြဿနာဖြေရှင်းမှုကို သတင်းမီဒီယာကောင်စီက ၂၄-၈-၂၀၁၇ ရက်နေ့မှာ ဆောင်ရွက်လိုက်ပါတယ်။ ယခင်က လုပ်ဆောင်ခဲ့တာတွေလည်း အရေးအတွက်မနည်းလှပါဘူး။ မသိကြလို့ပါ။

"ကျွန်တော်တို့ သတင်းယူတာပါ" အကူအညီတောင်းသူ သတင်းထောက်က ပြန်ပြောပါတယ်။

"အခုရပ်ပါ။ ဒီအခန်းမှာ ဗီဒီယိုရိုက်ခွင့်မရှိဘူး။ ပြင်ပကို ပေါက်ကြားလို့မရတဲ့စကားတွေ ပါချင်ပါမယ်။ ဒါအလုပ်ခွင်၊ ရုံးခန်းထဲမှာ အလုပ်လုပ်နေတာ၊ သတင်းယူခွင့်ပြုထားတဲ့ အစည်းအဝေးမဟုတ်ဘူး"ဟု ကျွန်တော်ပြောပြီး တားမြစ်ပါတယ်။

"ကျွန်တော်တို့ သတင်းယူတာပါ"ဆိုပြန်တယ်။

"သတင်းယူချင်ရင် ဒီကပြီးလို့ထွက်လာတဲ့အခါမှာ အခန်းပေါက်က စောင့်မေးနိုင်တယ်။ ဒီအခန်းထဲမှာ သတင်းမယူရဘူး။ အခုရိုက်ပြီးသမျှ ဗီဒီယိုကိုလည်း သတင်းပြဖို့ မသုံးနဲ့နော်"ဟု ထပ်ပြောပါတယ်။

"ဟုတ်ကဲ့မလွှင့်ပါဘူး" ကတိပေးသွားပါတယ်။

သို့သော်ရိုက်ပြီးသမျှ ဗီဒီယိုကို သူ၏သတင်းဌာနက လွှင့်ဖြစ်အောင် လွှင့်လိုက်ကြောင်း ကြားရပါတယ်။ ကိုယ်တိုင်မြင်တာတော့မဟုတ်ပါ။

သတင်းထောက်ကို ကျွန်တော်တို့ မေးမြန်းပါတယ်။ ကြားပြီးသမျှ သတင်းများအရရော သူ့စကားအရပါ သူ့ဘက်က လွန်သွားသည်ဟု ကျွန်တော်တို့ သဘောရပါတယ်။ ဒါပေမယ့် ထိုအချိန်တွင် ကျွန်တော်တို့ သဘောထားက အရေးမပါပါ။ တရားရုံးက စွဲချက်တင်ပြီးနေပြီဖြစ်လို့ ယာယီကောင်စီအနေနဲ့ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။

ဒါကြောင့် ယာယီကောင်စီအနေနဲ့ တရားရုံးက စစ်ဆေးဆဲအမှုမှာ ဝင်ရောက်စွက်ဖက်၍ မရကြောင်း သူ့ကို ပြောပြပါတယ်။

"အေး၊ ဒီလိုဆိုရင် မင်းမြို့ကိုပြန်ပြီး အေးအေးဆေးဆေး စဉ်းစားဦး။ တောင်းပန်မယ်ဆိုရင် ဒီကိုစာရေးလိုက်။ တို့ပါ ကြားဝင်တောင်းပန်ပြီး ကျေအေးဖို့ပြောပေးမယ်"ဟု သူ့ကို မှာလိုက်ပါတယ်။

သတင်းထောက်က သူရဲ့မြို့(တိုင်းဒေသကြီးရုံးစိုက်မြို့)ကို ပြန်သွားပါတယ်။ သူ့ထံမှ နောက်ထပ်စာ (သတင်းဘာမှ)မလာပါ။ သတင်းထောက် ထောင်ဒဏ်ခြောက်လ ကျခံရကြောင်း သတင်းကိုသာ ကျွန်တော်တို့ သိလိုက်ရပါတယ်။

သတင်းမီဒီယာကောင်စီ(ယာယီ)ဘက်မှ အားနည်းချက်

ယခုဖော်ပြတဲ့ ဆောင်ရွက်မှုများနဲ့ပတ်သက်ပြီး သတင်းမီဒီယာကောင်စီ(ယာယီ)ဘက်မှ အများသိအောင် ဆောင်ရွက်ချက်ကို ကြေညာချက်မထုတ်ပြန်ခဲ့ပါ။ ထို့ကြောင့် တတ်နိုင်သလောက် ကူညီဖို့ ကြိုးစားခဲ့တာကို လူမသိပါ။

ထိခိုက်နစ်နာသူတို့၏ တိုင်ကြားမှုအချို့

၂၄-၈-၂၀၁၇ ရက်နေ့မှာ လတ်လတ်ဆတ်ဆတ် ဖြေရှင်းပေးလို့ ပြေလည်သွားတဲ့ တိုင်ကြားမှုတစ်ခု ကြုံတွေ့ရလို့ သတင်းမီဒီယာကောင်စီဝင်များ ဝမ်းသာကျေနပ်ကြတဲ့အကြောင်း ဦးဦးဖျားဖျားတင်ပြချင်ပါတယ်။ တိုင်ကြားသူက စီးပွားရေးလုပ်နေတဲ့ ခပ်ရွယ်ရွယ်အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ သူ့ဂုဏ်သိက္ခာ ထိခိုက်အောင် ဂျာနယ်တစ်စောင်က သတိလက်လွတ် ကျင့်ဝတ်ငြိစွန်းတဲ့ပုံစံနဲ့ ဆောင်းပါး (ပုံပြင်)တစ်ပုဒ်ကို သူ့ဓာတ်ပုံနဲ့ဖော်ပြထားတဲ့အကြောင်း၊ သူ့အတွက် အလွန်နစ်နာကြောင်း တိုင်ကြားလာပါတယ်။ ပုံပြင်မဟုတ် တကယ်ဖြစ်လို့ဆိုတဲ့ သိရတဲ့ဇာတ်လမ်းက နယ်စပ်ဒေသက မိန်းမငယ်ရဲ့ ရင်နင့်ဖွယ်အဖြစ်ဆိုး။ ယှဉ်တွဲထည့်တဲ့ဓာတ်ပုံက တိုင်ကြားလာသူ မိန်းကလေးရဲ့ပုံ၊ ဘာမဆိုင်ညာမဆိုင်သုံးထားတဲ့ဓာတ်ပုံဖြစ်ပြီး မျက်လုံးအစုံကို မင်တုံးဖိပြီး ဖုံးတော့ဖုံးပါရဲ့၊ ဒါပေမယ့် မလုံမခြုံဖုံးထားတာဖြစ်လို့ ဘယ်သူဘယ်ဝါ သိသာနေဆဲဖြစ်နေတယ်။

ဇာတ်လမ်းပို့ရှုပ်တာက ဇာတ်လမ်းပုံပြင်ဟာ ကလောင်ရှင်ရဲ့မူပိုင်မဟုတ်။ အင်တာနက်ထဲမှာ တွေ့တာတစ်ခုကို ကြိုက်လွန်းလို့ အဖြစ်ဆိုးရှာတဲ့ မိန်းမငယ်ရဲ့ဘဝကို အခြားမိန်းမငယ်များ ရှောင်ရှားသတိထားနိုင်စေဖို့ စေတနာဗရပွနဲ့ ကူးထည့်တာပါတဲ့။ အကြောင်းအရာကတော့ နည်းနည်းရှုပ်ပါတယ်။ ဒါပေမယ့် ဂျာနယ်မှာပါတဲ့ ဆောင်းပါးကြောင့် လူသိများပြီး တိုင်ကြားသူမိန်းကလေးရဲ့ ဂုဏ်သိက္ခာထိပါးခံရမှု သိသာလာတယ်လို့ဆိုပါတယ်။ ဒါကြောင့် ပြဿနာဖြေရှင်းပေးဖို့ သတင်းမီဒီယာကောင်စီကို တင်ပြ (တိုင်ကြား)လာပါတယ်။

တိုင်ကြားမှုကော်မတီက တစ်ဖက်ချင်းစီကို သီးခြားခွဲအရင်တွေ့ဆုံမေးမြန်းပြီးမှ နှစ်ဦးမျက်နှာချင်းဆိုင် ညှိပေးပါတယ်။ အစမှာတော့ တိုင်ကြားသူဘက်က တင်းတင်းမာမာ တောင်းဆိုတာများပါတယ်။ ကောင်စီဝင်တွေကလည်း သူ့ရဲ့ ခံစားချက်ကိုနားလည်ပြီး ကရုဏာသက်ပါတယ်။ သို့သော် လည်း ဖြေရှင်းပုံဟာ ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဖြစ်ရပါမယ်။

အတိုင်ခံရတဲ့ဂျာနယ်ဘက်က အယ်ဒီတာချုပ်နဲ့ ဆောင်းပါးရှင်လာပြီး တာဝန်သိသိရင်ဆိုင်ပါတယ်။ အစကနဦးမှာပဲ သူတို့ဘက်ကပေါ့လျော့ပြီး မစိစစ်ဘဲ ဓာတ်ပုံကို ထည့်လိုက်မိကြောင်း၊ တိုင်ကြားလာသူရဲ့ပုံဖြစ်တာကို မဖော်ထုတ်မိဘဲ အင်တာနက်မှရတဲ့အတိုင်း ကူးထည့်မိကြောင်း ဝန်ခံပါတယ်။ အမျိုးသမီးရဲ့ ဂုဏ်သိက္ခာထိခိုက်တဲ့ အရေးအသားအတွက် ကျေနပ်အောင်ဘယ်လိုလုပ်ပေးရမလဲလို့ တာဝန်ယူမှုအပြည့်နဲ့ သတ္တိရှိရှိဝန်ခံပါတယ်။

တိုတိုနဲ့ချုပ်ပါစို့။ နောက်ဆုံးမှာ မိန်းကလေးရဲ့ စိတ်တိုင်းကျရေးပေးတဲ့ တောင်းပန်စာကို ဂျာနယ်က ထည့်သွင်းပုံနှိပ်ပြီး တောင်းပန်ပါမယ်၊ အဲဒီနေ့ကပဲ စာစီနေပါပြီ။ အမြန်ဆုံးပုံနှိပ်ပြီး တောင်းပန်ပါတယ်။ တောင်းပန်စာဂျာနယ်မှာသုံးပတ်အထိ ဆက်ပြီးထည့်ပေးပါမယ်လို့ တာဝန်ယူတယ်။

နစ်နာသူမိန်းကလေးရဲ့ ဂုဏ်သိက္ခာထိခိုက်သွားတာ အမှန်ပဲဖြစ်မယ်။ ဒါကြောင့် သူကမခံမရပ်နိုင် တောင်းဆိုမှုများတယ်၊ ပြောဆိုတာလည်း နည်းနည်းမာတယ်။ သို့သော်လည်း ကောင်စီဝင်များနဲ့ အတိုင်ခံရတဲ့ ဂျာနယ်လစ်များက နားလည်မှုအပြည့်နဲ့ သူ့အပေါ် ဗွေမယူပါဘူး။

သို့သော်လည်း တိုင်ကြားလာသူ မိန်းကလေးရဲ့ ဂုဏ်သိက္ခာထိခိုက်ခဲ့သလိုပဲ ဂျာနယ်ထဲကနေပြီး မီဒီယာကျင့်ဝတ်မလိုက်နာမိလို့ တောင်းပန်ရတယ်ဆိုတာလည်း တိုင်းသိပြည်သိ မျက်နှာပျက်ရတဲ့ကိစ္စ။ အတိုင်ခံရသူများကလည်း သူတို့သိက္ခာနဲ့ရင်းပြီး အရှုံးခံပြီး တောင်းပန်ရတာဖြစ်တဲ့အကြောင်း မိန်းကလေးကို ရှင်းပြကြပါတယ်။

တရားစွဲ၊ ရုံးရောက်ပြီး အမှုရင်ဆိုင်ကြရင်ဖြင့် ဘယ်သူမှ ကောင်းကျိုးခံစားခွင့်မရှိလေတော့ တောင်းပန်ခြင်းဖြင့် ပြေလည်တာအကောင်းဆုံးပါပဲ။ ယဉ်ကျေးတဲ့ပြဿနာဖြေရှင်းမှုကို သတင်းမီဒီယာကောင်စီက ၂၄-၈-၂၀၁၇ ရက်နေ့မှာ ဆောင်ရွက်လိုက်ပါတယ်။ ယခင်က လုပ်ဆောင်ခဲ့တာတွေလည်း အရေအတွက်မနည်းလှပါဘူး။ မသိကြလို့ပါ။ သတင်းမီဒီယာကောင်စီ အသုံးမကျဘူးပြောသူ၊ ရေးသားသူတွေသိဖို့ ယခုသတင်းကိုပေးပြီး ယခင်က ပြဿနာဖြေရှင်းမှုအချို့အကြောင်း ဆက်လက်ရေးပါဦးမယ်။

ရှမ်းယူနိုက်တက်နှင့် ရန်ကုန် ဆီမီးဖိုင်နယ်တက်

၂၀၁၇ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ကွာတားဖိုင်နယ် (ပထမနေ့)ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

(သုဝဏ္ဏကွင်း)

ရှမ်းယူနိုက်တက် - သုံးဂိုး

မကွေး - နှစ်ဂိုး

ဖလားနှစ်လုံး လမ်းကြောင်းပေါ်တွင်ရှိနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မကွေးအသင်းကို အနိုင်ယူပြီး ချန်ပီယံအိပ်မက်ကို ဆက်လက်အသက်သွင်းနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ မကွေးအသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ကွာတားအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲကျပ်များ ဆက်တိုက်ကစားနေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် တိုက်စစ်တွဲလုံးဖြစ်သည့် ခရစ္စတိုဖာ၊ ရန်နိုင်ဦး၊ ဒွေးကိုကိုချစ်တို့ကို ပွဲအစတွင် အနားပေးခဲ့ပြီး မကွေးအသင်းမှာမူ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး အဓိကတိုက်စစ်မှူးများမပါသည့် ရှမ်းယူနိုက်တက်အသင်းမှာ အားပျော့နေခဲ့သည်။ ၄၄ မိနစ်တွင် အငြင်းပွားဖွယ်အနေအထားမှ မကွေးအသင်းပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အဗ္ဗဒူလာက သွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်ကစားပုံမကောင်းသောကြောင့် ပထမပိုင်းတွင် ခရစ္စတိုဖာ၊ ဒုတိယပိုင်းတွင် ရန်နိုင်ဦး၊ ဒွေးကိုကိုချစ်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၅၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ခရစ္စတိုဖာ၏ ဖြတ်တင်ဘောကို မကွေးနောက်ခံလူ မိုက်ကယ်နှင့်ထိပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ကစားပုံပိုကောင်းလာပြီး ၆၄ မိနစ်တွင် မောင်မောင်စိုးက မကွေးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၆၇ မိနစ်တွင် မက်ဆီမင်က ရှမ်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ နှစ်ဂိုးစီ သရေကျပြီးနောက်ပိုင်းတွင် မကွေးပိုဖိကစားနိုင်ခဲ့ပြီး ၇၆ မိနစ်တွင် အဗ္ဗဒူလာ၏ ကန်သွင်းမှု ဘားတန်းအောက်ထိထွက်ခဲ့ပြီး ရှမ်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးကျော်ကိုကိုနှင့် ဆီဇာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ကျော်ကိုကိုက ၂၄၊ ၃၁၊ ၈၈ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ၅၃ မိနစ်တွင် ဆီဇာက အနိုင်ဂိုး တစ်ဂိုး သွင်းယူခဲ့သည်။

ကွာတားဖိုင်နယ်(ဒုတိယနေ့)ကို စက်တင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် အောင်ဆန်းကွင်း၌ ရခိုင်နှင့် ဧရာဝတီ၊ ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ Southernနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(ရှိုင်းထက်ဇော်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး နိုဘိုဂျင်ဘရောင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ DYLဝက်များ မွေးမြူထားရှိမှုနှင့် တစ်ဧကကွက်များဖြင့် မြေပြုပြင်၍ စပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရွှေမင်းဂံလေ့ဆိပ်မှ အမြန်ရေယာဉ်များဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာသို့ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက စားသောက်ဖွယ်ရာများနှင့် တပ်ရင်းမိခင်နှင့်ကလေးအသင်းအတွက် ရန်ပုံငွေကိုလည်းကောင်း ပေးအပ်ပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်စဉ် ရခိုင်ပြည်နယ်၏ ဖြစ်စဉ်ဖြစ်ရပ်မှန်များ ရှင်းလင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်စဉ် အမေရိကန်ကြည်းတပ် ပစိဖိတ်တပ်မှူး Gen. Robert B. Brown၊ ဩစတြေးလျကြည်းတပ်ဦးစီးချုပ် Lt. Gen. Angus Campbell၊ ကိုရီးယားကြည်းတပ်ဦးစီးချုပ် Gen. Kim Yong-woo၊ ဂျပန်ကြည်းတပ်ဦးစီးချုပ် Gen. Koji Yamazaki တို့နှင့် သီးခြားတွေ့ဆုံ၍ လည်းကောင်း၊ ဟန်မြစ်တွင်းသွား သင်္ဘောပေါ်တွင် ကျင်းပသည့် ညစာစားပွဲအတွင်း အမေရိကန်ကြည်းတပ်ဦးစီးချုပ် Gen. Mark A. Milley၊ ကနေဒါကြည်းတပ်ဦးစီးချုပ် Lt. Gen. Paul Wynnyk၊ မွန်ဂိုလီးယားကြည်းတပ်ဦးစီးချုပ် Maj. Gen. Amglanbaatar Bujinov အပါအဝင် ဘင်္ဂလားဒေ့ရှ်ကြည်းတပ် အမှတ်(၉)တပ်မမှူး ဖြစ်သူ Maj. Gen. Sajjadul Haque တို့ကိုလည်း သီးသန့်တွေ့ဆုံ၍လည်းကောင်း ရခိုင်ပြည်နယ်၏ ဖြစ်စဉ်ဖြစ်ရပ်မှန်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း၊ ၁၉၄၂ ခုနှစ် အလယ်သံကျော်အရေးအခင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မတိုင်မီ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီကျေးရွာများ အခြေအနေနှင့် ၎င်းရက်နောက်ပိုင်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှု အရေအတွက်၊ မီးရှို့ဖျက်ဆီးကျေးရွာ အရေအတွက်အပါအဝင် အေးချမ်းစွာနေလိုပြီး အကြမ်းဖက်မှုကိုဆန့်ကျင်သည့် တစ်ဖက်နိုင်ငံသို့ ထွက်မပြေးဘဲ ဆက်လက်နေထိုင်နေသည့် ဘင်္ဂါလီကျေးရွာ အခြေအနေများကို ရှင်းလင်းပြသပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် Genocide နှင့် Ethnics Cleansing အဖြစ် စွပ်စွဲနေမှုများသည် ဟုတ်မှန်မှုမရှိကြောင်း ရှင်းပြခဲ့သည်။

ထို့ပြင် ၂၀၁၂ ခုနှစ် ဖြစ်စဉ်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဩဂုတ် ၂၄ ရက်တွင် ကိုဖီအာနန်ကော်မရှင်က ရခိုင်ပြည်နယ် အကြံပြုချက်တင်ပြခြင်း၊ သတင်းစာရှင်းလင်းခြင်းပြုလုပ်မှုတွင် ရခိုင်ဒေသရှိ ဘင်္ဂါလီများက တိုက်ရိုက်နိုင်ငံသားအခွင့်အရေး ရလိုမှုအတွက် တောင်းဆိုနေသည့် ၁၃၅ မျိုးသော တိုင်းရင်းသားမျိုးနွယ်စု၌ မပါသည့် "ရိုဟင်ဂျာ"အသုံးအနှုန်းများ ပါဝင်လာမှု မရှိခြင်းအပါအဝင် ဘင်္ဂါလီများ မျှော်လင့်သည့်အချက် မပါလာခြင်း၊ ၎င်းအပေါ် စက်တင်ဘာလအတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာမှ အထူးအာရုံစိုက်စေရန် ရည်ရွယ်ခြင်းတို့ဖြင့် ရဲစခန်း ၃၀ အပါအဝင် တပ်ရင်းဌာနချုပ်တို့အား နေရာတစ်ခုလျှင် ၃၀၀ နှင့်အထက် လူအုပ်စုကြီးများက လက်နက်ကြီး/ငယ်အပါအဝင် တုတ်/ဓား/လှံ/ ဂျင်ကလိ စသည့် လူကိုသေစေနိုင်သည့် လက်နက်များကို အသုံးပြု၍ အကြမ်းဖက်မှု၊ အတူနေထိုင်သည့် ဟိန္ဒူဘာသာဝင်များကို အကြမ်းဖက် ကာလအတွင်း အစ္စလာမ်ဘာသာသို့ အတင်းကူးပြောင်းခိုင်းရာမှ လက်မခံနိုင်သူများကို သတ်ဖြတ်မှု ၊ နိုင်ငံတော်အစိုးရက အုပ်ချုပ်မှု အာဏာစက်နှင့် နိုင်ငံတော်လုံခြုံရေး ထိပါးလာမှုအပေါ် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကြေညာမှု၊ တပ်မတော်က နိုင်ငံတော်အစိုးရ၏ စစ်ဆင်ရေးနယ်မြေ သတ်မှတ်တာဝန်ပေးမှုအရ နိုင်ငံတကာ စစ်ပွဲဥပဒေနှင့် ပြည်တွင်း ရာဇသတ်ကြီး ဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသည့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို အနည်းဆုံးအင်အားသုံး၍ အသုံးပြုခဲ့မှု၊ ထုတ်ပြန်ထားသည့် Rule of Engagement (ROE) ကို စစ်သည်တိုင်း လိုက်နာဆောင်ရွက်နေမှု၊ အေးချမ်းစွာနေထိုင်လိုပြီး အကြမ်းဖက်မှုကို မလိုလားသည့် ဘင်္ဂါလီရွာများမှ အကြမ်းဖက်သမားများကို ဖမ်းဆီး၍ ရဲစခန်းသို့အပ်နှံပေးမှု၊ နိုင်ငံတော်အစိုးရအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်တော၊ ဘူးသီးတောင်ဒေသ ရွှေ့ပြောင်းဒုက္ခသည် တိုင်းရင်းသားအများစုအား လူသားချင်းထောက်ထားမှု အကူအညီများ၊ ဆေးဝါးကုသပေးသကဲ့သို့ အေးချမ်းစွာ နေလိုပြီး အကြမ်းဖက်မှုကို ဆန့်ကျင်၍ အကြမ်းဖက်ကာလအတွင်း ကျေးရွာအတွင်းသို့ ဝင်ရောက်စည်းရုံး၊ ခြိမ်းခြောက်လာသည့် အကြမ်းဖက်သမားများကို ဖမ်းဆီးလာသော ဘင်္ဂါလီကျေးရွာမှ ဘင်္ဂါလီများကိုလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်း၊ ဆေးကုသမှုပြုလုပ်ပေးနေမှု၊ မိမိတိုင်းရင်းသားများ ရွာလုံးကျွတ် ထွက်ပြေးရမှု၊ ထွက်ပြေးစဉ်မလိုက်နိုင်၍ အကြမ်းဖက်သမားများ ဖမ်းမိမှုကြောင့် ရက်ရက်စက်စက် လူမဆန်စွာ လည်လှီးအသတ်ခံရသည့် တိုင်းရင်းသူ မိခင်နှင့် (၂)နှစ်အရွယ်ကလေးနှစ်ဦး အခြေအနေ၊ ဘာသာပြောင်းရွှေ့မှုအား လက်မခံသည့် ဟိန္ဒူအမျိုးသမီးနှင့် (၅)နှစ်အရွယ်ကလေးအား အနီးကပ်မျက်နှာများ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်လုပ်၍ သတ်ဖြတ်မှုတို့ကို ဓာတ်ပုံအထောက်အထားများဖြင့် ဆက်လက်ရှင်းပြသည်။

ထို့ပြင် ရဲစခန်းသို့ ရောက်ရှိလာသည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများအား စစ်ကြောချက်အရ ဘင်္ဂါလီကျေးရွာအလိုက် ရွာလုံးကျွတ် အကြမ်းဖက် စစ်ပညာသင်ကြားရမှု၊ တပ်ဖွဲ့ဝင်အဖြစ် ကိုရ်ရမ်ကျမ်းကိုင်၍ သစ္စာဆိုရမှုအပါအဝင် အကြမ်းဖက်သမားအမည်နှင့် ဓာတ်ပုံများကိုလည်း ဖော်ထုတ်ရရှိမှုနှင့် ဖော်ထုတ်ဆဲ အခြေအနေများ၊ လက်ရှိထွက်မပြေးဘဲ အေးဆေးစွာ နေထိုင်နေသည့် ဘင်္ဂါလီကျေးရွာများတွင်မူ အကြမ်းဖက်သမားများ အနည်းစုပါရှိသော်လည်း အများစုမှာ အကြမ်းဖက်အုပ်စုကို ဆန့်ကျင်သဖြင့် အနည်းစုသာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးမှုအခြေအနေများကို ဓာတ်ပုံနှင့် စာရင်းဇယားအထောက်အထားများဖြင့် ရှင်းလင်းသည်။

အဆိုပါ ကြည်းတပ်ဦးစီးချုပ်များက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆွေးနွေးပြောကြားချက်များကို မိမိတို့သက်ဆိုင်ရာ အကြီးအကဲများထံ နှုတ်ဖြင့် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် ယခုစိန်ခေါ်မှုပြဿနာအား အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြစ်ရပ်မှန် မှတ်တမ်းဓာတ်ပုံများပါဝင်သည့် Memory Stick ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) နေရပ်စွန့်ခွာ ပြည်သူများအတွက် အလှူငွေနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၂၀

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများအတွက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အလှူငွေ/ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မဏိရတနာကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၆ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးပါ အိတ် ၈၆ အိတ်နှင့် ငါးစရိုင်းချောင်းဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၃၂ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးပါ အိတ် ၃၂ အိတ်တို့ကို ပေးအပ်လှူဒါန်းပြီး အဆိုပါကယ်ဆယ်ရေးစခန်းများရှိ ကိုယ်ဝန်ဆောင် အမျိုးသမီး ကိုးဦးအတွက် ထောက်ပံ့ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် လုံခြုံရေးဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် လုံခြုံရေးဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က စကားပြောစက်များနှင့် ကျည်ကာဦးထုပ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများအား သံအမတ်ကြီးက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မစ္စတာဟုန်လျန်တို့သည် လှူဒါန်းပစ္စည်း လွှဲပြောင်းပေးမှု လက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လုံခြုံရေးဆိုင်ရာပစ္စည်းများဖြစ်သော ကျည်ကာဦးထုပ် အလုံး ၂၀၀ နှင့် စကားပြောစက် အလုံး ၂၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ဝင်များ မောင်တောဒေသ မြေပြင်ကွင်းဆင်းကြည့်ရှု

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များနှင့်အတူ မောင်တောဒေသ ဘက်ပေါင်းစုံ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စက်တင်ဘာ ၁၉ ရက် နံနက်က စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် သွားရောက်ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းဝင်းစုရပ်၌ နေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများ ပြောကြားကာ စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်ပြီး ကော်မတီပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အကြမ်းဖက်မှုတွင်ပါဝင်ခဲ့သော အကြမ်းဖက်သမားများအား ဆေးဝါးကုသပေးနေမှုကို သွားရောက်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ကော်မတီပူးတွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မောင်တောဒေသတောင်ပိုင်းရှိ ရွှေဇာဟိုလ်ကျေးရွာနှင့် မောရဝတီကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ ကော်မတီအဖွဲ့ဝင်များ လာရောက်ရခြင်း ရည်ရွယ်ချက်များနှင့် မောင်တောဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြောကြားကြပြီး ပြည်သူများအနေဖြင့်လည်း ပြန်လည်ဆွေးနွေးအကြံပြုစေလိုကြောင်း၊ လတ်တလော ကျေးရွာသူ ကျေးရွာသားများ ကြုံတွေ့နေရသော အခက်အခဲများကိုလည်း တင်ပြစေလိုကြောင်း၊ ပြည်သူများ၏ အခက်အခဲများကို သိရှိမှသာ ကော်မတီအနေဖြင့် အကောင်းဆုံးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ကော်မတီပူးတွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကာ စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးသည်။

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အကြမ်းဖက်မှုတွင်ပါဝင်ခဲ့သော အကြမ်းဖက်သမားများ ဆေးကုသခံယူနေမှုကို ကော်မတီပူးတွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစဉ်။

ယင်းနောက် ရွှေဇာဟိုလ်ကျေးရွာနှင့် မောရဝတီကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာရှိ ကလေးငယ်များနှင့် အမျိုးသမီးများမှာ စိုးရိမ်ထိတ်လန့်မှုဖြစ်ကာ အခြားဒေသများသို့ သွားရောက်ခိုလှုံလျက်ရှိကြောင်း၊ အမျိုးသားအများစုမှာ ကျေးရွာလုံခြုံရေးအတွက် ကျန်ရစ်ခဲ့ကြောင်း၊ မိမိတို့ကျေးရွာအတွက် လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းဖန်တီးပေးစေလိုကြောင်း၊ ကျေးရွာ၌ စာသင်ကျောင်းများ အကောင်အထည်ဖော်တည်ဆောက်ပေးစေလိုကြောင်း၊ မိမိတို့ ဒေသခံတိုင်းရင်းသားများအနေဖြင့် အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုသဖြင့် လုံခြုံမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များသည် မောင်တောဒေသမြောက်ပိုင်း ကျီးကန်းပြင်အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်စခန်းသို့ ရောက်ရှိပြီး ဒေသတွင်းလုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

(သတင်းအဖွဲ့)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် မြေပြင်သွားရောက်ကြည့်ရှုလေ့လာခဲ့မှုအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ စိတ်ခံစားမှုနှင့် ၎င်းတို့ ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်ကို တိုက်ရိုက်ကြားသိခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအခြေအနေများကို တတ်နိုင်သမျှ ခြုံငုံသုံးသပ်သိရှိခဲ့ပြီးဖြစ်၍ လက်တွေ့ကျကျလေ့လာပြီး တိုင်းရင်းသားများ၏ စိတ်ခံစားမှု၊ ဘဝပြန်လည်ထူထောင်မှုအပါအဝင် ပြန်လည်နေရာချထားရေး ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လေ့လာတွေ့ရှိချက်များကို ခြုံငုံအကောင်အထည်ဖော်နိုင်မည်ဆိုပါက ကော်မတီ၏ လုပ်ငန်းများကို အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ခရီးစဉ်၏ တွေ့ရှိချက်များအပေါ် စုစည်းတင်ပြရန် လိုအပ်ပါကြောင်း။

တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနအလိုက် တာဝန်ပေးချက်နှင့်အညီ ပြန်လည်နေရာချထားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး ကိစ္စရပ်များကို အဆောတလျင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လတ်တလောရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများပါဝင်သကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ပါဝင်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့က ကျောက်တော်၊ ဘူးသီးတောင်နှင့် မောင်တောဒေသအတွင်း၌ မြေပြင်ကွင်းဆင်းလေ့လာခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် အကောင်အထည်ဖော် လုပ်ဆောင်ပေးမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးမှုအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများကလည်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(သတင်းအဖွဲ့)

ဥတ္တရလွင်ပြင်စာပေ(မန္တလေး)၏ ကြိုက်တာယူ ကြိုက်သလောက်ပေး စာအုပ်အရောင်းပွဲတော် အထူးစည်ကား

မန္တလေး စက်တင်ဘာ ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁×၃၂)လမ်းကြား၊ (၈၁)လမ်းရှိ ဦးသန်းဌေး(စာရေးဆရာသင့်နော်) ဥတ္တရလွင်ပြင် စာပေ၏ ကြိုက်တာယူ ကြိုက်သလောက်ပေး စာအုပ်အရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ မန္တလေးမြို့မှ စာပေမြတ်နိုးကြသူများ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါ စာအုပ်အရောင်းပွဲတော်တွင် နာရီပိုင်းအတွင်း ဆိုင်ရှိစာအုပ်များ ကုန်စင်အောင် ရောင်းချခဲ့ရကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကြီးမှူး၍ ရိုးရာစဉ်လာမပျက် ဆွမ်းတော်ကြီး လောင်းလှူ

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ လပြည့်၊ လကွယ်ရက်များတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်၊အလှူရှင်များ စုပေါင်း၍ ရိုးရာစဉ်လာမပျက် ဆွမ်းတော်ကြီးလောင်းလှူပွဲကို စစ်တွေမြို့ လောကနန္ဒာဘုရား၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆွမ်းတော်ကြီးလောင်းလှူပွဲ၌ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၉၄ ကျောင်းမှ ရဟန်းသာမဏေ ၃၄၄ ပါးနှင့် သီလရှင်ကျောင်း လေးကျောင်းမှ သီလရှင် ၇၈ ပါးတို့ကို အလှူရှင်များက ဆွမ်းဆန်တော်၊ အဖျော်ရည်ဘူးများ၊ အသင့်သုံးပစ္စည်းများ၊ ခေါက်ဆွဲထုပ်များ၊ ဆပ်ပြာထုပ်များ၊ သွားတိုက်ဆေးဘူးများနှင့် ဆေးဝါးပစ္စည်းများကို လောင်းလှူခဲ့ကြသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

မန္တလေး စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိုင်းရင်းသားများနှင့် ပြည်သူများအား လူသားချင်းစာနာထောက်ထားသော ကူညီထောက်ပံ့မှုများအဖြစ် မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေး စက်မှုဇုန်လုပ်ငန်းရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိသော Family Kit အစုံ ၂၀၀ ၊ ဆန်အိတ် ၃၀ တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၃နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူ၍ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

တင်မောင်(မန်းကိုယ်ပွား)

ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် အနုပညာရှင်ညီအစ်ကိုများ မောင်တောမြို့မကျောင်းရှိ နေရပ်စွန့်ခွာ ကလေးငယ်များ စိတ်ဓာတ်ခွန်အားတက်ကြွစေရန် ဂိမ်းများလာရောက် ယှဉ်ပြိုင်ကစား

မောင်တော စက်တင်ဘာ ၂၀

မောင်တောမြို့မကျောင်းတွင် နေရပ်စွန့်ခွာပြီး ယာယီခိုလှုံ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အား တက်ကြွစေပြီး အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ဂိမ်းကစားနည်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကွန်မြူနတီစင်တာ၌ ပြုလုပ်ရာ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် အနုပညာရှင်ညီအစ်ကိုများ လာရောက်ပါဝင်ယှဉ်ပြိုင် အားပေးခဲ့သည်။

မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာ အပါအဝင် အနီးဝန်းကျင်ရှိ ကလေးငယ်များကို စိတ်ဓာတ်ခွန်အားတက်ကြွစေရန် အားပေးကူညီဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က "ဒီနေ့ပဲ ကျွန်တော် မောင်တောကိုရောက်တယ်။ ရောက်ရောက်ချင်း မြို့မကျောင်းမှာ ယာယီခိုလှုံနေကြတဲ့ နံ့သာတောင်ကျေးရွာက ကျောင်းသား ကျောင်းသူတွေ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ရောက်နေတယ်။ လာရောက် အားပေးပါဆိုတဲ့အတွက် လာခဲ့တာပါ။ သူတို့လေးတွေ ကြုံတွေ့ခဲ့ရတဲ့ စိတ်ဒဏ်ရာတွေကို မေ့ပျောက်ပြီး ပျော်ရွှင်သွားအောင် ဒီက ဆရာ ဆရာမတွေနဲ့အတူ ကျွန်တော်တို့ တတ်စွမ်းသမျှ ကူညီအားပေးပြီး ကလေးတွေနဲ့အတူ ဂိမ်းတွေဝင်ကစားပေးတယ်။"

"အခုကျွန်တော် မောင်တောကို ပြန်ရောက်တဲ့အခါမှာ ကျန်နေတဲ့နေရာတွေကိုသွားပြီး ထောက်ပံ့ပေးဦးမှာပါ။ နိုင်ငံတော်ကလည်း လိုအပ်တာတွေကို ပံ့ပိုးပေးနေသလို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အခြားသော ပရဟိတ စေတနာရှင် ပြည်သူအားလုံးက လာပြီး ထောက်ပံ့ပေးနေကြပါတယ်။ အားလုံးပြည့်စုံသွားတယ် မဟုတ်ပေမယ့် တတ်နိုင်သလောက် ဝိုင်းကူပေးနေကြတာပါ။ ဖြစ်ပြီးသွားတဲ့ အဖြစ်ဆိုးကို နောက်ထပ်မဖြစ်အောင် ဘယ်လိုကြိုးစားမလဲ။ ဒီနေရာမှာ ကိုယ့်တိုင်းရင်းသားတွေ လက်တွဲညီညီနဲ့ အခြေတကျ ပြန်လည်နေထိုင်ပြီး ဒီဒေသကြီး သာယာဝပြောပြီး အကောင်းအတိုင်းပြန်ဖြစ်လာဖို့က ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သူတို့နဲ့အတူတူ ရှိနေမှာပါ။ အေးချမ်းသွားတဲ့ တစ်နေ့မှာ ကိုယ့်ဒေသ ကိုယ့်အိမ်ကို ပြန်လာကြပြီး ပြန်လည်ထူထောင်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော်တို့က လာရောက်ကူညီပေးသွားမှာပါ" ဟု ပြောသည်။

ယနေ့ပြုလုပ်သည့်ပွဲကို ဖြစ်မြောက်အောင်မြင်အောင် စီစဉ်ခဲ့သည့် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က "နံ့သာတောင်ကျေးရွာက ကလေးတွေနဲ့ မောင်တောမြို့ပေါ်က ကျောင်းသား ကျောင်းသူလေးတွေရဲ့ စိတ်ဓာတ်ခွန်အားတွေ တက်ကြွပြီး အသိပညာဗဟုသုတတွေရရှိစေဖို့ ကျွန်မတို့ မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှာ ဖွင့်လှစ်ထားတဲ့ ကွန်မြူနတီစင်တာမှာ ဒီလို လှုပ်ရှားမှုတွေကို ဆောင်ရွက်ပေးတာပါ။ ကလေးတွေ အားလုံးကတော့ ပျော်ရွှင်နေကြပါတယ်။ အခုသူတို့အတွက် စီစဉ်ပေးထားတဲ့ ဂိမ်းကစားနည်းလေးတွေကလည်း သူတို့အတွက် တွေးခေါ်စရာတွေ၊ ဗဟုသုတရစရာတွေ ပါဝင်တာဖြစ်လို့ သူတို့အားလုံး စိတ်ပျော်ရွှင်မှုတွေကို ရရှိစေမှာပါ။"

"ဒီပွဲမှာ ရုပ်ရှင်မင်းသား ဝေဠုကျော်ကလည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာပြီး သူတို့နဲ့အတူ ဂိမ်းတွေ ပါဝင်ကစားပေးတဲ့အတွက် ကလေးတွေ အလွန်ပျော်ရွှင်ရယ်မော နေတာတွေကိုကြည့်ပြီး ကျွန်မတို့လည်း ပီတိတွေ ဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေ့စီစဉ်ပေးတဲ့ပွဲ လေးဟာ ကလေးတွေအတွက် အတိုင်းအတာတစ်ခုအထိ စိတ်ဓာတ်ခွန်အားတွေ ရရှိသွားကြမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မောင်တောမြို့နယ် သမန်းသားကျေးရွာမှ နံ့သာတောင်ပရဟိတကျောင်း၌ ပညာသင်ကြားနေသည့် သတ္တမတန်းကျောင်းသား မောင်ရဲအောင်က"သားတို့ အလွန်ပဲဝမ်းသာမိပါတယ်။ သားတို့ကျောင်းမှာ မမြင်ဘူးတဲ့ အရာတွေလည်း ဒီမှာမြင်တွေ့ခွင့်ရတယ်။ ဒီက ဆရာမတွေကလည်း သားတို့ရဲ့ ရခိုင်မျိုးနွယ်စုအကြောင်းတွေကို ရှင်းပြပါတယ်။ အဲဒီမှာ ရခိုင်နဲ့ မြို့တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုတွေ၊နောက်ပြီး သူတို့ရဲ့ အသုံးအဆောင်ပစ္စည်းတွေကိုပါ အများကြီးတွေ့မြင်ခဲ့ရပါတယ်။ ပြီးတော့လည်း ရခိုင်တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ရခိုင်သမိုင်းအကြောင်း ရေးထားတဲ့စာအုပ်တွေလည်း မြင်ခဲ့ရပါတယ်။ သားတို့ကို ပျော်ရွှင်အောင် အခုလို ပြုလုပ်ပေးတဲ့အတွက် သားတို့ သူငယ်ချင်းတွေနဲ့အတူ အလွန်ပဲပျော်ရွှင်ရပါတယ်။ သားတို့ဆီမှာ ဒီလိုတွေ မဆော့ခဲ့ရပါဘူး။ ဒါပေမဲ့ အပြေးပြိုင်ပွဲတွေ၊ လျှောစင်တက်တာတွေတော့ အများကြီးဆော့ခဲ့ဖူးတယ်။ သားတို့ဆီမှာ ကစားခွင့်မရတဲ့ ဂိမ်းကစားနည်းပေါင်းစုံကို ဦးဝေဠုကျော်တို့နဲ့အတူ ကစားခွင့်ရလို့ အလွန်ပဲပျော်ရွှင်မိပါတယ်။ ဒီနေ့ကစားတဲ့ ဂိမ်းကစားနည်းတွေ အားလုံးကို နှစ်သက်ပါတယ်။ ဒီမောင်တောမှာ နေရတာ လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ အခွင့်အရေးရရင်တော့ သားအိမ်ပြန်ချင်ပါတယ်။ သားရဲ့မိဘတွေနဲ့ အတူတူနေချင်ပါတယ်။ ဒီမှာရောက်နေတဲ့အချိန်မှာ မိဘတွေနဲ့အတူ နေခဲ့ရတာတွေကိုလည်း သတိရပါတယ်" ဟု ရင်တွင်းခံစားချက်များကို ပြောသည်။

မောင်တောမြို့မကျောင်းရှိ နေရပ်တိမ်းရှောင် ကလေးများအတွက် စိတ်ဓာတ်ခွန်အား တက်ကြွစေရန် ဂိမ်းကစားနည်းများဖြစ်သည့် အင်္ဂလိပ်စာဝေါဟာရဆက်ခြင်း၊ စကားပုံဆက်ခြင်း၊ ပူးပေါင်းဆက်ခြင်း၊ စက္ကူခေါက်ခြင်းနှင့် ရုပ်ပုံမှောက်ခြင်း စသည့်ကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး မောင်တောမြို့ရှိ လူငယ်တီးဝိုင်းအဖွဲ့ကလည်း ရခိုင်တေးရိုးရာ တေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေပေးခဲ့ကြသည်။

တင်မောင်လွင်၊ မင်းထက်အောင်
ဓာတ်ပုံ-အောင်ကျော်စိန်(ပြန်/ဆက်)

❖ ချောင်းရေကြီးမှုမှ

ခိုင်ကမ်းမြို့အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့ပေါင်းကူးပေးသည့် မွာလ်ဇန်(ကွဲ)ချောင်း ကူးကြိုးတံတားသည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က တံတားခြေရင်းရေတိုက်စားခြင်း၊ တံတားခြေရင်းအထက်မှ တောင်ကျချောင်းရေများ စီးဆင်းလာခြင်းတို့ကြောင့် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိလာကြောင်း သိရသည်။

"ချောင်းရေက မနက်ကဆိုရင် မနေ့ကထက်ကျလာတယ်။ ဒါပေမယ့် ဒီနေ့ မွန်းလွဲ ၁ နာရီခန့်မှ စကာချောင်းရေသိသိသာသာကြီး တိုးလာပြန်တယ်။ အမှတ်(၄)ရပ်ကွက်ဘက်ခြမ်း တံတားအုတ်ခုံက တော်တော်လေး ရေတိုက်စားလာတယ်၊ ဒီအတိုင်းဆိုရင် တံတားဟာ ပျက်စီးပြီး ရေစီးထဲမျောပါသွားနိုင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် ၂၀၁၆ ခုနှစ်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော အလျားပေ ၂၁၀ ၊အကျယ် ၁၀ ပေရှိ တံတားဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

❍ ကျော်ဖုံးမှ

"သူ့ရဲ့အဓိကလူသိများတဲ့အချက်ကတော့ လျင်မြန်မှုနဲ့ သူ့ရဲ့ခြေကန်ချက်ပါပဲ။သူဟာ MMA မှာ ခုနစ်ပွဲတိတိယှဉ်ပြိုင်ထိုးသတ်ထားပြီး သုံးပွဲနိုင်သုံးပွဲရှုံးထားတဲ့သူတစ်ယောက်ပါ။ Alain Ngalani ဟာ လွယ်လွယ်နဲ့ အနိုင်ယူလို့ရလောက်မယ့်ပြိုင်ဘက်မျိုးတော့ မဟုတ်ဘူး။ ကျွန်တော့်ဘဝအတွက် သမိုင်းဝင်စေမယ့် ပွဲတစ်ပွဲဖြစ်လာမှာအသေအချာပါပဲ။ ဘဝမှာစိန်ခေါ်မှုတွေ အများကြီးရှိနေတာဟာ ကျွန်တော်တို့ကို ပိုပြီးစွမ်းဆောင်နိုင်တဲ့လူသားတွေအဖြစ် ပို့ပေးပါတယ်။ ကျွန်တော်တစ်ခုပြောချင်တာကတော့ ဒီပွဲကြီးက ခက်ခဲမယ်ဆိုပေမယ့်လည်း မြန်မာပရိသတ်တွေရဲ့ရှေ့မှာ ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ကျွန်တော့်အတွက် တကယ့်ကိုအားတက်စေပါတယ်။ မြန်မာ့ဂုဏ်ဆောင် တစ်ယောက်ဖြစ်အောင် အကောင်းဆုံးကြိုးစားသွားပါမယ်လို့ကတိပေးပါတယ်။ အားလုံးရဲ့အားပေးဆုတောင်းမှုနဲ့အတူ ကျွန်တော် ဒီပွဲကိုအကောင်းဆုံးယှဉ်ပြိုင်သွားပါမယ်"ဟု အောင်လအန်ဆန်က လူမှုကွန်ယက်ပေါ်တွင် ပြောထားသည်။

ဂါလာနီမှာဟဲဗီးဝိတ်တန်းရွှေခါးပတ်ချန်ပီယံဘွဲ့ကို ရရှိထားသည့်အပြင် မွေထိုင်းဟဲဗီးဝိတ်တန်းမှာလည်းကမ္ဘာ့ချန်ပီယံဆုများရှိထားသူဖြစ်ပြီး အောင်လအန်ဆန်ထက် ဝိတ်ကြီးသူဖြစ်သည့်အပြင် ကိုယ်ခံပညာငါးမျိုးခန့်တတ်မြောက်ထားကြောင်း သိရသည်။

(ဇာနည်မောင်)

ပြည်တွင်းရေးရာ

✻ JMC-U မှ

"ဘယ်လိုလုပ်ငန်းစဉ်တွေ ပေါ်ပေါက်လာရင် ဘယ်လို အခက်အခဲတွေ၊ ဘယ်လို ထိတွေ့မှုတွေ၊ ဘယ်လိုမျိုး ပဋိပက္ခတွေ ပေါ်ပေါက်လာရင် ဘယ်လိုမျိုးလုပ်မယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ မူဝါဒတွေကို JMC-U မှာချမှတ်ထားတာ ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရဲ့ အသက်ဖြစ်ပါတယ်။ အစည်းအဝေး တက်ရောက်လာတဲ့ JMC-U ခေါင်းဆောင်တွေကတစ်ချက်ခြင်း၊ တစ်ချက်ခြင်းဆွေးနွေးဆုံးဖြတ်ပြီးတော့မှ အတည်ပြုထားတာဖြစ်တဲ့အတွက် အဲဒီ SoP၊ ToR တွေကို လေးစားလိုက်နာမှသာလျှင် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အောင်မြင်မှာ ဖြစ်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို စက်တင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် ဒေသခံအရပ်သားစောင့်ကြည့်သူများ (Local Civilian Monitors) ဖွဲ့စည်းရေး၊ ထိတွေ့မှုများ ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်ဆွေးနွေးခြင်းနှင့် JMC-U အတွက် အရေးကြီးသည့် အတည်ပြုပြီးဖြစ်သောလုပ်ထုံးလုပ်နည်း (SoP) နှင့် လုပ်ငန်းလမ်းညွှန် (ToR)အတွက် ပြန်လည်သုံးသပ်ရန် မူဝါဒတောင်းခံခြင်းတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "အဓိကအားဖြင့် ကျွန်တော်တို့ JMC-U မှာ ဖွဲ့စည်းထားတာကလည်း အားလုံးသိကြတဲ့အတိုင်း ပဋိပက္ခမှာအဓိကပါဝင်ပတ်သက်နေသူတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရယ်၊ တပ်မတော်ပိုင်းရယ်၊ အစိုးရပိုင်းရယ်က ပဋိပက္ခမှာ အဓိကပါဝင်သူတွေ ဖြစ်ပါတယ်။ ဒ့ါအပြင် ပဋိပက္ခကိုခံစားနေရတဲ့ ပြည်သူလူထု၊ အရပ်သားကိုယ်စားလှယ်တွေနဲ့ အဓိကထားပြီး ဖွဲ့စည်းတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြည့်ရင် ပဋိပက္ခမှာ အဓိကပါဝင်နေတဲ့အတွက်ကြောင့် တစ်ဖက်နဲ့တစ်ဖက်က ကိုယ့်ရဲ့လိုလားချက်တွေ၊ တင်ပြမှုတွေ များလာပါတယ်။ သို့သော်လည်း ဒီမှာဘာရှိလဲဆိုရင် တစ်ဖက်က တရားသူကြီးအနေနဲ့ အရပ်သားကိုယ်စားလှယ်တွေကို ခန့်အပ်ထားတာဖြစ်တဲ့အတွက် ဒီအပေါ်မှာ လိုက်နာဆောင်ရွက်သွားဖို့လိုပါတယ်။ ပြည်သူလူထုကတရားသူကြီးအဖြစ်ဆောင်ရွက်တဲ့ အနေအထားကလည်း ဘယ်ပေါ်မှာထားပြီး ဆောင်ရွက်သလဲဆိုရင် ကျွန်တော်တို့ ကြိုတင်သဘောတူညီထားတဲ့ ToR တွေ SoP တွေ အပေါ်မှာ မူတည်ပြီးတော့မှ တိတိကျကျလိုက်နာဆောင်ရွက် ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပုံစံဟာလည်း နောက်ပိုင်းမှာတဖြည်းဖြည်းနဲ့ နိုင်ငံတကာက လက်ခံကျင့်သုံးလာနိုင်တဲ့ မော်ဒန်ပုံစံမျိုးလည်း ဖြစ်တယ်ဆိုတာကိုတွေ့ရပါမယ်" ဟု နှုတ်ခွန်းဆက် အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး (JMC) အကောင်အထည်ဖော်မှုတွင် မိမိတို့နှစ်ဖက် ယုံကြည်မှုအဆင့်မြင့်မားလာရန်လိုကြောင်း၊ လက်နက်ကိုင်နှစ်ဖက်ကြား လက်ရှိယုံကြည်မှုကနေ နောက်ဆုတ်မသွားရန်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင်ပါဝင်သည့် ရှောင်ရှားသင့်သည့်အပြုအမူများကို နှစ်ဖက်ရှောင်ရှားသွားကြရမည်ဖြစ်ကြောင်း၊ တန်းတူညီတူမှုနှင့် အပြန်အလှန်လေးစားမှုများကို အသိအမှတ်ပြုရမှာဖြစ်ပြီး နှစ်ဖက်အကြား ပုံမှန်ဆက်ဆံမှုမျိုးရှိဖို့ လိုအပ်သလို ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ အရပ်သားပါဝင်မှုနှင့်ပူးပေါင်းလုပ်ဆောင်မှု၊ အရည်အသွေးမြှင့်တင်မှုများကို JMC-U ၏ အရပ်သားကိုယ်စားလှယ်များက ဦးဆောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ အရပ်သားများသည် မိမိတို့ လက်နက်ကိုင်နှစ်ဖွဲ့ကြားတွင် ဘက်လိုက်မှုမရှိဘဲ ကြားနေစောင့်ကြည့်သူအဖြစ် ရပ်တည်သွားနိုင်မှ JMC အကောင်အထည်ဖော်မှုသည် အောင်မြင်သည့် အသိအမှတ်ပြုမှုကိုခံရမည်ဖြစ်ကြောင်း။

NCA နှင့်ပတ်သက်၍ အောက်ခြေလူထုနားလည်သဘောပေါက်ရန်နှင့် JMC အပေါ်တွင် ယုံကြည်မှုတည်ဆောက်ဖို့လိုကြောင်း၊ အရပ်သူ အရပ်သားများသည် စစ်ရဲ့အနိဋ္ဌာရုံကို တစိုက်မတ်မတ် ခံစားလာရတာကြောင့် JMC အကောင်အထည်ဖော်မှုတွင် ယင်းတို့ကိုယ်တိုင်ရဲရဲတင်းတင်းနှင့်ယုံယုံကြည်ကြည် ပါဝင်ရန်လိုကြောင်း၊ NCA ၏ရည်မှန်းချက်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်မည်ဖြစ်၍ တစ်ပြည်လုံးတွင်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်လာနိုင်ရန်လိုအပ်ကြောင်း၊ JMC ၏ တရားမျှတမှုနှင့် အောင်မြင်မှုကိုယုံကြည်မှ လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်မည်သည့် အခက်အခဲမဆိုသည်းခံစိတ်ထား၍ စိတ်ရှည်ရှည် ဇွဲရှိရှိနဲ့ ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်အမှာစကားတွင် ပြောကြားသည်။

အရပ်သားကိုယ်စားလှယ်များအစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စောမက်သယူးအေးက "ကျွန်တော်တို့ရဲ့ လေ့လာမှုနဲ့ ကျွန်တော်တို့ရဲ့ ပါဝင်လုပ်ဆောင်မှုအရ JMC ရဲ့ ရုပ်လုံးဟာ စတင်ပေါ်ပေါက်လာပြီလို့ပဲ ကောက်ချက်ချချင်ပါတယ်။ အောက်ခြေအဆင့်မှာဆိုရင် အဓိကအားဖြင့် အရပ်သားများရဲ့ အခန်းကဏ္ဍ၊ အရပ်သားများရဲ့ စောင့်ကြည့်ရေး (Civilian Monitor) ဟာ အရေးကြီးလာပါပြီ။ ဖြစ်စဉ်နဲ့အတူ ကျွန်တော်တို့ရဲ့ ပါဝင်လေ့လာမှုအရ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ပြည်သူကလည်း စိတ်ဝင်စားမှုရှိတယ်။ ကူညီပံ့ပိုးလိုတဲ့ ဆန္ဒလည်းရှိပါတယ်။ ကျွန်တော်တို့ သုံးသပ်ကြည့်တဲ့အခါကျတော့ ပြည်သူလူထုအနေနဲ့ NCA ကို သိတယ်။ ကြားဖူးတယ်ဆိုပေမယ့် ဂဃနဏ သိရှိမှုကတော့အားနည်းနေပါတယ်။ JMC ကိုလည်း ကြားဖူးတယ်။ သိသလိုလိုရှိတယ်။ ဒီထဲမှာပါဝင်တဲ့ အပိုင်းတွေကိုတော့ သိမှုအားနည်းပါတယ်။ ဒါကိုသိရှိနိုင်ဖို့ ဆက်ပြီးလုပ်ဆောင် တွန်းအားပေးသွားမှာ ဖြစ်ပါတယ်" ဟုပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) သည် ပြည်နယ်/တိုင်းအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S ကို သတ်မှတ်ရည်မှန်းထားသည့် နေရာငါးနေရာတွင် အကောင်အထည်ဖော်ဖွဲ့စည်းခဲ့ပြီး အောက်ခြေဒေသန္တရအဆင့်ဖြစ်သည့် ဒေသန္တရအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) ကို နှစ်နေရာတွင် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် အစိုးရကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

မြန်မာ့ဒီမိုကရေစီပွဲတော်အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ပထမနေ့ကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)ကို စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် အငြိမ့်အဖွဲ့ ရှစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့(ဗိုလ်လုပွဲစဉ်များ) ပထမနေ့တွင် ဖူးသစ်ကြယ်စင် (အောင်သူဟိန်းဆိုင်းအဖွဲ့)က လည်းကောင်း၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ (ဂီတဝိဇ္ဇာအောင်ဝမ်းတူးဆိုင်းအဖွဲ့) က လည်းကောင်း၊ မော်ဒယ်ဟား(သားကြီးတင်ဝင်းအောင်ဆိုင်းအဖွဲ့)က လည်းကောင်း၊ ခေတ်သစ်ကြေးမုံ(ရန်ကုန်မှုဝံမင်္ဂလာဆိုင်းအဖွဲ့)တို့က လည်းကောင်း အစဉ်အလိုက်အသီးသီး ကပြဖျော်ဖြေတင်ဆက်ကြသည်။

"ဒီပြိုင်ပွဲမှာ ကျွန်တော်အားရတာတစ်ခုက ပဏာမအဆင့်ပြိုင်ပွဲမှာ အဖွဲ့ပေါင်း ၃၄ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်။ အဲဒီထဲမှာ ဝါရင့်သမ္မာရင့် လူတွေလည်းပါတယ်။ သူတို့တွေ အကုန်ပြုတ်ကျ ကျန်ရစ်ခဲ့ပြီး မျိုးဆက်သစ်လူငယ်တွေ တက်လာခဲ့တယ်။ အခုယှဉ်ပြိုင်မယ့် ရှစ်ဖွဲ့ထဲမှာ ခုနစ်ဖွဲ့က အသစ်တွေ တွေ့ရသလို ဒီမိုကရေစီ ဖော်ဆောင်စေတဲ့ အငြိမ့်သီချင်းတွေကလည်း တော်တော်ကောင်းပါတယ်။ ဒီအငြိမ့်ပွဲတော်ကြီးဟာ မြန်မာပြည်မှာ အကြီးဆုံးပါ။ ဒါကြောင့်ပြည်သူတွေကို လာကြည့်စေချင်ပါတယ်။ လာကြည့်ခြင်းအားဖြင့် အငြိမ့်ကိုအားပေးရာလည်းရောက်တယ်။ တစ်ဖက်ကကြည့်ရင်လည်း လာပျော်လို့ရသလို အငြိမ့်ကိုကြည့်ရင်းနဲ့ ဒီမိုကရေစီရဲ့ စံသဘောထားကို ပရိသတ်ရဲ့ရင်ထဲရောက်သွားစေချင်တဲ့အတွက် ပရိသတ်ကို ဖိတ်ခေါ်ပါတယ်" ဟု ပြိုင်ပွဲစီစဉ်သူ ဦးသူရ(ဦးဇာဂနာ)က ပြောသည်။

အလားတူ အဆိုပါ အငြိမ့်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသူ လှိုင်သာယာမြို့နယ်မှ ဒေါ်သီတာဝင်းက "ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲဆိုတော့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ပျက်လုံးတွေ၊ သီချင်းတွေကို တင်ဆက်သွားတာတွေ့ရတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ခေတ်အခြေအနေအပေါ်မှာ မူတည်ပြီး ထုတ်ထားတဲ့ ပျက်လုံးတွေဖြစ်တာကြောင့် တော်တော်ကောင်းပါတယ်။ ကိုယ်အကြိုက်ဆုံးအဖွဲ့ကို မဲပေးနိုင်ဖို့အတွက် လက်မှတ်တွေလည်းစီစဉ်ထားတယ်။ အခမဲ့ကြို/ပို့ယာဉ်တွေလည်း စီစဉ်ပေးထားတော့ လာကြည့်တဲ့သူတွေအတွက် အဆင်ပြေပါတယ်။ ကျွန်မတို့ကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာခဲ့တာပါ။ အပြန်ကျရင်တော့ ကြို/ပို့ယာဉ်နဲ့ အနီးစပ်ဆုံးနေရာအထိ လိုက်မယ်လို့ စိတ်ကူးထားပါတယ်"ဟု ပြောသည်။

စက်တင်ဘာ ၂၁ ရက် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ဒုတိယနေ့တွင် စကားဝါမြေ (ရွှေညီကိုအောင်ဇော်ဗိုလ် ဆိုင်းအဖွဲ့)က လည်းကောင်း၊ မန်းစတား (ပိုင်အောင်ဆိုင်းအဖွဲ့) ကလည်းကောင်း၊ ဇွဲ (မြန်မာပြည်သားလေး-ဗိုလ်ဗိုလ်ဆင့်ဆိုင်းအဖွဲ့) ကလည်းကောင်း၊ လူငယ်စတား (ဦးအောင်ဝမ်းတူးဆိုင်းအဖွဲ့)တို့က လည်းကောင်း ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများကို ချီးမြှင့်သွားမည် ဖြစ်သည့်အပြင် အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု၊ အကောင်းဆုံး ဆိုင်းအဖွဲ့ဆု၊ အကောင်းဆုံးမင်းသမီးဆု၊ မျိုးဆက်သစ်ဆု၊ အကောင်းဆုံးတေးသီချင်းဆုနှင့် ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ဆိုင်းပညာရှင် မွန်ပြည်နယ် ဦးကိုကိုနိုင်၊ တေးရေးပညာရှင် ဦးညွန့်လှိုင်လှိုင်၊ စာပေပညာရှင် ဦးငြိမ်းမင်း၊ ဟာသပညာရှင် ဦးပေါစိန် (မန္တလေး)၊ ဟာသပညာရှင် ဦးမိုးဒီ၊ အကပညာရှင် ဒေါ်အုန်းရီ၊ အကပညာရှင် ဒေါ်နန်းခင်မွေးတို့က ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သည့်ပြိုင်ပွဲတွင် အငြိမ့်အဖွဲ့ ၂၁ ဖွဲ့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက်မှ အငြိမ့်အဖွဲ့ငါးဖွဲ့ကို လည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ခဲ့သည့် ပြိုင်ပွဲတွင် အငြိမ့်အဖွဲ့ ၁၃ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အနက်မှ အငြိမ့်အဖွဲ့ သုံးဖွဲ့ကိုလည်းကောင်း ရွေးချယ်ခဲ့ကာ ဗိုလ်လုပွဲစဉ်များအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပလျက်ရှိသည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ)ကို ရုံဝင်ကြေးအခမဲ့အဖြစ် ပြသသွားမည်ဖြစ်သည့်အပြင် လာရောက်ကြည့်ရှုသည့် ပရိသတ်များ အဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့နေရာ ခြောက်ခုတွင် အခမဲ့ ကြို/ပို့ယာဉ်များကို စီစဉ်ထားကြောင်း သိရသည်။

သတင်း-ဇော်ကြီး(ပဏီတ)
ဓာတ်ပုံ-လှမိုး

မန္တလေးမြို့၌ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

မန္တလေး စက်တင်ဘာ ၂၀

မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ် (၄၀×၄၁)လမ်းကြား၊ (၆၂)လမ်းရှိ မနော်ရမ္မ လူထုဟစ်တိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ် (၃၂×၃၃)လမ်းကြား (၆၈×၆၉)လမ်းကြားရှိ မန္တလေးလူထုနေရာ (Community Center) တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကို ၁၉၈၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူဆုံးဖြတ်ပြီး စက်တင်ဘာလ ၂၁ ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့(ကမ္ဘာ့ငြိမ်းချမ်းရေးနေ့) ဖြစ်တယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်ကစပြီး စက်တင်ဘာလ ၂၁ ရက်နေ့ ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားတွေကို နိုင်ငံအသီးသီးမှာ ပုံစံအမျိုးမျိုးနဲ့ကျင်းပခဲ့ကြပါတယ်။ နှစ်စဉ်ကမ္ဘာ့အခြေအနေတွေကို သုံးသပ်ပြီး ကုလသမဂ္ဂကနေ ဆောင်ပုဒ်တွေထုတ်ပြန်ပါတယ်။ ယခုနှစ်ဆောင်ပုဒ်ကတော့ ငြိမ်းချမ်းရေးအတွက် အတူတကွ (Together for Peace)ဖြစ်ပြီး ထပ်ဆောင်းဖော်ပြချက်ကတော့ အားလုံးအတွက်လေးစားမှု၊ လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိမှု (Respect, Safety and Dignity for all)ရယ်လို့ ဖော်ပြထားပါတယ်။ ဒီဆောင်ပုဒ်ပေါ်မှာ အခြေခံပြီး အာလုံးနဲ့သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးနေ့ဖြစ်တယ်ဆိုတာကို လူအများသိဖို့၊ ပြည်သူများဟာ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားနေတယ်ဆိုတာ ထင်ဟပ်စေဖို့၊ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ကဏ္ဍစုံကပါဝင်ဆွေးနွေးနိုင်မှုကို အလေးထားလာစေဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ မန္တလေးမြို့မှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းပြီးကျင်းပမှာ ဖြစ်ပါတယ်။

မန္တလေးမြို့မှာတော့ ၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့တာ ဒီနှစ်ဆိုရင် ဆဋ္ဌမအကြိမ် ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်"ဟု မန္တလေးလူထုနေရာ စီမံကိန်းတာဝန်ခံ ဦးမိုးမင်းအောင်က ပြောသည်။

အဆိုပါအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် ညနေ ၅နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ရန် ဖိတ်ကြားထားပြီး ငြိမ်းချမ်းရေးဆုတောင်းစကားပြောကြားခြင်း၊ မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကဏ္ဍကိုတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ သဘောထားထုတ်ပြန်ချက်ဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေးချိုင့်ကျက်နှင့်ငြိမ်းချမ်းရေးပူဖောင်းများ လွှတ်တင်ခြင်း၊ ငြိမ်းချမ်းရေးကဗျာ၊ တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ ငြိမ်းချမ်းရေးမီးကူးထွန်းညှိခြင်း၊ ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ကျေးဇူးတင်စကားပြောကြားခြင်း အစီအစဉ်များ ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရှင်းလင်းပွဲသို့ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(တင်မောင်မန်းကိုယ်ပွား)

ကြက်ခြေနီလှုပ်ရှားမှုဖြင့် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်စဉ် လူစုလူဝေးဖြင့် ဟန့်တားခံရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေအနေထိန်းသိမ်းနိုင်သဖြင့် လူစုကွဲသွားပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၂၀

မောင်တောဒေသရှိ နေရပ်စွန့်ခွာသူများအား ကြက်ခြေနီလှုပ်ရှားမှုဖြင့် ကူညီထောက်ပံ့ရန် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်စဉ် လူစုလူဝေးဖြင့် ဟန့်တားခြင်းခံရပြီးနောက် ရန်လိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူစုလူဝေး ဖြိုခွဲနည်းဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရာ လက်ရှိအချိန်တွင် အခြေအနေထိန်းထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မောင်တောဒေသ နေရပ်စွန့်ခွာသူများအား ကြက်ခြေနီလှုပ်ရှားမှုဖြင့် ကူညီထောက်ပံ့ရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) အဖွဲ့ သယ်ယူပို့ဆောင်ရေးတာဝန်ခံ ဦးနိုင်လင်းဝေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ဆတ်ရိုးကျကယ်ဆယ်ရေးအကွက်(၁) ဘူးသီးတောင် စက်လှေဆိပ်ရှိ ဦးရွှေဦး မောင်းနှင်သည့် သော်တာဝင်းစက်လှေအား ငှားရမ်းပြီး ဆိုလာမီးအိမ် ၇၇၄ ခု၊ အမျိုးသမီးသန့်စင်ရေးသုံးပစ္စည်း ၁၃၀၀၊ အဝတ်အစား ၆၄၀၇၁ ထည်၊ စောင် ၁၃၃၁ ထည်၊ တာပေါ်လင် ၁၂၄၀၊ ရေပုံး ၁၄၉၄ လုံး၊ ခြင်ထောင်အလုံး ၃၀၀၀ နှင့် မီးဖိုချောင်သုံးပစ္စည်း အထုပ် ၃၀၀ ခန့်မှန်းတန်ချိန် ၅၀ တို့ကို တင်ဆောင်ခဲ့ကြောင်း၊ ယင်းသို့ တင်ဆောင်နေစဉ် လူနှစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ကြည့်ရှုကြကြောင်း၊ အလုပ်သမားများက ICRC ပစ္စည်းများဟု ဖြေကြားခဲ့ကြောင်း၊ သို့သော် ညနေ ၅ နာရီတွင် လူ ၅၀ ခန့် ရောက်ရှိလာပြီး လူစုလူဝေးဖြင့် ပစ္စည်းများကို ပြန်ချရန်နှင့် လှေမထွက်ရန် ဟန့်တားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးသံဃာတော်များရောက်ရှိလာပြီး စက်လှေထွက်ခွာနိုင်ရန် ညှိနှိုင်းခဲ့သော်လည်း စက်လှေမမောင်းရဲသဖြင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးနေစဉ် ည ၈ နာရီခန့်တွင် လာရောက်ကြည့်ရှုသူအင်အား ၃၀၀ ခန့် စုစည်းမိပြီး ခဲများ၊ မီးရှို့ထားသည့် ခါတ်ဆီပုလင်းများဖြင့် လူအုပ်ထဲမှ ပစ်ပေါက်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့ဝင် အင်အား ၂၀၀ ခန့်ဖြင့် ယင်းလူအုပ်အား ဒိုင်းများဖြင့် တွန်းထုတ်ခြင်း၊ သံဃာတော်များက လူအုပ်စု ရှင်းလင်းခြင်း၊ မီးသတ်ယာဉ်များဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ည ၈ နာရီ ၁၅ မိနစ်တွင် လူအုပ်စုထဲမှ ဂျင်ကလိဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်လာခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက ၁၂ ဗို့ ဂရီနာ ၂၀ လက်ဖြင့် ပစ်ဖောက်၍ ရှင်းလင်းခဲ့ရကြောင်း၊ ယင်းအချိန်တွင် စစ်တွေမြို့ရှိ ဒေသစစ်ဆင်ရေး ကွပ်ကဲရေးမှူးနှင့် တပ်မတော်သားများ အရန်အဖြစ် ထပ်မံရောက်ရှိ အင်အားဖြည့်တင်းပြီး လူစုခွဲခဲ့ရာ ည ၁၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး လူအုပ်တွင်ပါဝင်သူရှစ်ဦး(စိစစ်ဆဲ)ကို ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးအင်အား လုံလောက်စွာချထားပြီး ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီ၏ ည ၁၂ နာရီ ၁၃ မိနစ်အချိန် သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(သတင်းစဉ်)

ထောက်ကြန့်-တိုက်ကြီး YBS ယာဉ်လိုင်းအမှတ်(၉၁) ဝိုင်ယာရှော့ဖြစ် မီးလောင်

တိုက်ကြီး စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အင်းယက်ကြီး ကျေးရွာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၄၄) တံတားအမှတ်(၁) အနီးတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ထောက်ကြန့်-တိုက်ကြီး YBS ယာဉ်လိုင်းအမှတ် (၉၁) ယာဉ်အမှတ် 5J/--- ဟွန်ဒိုင်း မီနီဘတ်စ် ခရီးသည်တင်ယာဉ်သည် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းရာ ယာဉ်ရှေ့လေကာမှန်၊ ဆိုဖာထိုင်ခုံ ၁၀ လုံး၊ ဘေးတံခါးများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ သို့ဖြစ်၍ ယာဉ်မောင်း အောင်မြင့်သိန်း (၅၅) နှစ် (၆)လမ်း အိုးတန်းရပ် တိုက်ကြီးမြို့နေသူအား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ထွန်းလှိုင်(မြိုင်)

သာကေတမြို့နယ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၂၀

သာကေတမြို့နယ်၌ ယနေ့နံနက်ပိုင်းက မီးထိန်းကိရိယာ အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က သာကေတမြို့နယ် (၃/ရန်ပြေရပ်ကွက်) (၁၄)လမ်းအရှေ့ အာရ်စီလုံးချင်း ငါးထပ်တိုက် ဒုတိယထပ် အိမ်ငှား ဒေါ်ခင်မိုးကြည်၏ နေအိမ်ရှိ လျှပ်စစ်မီးဖိုနှင့် ရေခဲသေတ္တာ အသုံးပြုထားရာမှ မီးထိန်းကိရိယာအပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် မီးငြိမ်းသတ်ယာဉ် စုစုပေါင်း ခြောက်စီး၊ ကွပ်ကဲမှုယာဉ် စုစုပေါင်း သုံးစီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၄၆ ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး အဆိုပါနေအိမ်တွင် နေထိုင်သူများကလည်း DCP(2-Kg) မီးသတ်ဆေးဘူး တစ်ဘူးဖြင့် ကနဦးမီးငြိမ်းသတ်ခဲ့ကြရာ မိနစ်ပိုင်းအတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မီးထိန်းကိရိယာနှင့် ဝိုင်ယာကြိုး အနည်းငယ်မီးလောင်ခဲ့သဖြင့် အိမ်ငှား ဒေါ်ခင်မိုးကြည်အား သာကေတမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ပွင့်သစ္စာ)

ရန်ကုန်-စစ်တွေကားလမ်း မင်းပြားမြို့နယ် တန်းဆိပ်ရွာနှင့် ဆပ်ကျာရွာအကြား ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်-စစ်တွေကားလမ်း မင်းပြားမြို့နယ် ဆပ်ကျာကျေးရွာအုပ်စု တန်းဆိပ်ကျေးရွာနှင့် ဆပ်ကျာကျေးရွာ အကြား ဝင်းဇားကျေးရွာဘက်သို့သွားသည့် လမ်းဆုံ မိုင်တိုင်အမှတ် (၉၆/၄)နှင့် (၉၆/၅)အကြား ကားလမ်းပေါ်တွင် ယမန်နေ့ ည ၇ နာရီ ၁၅ မိနစ်က ယာဉ်မောင်း ညီညီဝင်း မောင်းနှင်လာသော FUSO ခြောက်ဘီး ယာဉ်နှင့် စစ်တွေမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ကစ္ဆပနဒီခရီးသည်တင်ယာဉ် (ယာဉ်မောင်းစိစစ်ဆဲ) တို့မှာ ယာဉ်တစ်စီးနှင့်တစ်စီး တိမ်းရှောင်သည့်နေရာ၌ ပေါက်ကွဲမှု(၃)ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ကစ္ဆပနဒီခရီးသည်တင် မော်တော်ယာဉ်မှာ ဝဲဘက်မှန် လေးချပ် ကွဲသွားကြောင်းသိရပြီး အခင်းဖြစ်ပွားရာနေရာအား သက်ဆိုင်ရာက မိုင်းရှာဖွေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅၅ စီး၊ သွင်းကုန် ၃၈၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၂၂၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၇၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၆၉၃ သန်းခန့်) အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၉ ရက်တွင် နမ့်ခမ်းမြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော Toyota Probox ယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်းသူဝတ်ဆင်ထားသည့် အနီရောင်အနွေးထည် အင်္ကျီ ယာဘက်အောက် အိတ်ကပ်အတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ငယ်အတွင်း ထည့်လျက် 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပြားပါ တစ်အိတ် (အလေးချိန် ၁၉ ဂရမ်ခန့်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၃၈၀ သန်းခန့်အား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖားကန့်မြို့နယ်၌ နေအိမ်အလုံး ၃၀ မီးလောင်

ဖားကန့် စက်တင်ဘာ ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ ရပ်ကွက်(၄)၌ အလှပြင်ဆိုင်ဖွင့်ထားသော ဦးဇော်ဝင်းနိုင်၏နေအိမ် အပေါ်ထပ်ဧည့်ခန်းရှိ သစ်သားစင်ပေါ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်မီးမှတစ်ဆင့် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ နယ်မြေခံရဲစခန်းမှ ရဲအုပ်စံဝင်း ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ဘက်ဟိုးနှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်ရှစ်လုံးနှင့် ဆိုင်ခန်းပါသည့် နေအိမ် ၂၂ လုံး စုစုပေါင်းနေအိမ် အလုံး ၃၀ ပျက်စီးဆုံးရှုံးခဲ့ပြီး မီးဘေးသင့်ပြည်သူများအား ဆယ်ဇင်းကျေးရွာရှိ သာသနာ့ပါလဘုန်းတော်ကြီးကျောင်း၌ ခေတ္တနေရာချထားကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ ဇော်ဝင်းနိုင် (၃၂)နှစ်အား ဆယ်ဇင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စီရီနယ်လ်ဒို ပြန်လာမှုနဲ့အတူ ရီးယဲလ်ရလဒ်ကောင်းဖို့များနေတဲ့ လာလီဂါပွဲစဉ်(၆)

ရှိုင်းမင်းမင်း စုစည်းသည်။

အက်သလက်တီကို - ဆီဗီလာ ညနေ ၅း၃၀ (၂၃-၉-၁၇)

အက်သလက်တီကိုဟာ စပိန်လာလီဂါမှာ အမှတ်ပေးဇယားထိပ်ပိုင်း နေရာရောက်ရှိစေဖို့ အခုလိုအိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင် ခြေကုန်ထုတ်ကစားထားမှာပါ။ အက်သလက်တီကို အသင်းရဲ့လူငယ်ကစားသမားသစ်တွေကလည်း ခြေစွမ်းကောင်းတွေ ပြသနေပါတယ်။ ဆီဗီလာကလည်း ခြေစွမ်းကောင်းရနေပါတယ်။ ဒါပေမယ့်လည်း အိမ်ရှင်အားနဲ့ အက်သလက်တီကို နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

အလာဗက်စ် - ရီးယဲလ် ည ၈း၄၅ (၂၃-၉-၁၇)

ရီးယဲလ်မက်ဒရစ်ဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာသေချာနေပါတယ်။ အလာဗက်စ်ကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမတည်ငြိမ်တာကြောင့် အိမ်ကွင်းဖြစ်ပေမယ့်လည်း ရီးယဲလ်ကိုတုံ့ပြန်နိုင်ဖို့ ခက်ခဲနေပါတယ်။ ရီးယဲလ်မက်ဒရစ်ပဲ အနိုင်ရမယ်။

မာလာဂါ - ဘီဘာအို ည ၁၁း၀၀ (၂၃-၉-၁၇)

မာလာဂါအသင်းဟာ ဒီရာသီမှာခြေစွမ်းကောင်းတွေရရှိဖို့ ရုန်းကန်နေရပြီး အိမ်ကွင်းပွဲစဉ်တွေမှာလည်း ခြေစွမ်းကောင်းပြသဖို့ ခက်ခဲနေပါတယ်။ ဘီဘာအိုအသင်းကတော့ ကစားသမားကောင်းတွေရှိနေပြီး အသင်းလိုက်ကစားအားကောင်းမွန်နေပါတယ်။ ဒါပေမယ့်လည်း ဘီဘာအိုအနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ မာလာဂါတို့ ဒီပွဲမှာသရေလောက်ကစားနိုင်မှာပါ။

ဂျီရိုနာ - ဘာစီလိုနာ နံနက် ၁း၁၅ (၂၄-၉-၁၇)

ဘာစီလိုနာက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘာစီလိုနာအနေနဲ့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း ဘာစီလိုနာခြေက လက်ရှိအချိန်မှာ ပြန်လည်တည်ငြိမ်နေကာ ပေါ်လင်ညို၊ ဒင်းနစ်ဆွာရက်ဇ်တို့ကအစ ခြေစွမ်းပြနေနိုင်ပါတယ်။ ဒမ်ဘီလီ ပါဝင်နိုင်ဖို့မသေချာပေမယ့် တန်းတက်ဂျီရိုနာကိုတော့ ဘာစီလိုနာတို့ ဖိအားပေးသွားနိုင်ဖို့ရှိနေပါတယ်။ ဘာစီလိုနာကသာ နိုင်ပွဲရဖို့ရှိပါတယ်။

အက်စ်ပန်ညို - ဒီပို့တီဗို ညနေ ၄း၃၀ (၂၄-၉-၁၇)

အက်စ်ပန်ညိုဟာ စပိန်လာလီဂါမှာ ရလဒ်ကောင်းရရှိဖို့ ရုန်းကန်ရှာဖွေနေရပေမယ့်လည်း အစောပိုင်းမှာ ဆုံတွေ့ခဲ့တဲ့အသင်းတွေက အသင်းကောင်းတွေဖြစ်တယ်။ အခုပွဲမှာတော့ အက်စ်ပန်ညိုဟာ ခြေစွမ်းသာမန်လောက်သာရှိနေတဲ့ ဒီပို့တီဗိုနဲ့ရင်ဆိုင်သွားရမှာဖြစ်တယ်။ ဒ့ါအပြင် အခုပွဲကိုအိမ်ကွင်းမှာကစားသွားရမှာဖြစ်လို့ အက်စ်ပန်ညိုတို့ ခြေစွမ်းပိုင်းအသာရလာနိုင်ပါတယ်။ အက်စ်ပန်ညိုတို့ အိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

ဂီတာဖေး - ဗီလာရီးယဲလ် ည ၈း၄၅ (၂၄-၉-၁၇)

ဘာစီလိုနာနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ပေမယ့် ဂီတာဖေးရဲ့ခြေစွမ်းက ကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ဂီတာဖေးအနေနဲ့ ကစားပုံကောင်းမွန်တတ်ပြီး တိုက်စစ်ကလည်း တန်ပြန်တိုက်စစ်ကို အကောင်းဆုံးအသုံးချနိုင်တာ တွေ့ရပါတယ်။ ဒ့ါအပြင် ဗီလာရီးယဲလ်က ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ် ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဂီတာဖေးကပ်နိုင်မယ်။

လက်စ်ပါးမက်စ် - လီဂါနက်စ် ည ၁၁း၀၀ (၂၄-၉-၁၇)

လက်စ်ပါးမက်စ်ဟာ ရာသီအစပွဲစဉ်တွေမှာ ခြေစွမ်းကောင်းရရှိဖို့ ခက်ခဲပေမယ့်လည်း လက်ရှိမှာတော့ ကစားပုံအနည်းငယ်တိုးတက်မှု ရှိလာခဲ့ပါတယ်။ လက်စ်ပါးမက်စ်တို့အိမ်ကွင်းမှာ ရလဒ်ကောင်းရအောင် ရုန်းကန်ကစားမှာဖြစ်ပေမယ့်လည်း လီဂါနက်စ်ရဲ့ အသင်းလိုက်ကစားအားကြောင့် နိုင်ပွဲရဖို့ခက်ခဲနိုင်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲသာဖြစ်လာနိုင်ပြီး လီဂါနက်စ်ကို နှစ်သက်မိတယ်။

အီဘာ - ဆယ်လ်တာဗီဂို ည ၁၁း၀၀ (၂၄-၉-၁၇)

အီဘာဟာ ဒီရာသီမှာခြေစွမ်းကောင်းရရှိဖို့ ခက်ခဲနေဆဲဖြစ်ပြီး အိမ်ကွင်းမှာလည်း ခြေစွမ်းပြဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်တယ်။ ဆယ်လ်တာဗီဂိုကတော့ ကစားသမားကောင်းတွေရှိနေပြီး တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တယ်။ အီဘာတို့အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ သွင်းဂိုးတွေအပြန်အလှန်မြင်တွေ့ရကာ ဂိုးများမယ့်ပွဲ ဖြစ်လာနိုင်ပါတယ်။ ဆယ်လ်တာဗီဂိုနိုင်ပွဲကပ်ရနိုင်ပါတယ်။

ဆိုစီဒက် - ဗလင်စီယာ နံနက် ၁း၁၅ (၂၅-၉-၁၇)

ဆိုစီဒက်အသင်းဟာ ခြေစွမ်းကောင်းမွန်မှုနဲ့အတူ အိမ်ကွင်းမှာ နိုင်ပွဲထပ်ရအောင်ပြင်ဆင်လာမှာဖြစ်တယ်။ ဗလင်စီယာကလည်း ဒီရာသီမှာခြေစွမ်းတိုးတက်မှုရှိနေပြီး ကစားသမားသစ်အများအပြားနဲ့ ကစားပုံကျစ်လျစ်မှုရှိနေပါတယ်။ ဗလင်စီယာရဲ့ကစားအားက အသင်းကြီးတွေကိုခုခံကစားနိုင်တဲ့ ခြေစွမ်းမျိုးရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဆိုစီဒက်အတွက်ခက်ခဲနိုင်ပါတယ်။ ဗလင်စီယာကပ်နိုင်မယ်။

ဘက်တစ် - လီဗန်တေး နံနက် ၁း၃၀ (၂၆-၉-၁၇)

ဘက်တစ်ဟာ ခြေစွမ်းပိုင်းအတက်၊ အကျ တည်ငြိမ်မှုမရှိပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းတွေရတတ်ပါတယ်။ တန်းတက်လီဗန်တေးကလည်း စပိန်လာလီဂါမှာခြေစွမ်းကောင်းတစ်ခုကို ပြသထားနိုင်ခဲ့ပြီး ကစားပုံကျစ်လျစ်မှုရှိတဲ့အသင်းဖြစ်တယ်။ ခြေစွမ်းပိုင်းကွာဟမှုကျဉ်းမြောင်းနေပြီး နှစ်သင်းစလုံးနိုင်ပွဲရအောင် ရုန်းကန်ကစားမှာဖြစ်လို့ သွင်းဂိုးတွေအပြန်အလှန်မြင်ရနိုင်ပါတယ်။ အဝေးကွင်းမှာ လီဗန်တေးတို့ ခြေစွမ်းအနည်းငယ်ကျတတ်လို့ အိမ်ရှင်ဘက်တစ်က နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

■■

အင်တာမီလန် နိုင်ပွဲရယူဖို့ မခက်နိုင်မယ့် စီးရီးအေ ပွဲစဉ် (၆)

ရိုးမား - အူဒီးနီးစ် ည ၇း၃၀ (၂၃-၉-၁၇)

လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ ရိုးမားက ပုံမှန်ခြေစွမ်းမရသေးဘူးလို့ ဆိုနိုင်မယ့် ချန်ပီယံလိဂ်အဝေးကွင်း ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒီပွဲကအိမ်ကွင်းဖြစ်နေတာကြောင့် ရိုးမားတို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာပါ။ အူဒီးနီးစ်ကလည်း ခြေစွမ်းသာမန်သာရှိလို့ ဒီပွဲမှာတော့ ရိုးမားတို့နိုင်ပွဲရသွားနိုင်ပါတယ်။

SPAL - နာပိုလီ ည ၁၀း၃၀ (၂၃-၉-၁၇)

SPAL ဟာအသင်းလိုက်ကစားအား မဆိုးဘူးလို့ဆိုနိုင်ပေမယ့် ရှေ့ကြားပွဲစဉ်မှာ မီလန်လိုအသင်းကြီးနဲ့ရင်ဆိုင်ခဲ့ရပြီး အခုနာပိုလီလိုအသင်းကြီးနဲ့ ထပ်မံရင်ဆိုင်ရမှာဖြစ်တာကြောင့် ခြေစွမ်းကောင်းတစ်ခုပြသလာနိုင်ဖို့တော့ ခက်ပါတယ်။ နာပိုလီကလာဇီယိုနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် အခုလိုပွဲမျိုးမှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ နာပိုလီရဲ့ လက်ရှိခြေကလည်း ကောင်းမွန်နေလို့ နာပိုလီပဲအနိုင်ရမယ်။

ခရိုတိုနီ - ဘီနီဗန်တို ည ၇း၃၀ (၂၄-၉-၁၇)

ဘီနီဗန်တိုက ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေကာ အမှတ်ပေးဇယားအောက်ပိုင်းကို ရောက်ရှိနေရပါတယ်။ ခရိုတိုနီကလည်း အားနည်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းအားရှိနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီပွဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ ခရိုတိုနီကသာပွဲကို ထိန်းချုပ်နိုင်ဖို့ရှိနေကာ နိုင်ပွဲလည်းကပ်ရနိုင်ပါတယ်။

ဂျူဗင်တပ် - တိုရီနို နံနက် ၁း၁၅ (၂၄-၉-၁၇)

မနှစ်ကရာသီမှာ ဂျူဗင်တပ်တို့ အိမ်ကွင်းမှာ တိုရီနိုကိုအနိုင်မရခဲ့ပါဘူး။ လက်ရှိအချိန်မှာလည်း ဂျူဗင်တပ်ခြေကကောင်းမွန်နေပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိသလို ကြားရက်မှာလည်း ဖီအိုရင်တီးနားနဲ့ ရင်ဆိုင်ခဲ့ရလို့ ပွဲပိုပန်းလာနိုင်ပါတယ်။ တိုရီနိုကလည်းအဝေးကွင်းဖြစ်လို့ ခံစစ်အားပြုကစားလာမှာဖြစ်ကာ တိုရီနိုရဲ့ခံစစ်ကစားပုံကလည်း ကောင်းမွန်နေလို့ ဂျူဗင်တပ်နိုင်ရင်တောင် ဂိုးမပြတ်ပါဘူး။

ဆမ်ဒိုးရီးယား - အေစီမီလန် ညနေ ၅း၀၀ (၂၄-၉-၁၇)

မီလန်ကကြားရက်မှာ SPAL လို အသင်းနဲ့သာရင်ဆိုင်ခဲ့ရမှာဖြစ်တာကြောင့် ထင်သလောက်ပွဲပန်းမှုမရှိနိုင်သလို မီလန်ခြေကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့်ဒီပွဲက အဝေးကွင်းဖြစ်နေသလို ပြိုင်ဘက်ဆမ်ဒိုးရီးယားကလည်း ခြေစွမ်းပိုင်းအရကောင်းမွန်မှုရှိကာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုတည်ငြိမ်မှုရှိတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အေစီမီလန်တို့နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရနိုင်ကာ သရေလောက်သာ ကစားနိုင်ဖို့ရှိတယ်။

ကယ်ဂလီယာရီ - ချီယေဗို ည ၇း၃၀ (၂၄-၉-၁၇)

လက်ရှိအချိန်မှာ နှစ်သင်းစလုံးခြေစွမ်းပိုင်းအားနည်းနေကာ ရလဒ်တွေဆိုးရွားခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ရလဒ်ပိုင်းကောင်းမွန်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းက ခြေစွမ်းပိုင်းမကွာဘူးဆိုပေမယ့်လည်း ကယ်ဂလီယာရီက အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာသေချာနေပါတယ်။ ကယ်ဂလီယာရီတို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

ဗီရိုနာ - လာဇီယို ည ၇း၃၀ (၂၄-၉-၁၇)

တန်းတက်အသင်းဖြစ်တဲ့ ဗီရိုနာက ခြေစွမ်းပိုင်းအရတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းဖို့ အားစိုက်လာမှာဖြစ်ပေမယ့် လာဇီယိုလိုအသင်းကောင်းကိုတော့ ထိန်းချုပ်နိုင်ဖို့ရှိပါတယ်။ လာဇီယိုက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့် အခုလိုပွဲမျိုးမှာအမှားခံမှာ မဟုတ်ပါဘူး။ အစစ ကွာဟနေတဲ့ ဒီပွဲမှာလာဇီယိုကသာ နိုင်ပွဲရယူသွားဖို့ရှိနေပါတယ်။

အင်တာ - ဂျီနိုအာ ည ၇း၃၀ (၂၄-၉-၁၇)

ဂျီနိုအာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရသာမန်သာရှိပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းအားနည်းမှုတွေ ပိုမိုရှိတတ်ပါတယ်။ အထူးသဖြင့် အင်တာမီလန်က အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒ့ါအပြင်အင်တာဟာ ဒီပွဲအပြီးမှာလည်း ဥရောပပွဲကစားရဖို့မရှိတာကြောင့် အိမ်ကွင်းမှာ ခြေကုန်ထုတ်ကစားလာနိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ အင်တာကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

ဆာစူအိုလို - ဘိုလော့နာ ည ၁၀း၃၀ (၂၄-၉-၁၇)

ဆာစူအိုလိုခြေက အားနည်းမှုတွေများနေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ခြေစွမ်းပိုင်းပြောင်းလဲမှုတွေရှိလာနိုင်ပါတယ်။ ဒ့ါအပြင် ဘိုလော့နာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ သာမန်သာရှိတာကြောင့် ဒီပွဲစဉ်မှာ ဆာစူအိုလိုတို့ အခွင့်အရေးရနိုင်ပါတယ်။ ဆာစူအိုလို အိမ်ကွင်းမှာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

ဖီအိုရင်တီးနား - အတ္တလန်တာ နံနက် ၁း၁၅ (၂၅-၉-၁၇)

မနှစ်ကရာသီဆုံတွေ့မှုမှာ နှစ်ပွဲစလုံးသရေရလဒ်တွေနဲ့သာ အဆုံးသတ်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာတော့ ဖီအိုရင်တီးနားခြေက ပိုမိုကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဖီအိုရင်တီးနားအနေနဲ့ ဂျူဗင်တပ်နဲ့ကစားခဲ့ရလို့ ပွဲပိုပန်းလာနိုင်ပေမယ့် အတ္တလန်တာက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဖီအိုရင်တီးနားတို့ အခွင့်အရေးရနိုင်ကာ အိမ်ကွင်းမှာနိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။

NIC NANYENG INTERNATIONAL COLLEGE
"YOUR SUCCESS IS OUR GOAL"

(Batch 34)
Oct 8th စမည်။

PASAS (Singapore) မှ အသိအမှတ်ပြု

Executive Certificate in Business Management (3 Modules)

(Module 1)
Cert in Human Resource Management
Dr. ဒေါ်ဥမ္မာမြင့် Ph.D (HRM,Delhi University),
M.Com, YIE (9:00 am to 12:00 pm)

(Module 2)
Cert in Leadership and Organizational Development
Dr. ဒေါ်ဝင်းသီတာ Ph.D
(1:00 pm to 4:00 pm)

(Module 3)
Professional Cert in Marketing Management
Asst. Prof. ဦးဝင်းမင်းသိမ်း(ဆရာ Kevin)M.Sc (UK).,Ph.D(Thesis)
(4:00 pm to 7:00 pm)

မြို့အမှတ်(၁၂၄/C)၊ ကျွန်းအေးဘုရားလမ်း၊
ဗဟန်း(၂)/ နှင့်ရွှေဂုံတိုင်အနီး၊ ဗဟန်းမြို့နယ်။

Sunday Only (6 Weeks)
တစ်ဘာသာချင်းစီ တက်ရောက်သူများကိုလည်း NIC မှ
Competence Certificate ချီးမြှင့်ပါမည်။

Ph : 09-420118100, 09-250640429

eco Eco Plus Trading Co.,Ltd.

CONWOOD by INSEE

အိမ်အတွင်း/အပြင် အလှဆင်ဖို့အတွက် အကောင်းဆုံးနှင့်အသင့်လျော်ဆုံး
Conwood အမှတ်တံဆိပ် သစ်အစားထိုး " Fibre Cement Products "

(၁) လအတွင်း ကျပ်သိန်း (၅၀)ဘိုး
ဝယ်ယူအားပေးသော Customer များအား
ကျေးဇူးတုံ့ပြန်သောအားဖြင့် " Conwood Deck "
(ကြမ်းခင်း) (၁)ကျင်း နှင့် "Design" အခမဲ့ဝန်ဆောင်မှုပေး
ခြင်းတို့ကို " Thidingyut Festival Promotion " အဖြစ်
အထူးလက်ဆောင် ပေးအပ်နေပြီ ဖြစ်ပါသည်။

◆အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ တပ်ဆင်နိုင်ခြင်း။
◆မိုးဒဏ်၊ ရေဒဏ်၊ ရာသီဥတုဒဏ်ကို ခံနိုင်ခြင်း၊ ခြမစားခြင်း၊
ဆွေးမြေ့မှု မရှိခြင်း။
◆အခန်းတွင်းအပူချိန်ကို လျှော့ချပေးနိုင်ခြင်း။
◆သစ်ကို အသုံးပြုထားသကဲ့သို့ ခံစားမှုကို ပေးစွမ်းနိုင်ခြင်း။
◆အပူဒဏ်ခံနိုင်ခြင်း၊ မီးလောင်မှုကို ရာနှုန်းပြည့်ကာကွယ်နိုင်ခြင်း။

Address : No.51, Lanthit Street, Insein Township, Yangon.
Contact No : +95-9-798890801~2, +95-1-3-644631, 3-643904
Website : www.ecoplustrading.com
Webmail : sales@ecoplustrading.com

"Conwood Product" များကို အသုံးပြုခြင်းဖြင့်
သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြပါစို့

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော " ABS Plastic Formwork "
(ကျောက်ပုံး၊ကျောက်ခွက်)များကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်
အကျိုးရှိစေရန် " ဈေးနှုန်း " သက်သာစွာဖြင့် " အငှါး " ဝန်ဆောင်မှုများ
ပေးအပ်နေပြီ ဖြစ်ပါသည်။

eco Eco Plus Trading Co., Ltd.

"အထူးဂုဏ်သတ္တိများ"

အငှါး ဝန်ဆောင်မှု

★ Plastic အစိတ်အပိုင်းများဖြစ်၍ ပေါ့ပါးပြီး သယ်ဆောင်ရ လွယ်ကူခြင်း။
★ ဖြုတ်တပ်ရ လွယ်ကူမြန်ဆန်ခြင်း။ (၁၀' မြင့် Column တိုင်တစ်လုံးအတွက် တပ်ဆင်ချိန် ၂၀ မိနစ်၊ဖြုတ်သိမ်းချိန် ၅ မိနစ်သာ ကြာခြင်း)။
★ ချောမွေ့သိသာသော မျက်နှာပြင်ကို ရရှိစေခြင်း။
★ ဘိလပ်မြေအသီအနှစ်များကို အပြည့်အဝ ရရှိစေခြင်း။
★ ရာသီဥတုမရွေး အသုံးပြုနိုင်ခြင်း။

Address : No.51, Lanthit Street, Insein Township, Yangon.
Contact No : +95-9-798890801~2, +95-1-3-644631, 3-643904
Website : www.ecoplustrading.com
Webmail : sales@ecoplustrading.com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဧယျာဝတီရိပ်ကွက်၊ တိုက်ခန်းအမှတ်(၃၃၄)၊ B-5၊ ငါးလွှာအခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေရီ ၁၂/လမတ(နိုင်) ၀၀၅၉၇၁ နှင့် ဒေါ်သူဇာဆွေ ၁၂/သကတ(နိုင်)၁၂၆၆၇၉ တို့ထံမှ ကျွန်တော် ဦးကိုပါ(လ်) ၉/ပဥလ(နိုင်)၀၄၂၅၃၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ယူဆောင်၍ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကိုပါ(လ်) ၉/ပဥလ(နိုင်)၀၄၂၅၃၉
အမှတ် (၈၅)၊ မြေညီထပ်၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၉-၄၂၈၂၀၁၄၉၁၊ ၀၉-၇၉၉၈၈၈၀၂၁၃

သန်းရွှေနှင့်ရောင်းရင်းများ ၅ သီတင်းကျွတ်ဘုရားစုံဖူး

☆အင်းလေးဖောင်တော်ဦးပွဲ၊ တောင်ကြီး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ၊
မွေတော်ကက္ကူ(၄)ရက်။ လှိုင်ကော်ပါ(၅)ရက်။ Sep 22, 29, Oct 3,4,6
☆ပုဂံ-ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ နေပြည်တော်(၄)ရက်။
☆ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
☆မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်။ အားလုံးပါ(၇/၁၀)ရက်။
☆ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ခဲကမ်းခြေ(၅)ရက်။
☆ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း(သူဌေးကျွန်း)(၇)ရက်။ Oct 3
☆မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ၊ ကျိုက်ထီးရိုး(၂/၃)ရက်။☆ကျိုက်ထီးရိုး/ ရှောင်းသာ(နေ့စဉ်)
နေ့ချင်းပြန်(မနေ့/ဘုရင့်နောင်)☆ပြည်၊ အကောက်တောင်၊ ဒုဂံရစ်☆ နေပြည်တော် ☆ဇလွန်
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

မျက်နှာချင်းဆိုင် ... စည်းစိမ်အပြည့်ဖြင့်
သွား၊ချင်တဲ့ရုံကိုသွား၊ ငှား၊ချင်တဲ့ကားကိုငှား၊
TOP -09 787200619
-09 448087644
-09 770073850
ကို ၂၄ နာရီဖုန်းဆက်လိုက်ပါလား!
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား!

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၉/ဂ၊ မြေကွက်အမှတ်-၁၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ်-၁၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ဦးမြသောင်းအမည်ပေါက် မြေအမျိုးအစား"ဝ"မြေ(R-5)မြေအား အမည်ပေါက် ဦးမြသောင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသော ဦးရန်မျိုးနိုင်မှ တရားလိုပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၁၁၁/၂၀၁၆ဖြင့် အိမ်ရာမြေ ၃/က လျှောက်ထားရန်နှင့် မြေကွက်တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု စီရင်ချက်ဖြင့် ဦးမြသောင်းအား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၃၇/၂၀၁၆ အရ တရားရှုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်ငုဝါ(ဘီလစ်)[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တရားရုံးဒီကရီအထောက်အထားများ ၂၁-၁၂-၂၀၁၆ရက်စွဲပါ တရားရုံးမှ တာဝန်ပေးအပ်ခြင်းနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ ၃(က)ခံဝန်ချက်လက်မှတ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ် မြတောင် အ. ထ. က တက္ကသိုလ်ဝင်တန်း (ဝိဇ္ဇာဘာသာတွဲ)ဖြင့် ပညာသင်ကြားနေသော မဖြိုးစန္ဒာထွန်း၏ မိခင် ဒေါ်မြင့်မြင့်နွယ် (ခ) ဒေါ်ခင်ဝင်း [၅/ထခန(နိုင်)၀၀၈၀၁၈]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်နွယ် (ခ) ဒေါ်ခင်ဝင်း**

တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ် မြတောင် အမှတ်(၄) ရပ်ကွက်နေ မဟေမာန်ဆွေ၏ ဖခင် ဦးဆွေအေး (ခ) ဦးတင့်ဆွေ [၅/ထခန(နိုင်) ၀၀၈၀၅၅]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဆွေအေး (ခ) ဦးတင့်ဆွေ**

အမည်ပြောင်း

လှိုင်မြို့နယ်၊ အမက (၂)မူလွန် လှိုင်တတိယတန်းမှ ဦးအောင်အောင် [၁/မကန(နိုင်)၁၂၈၂၅၇]၏ သား မောင်ဇေမင်းခန့်အောင်အား ယနေ့မှစ၍မောင်ဇေမင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

zcift rnfe

မုံရွာမြို့၊ ပါရမီပညာ့ရိပ်မွန်၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ မောင်အောင်ဇေယျာထွန်း၏ ဖခင် အမည်မှန်မှာ ဦးပေါဌြိမ်း[၅/ဒပယ(နိုင်)၀၄၁၁၆၂] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးတောမ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝေဖြိုးထက်၏ ဖခင်အမည်မှန်မှာ ဦးအန်ကူး [၅/အရတ(နိုင်) ၀၈၃၃၅၁]ဖြစ်ပါကြောင်း။

သွေးသည် အသက်

ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးတောမ အထက တက္ကသိုလ်ဝင်တန်းမှ မောင်သန်းထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝယ်[၅/အရတ (နိုင်)၀၇၅၄၈၇] ဖြစ်ပါကြောင်း။

မီးသတိပြု

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V LE MANS EXPRESS V.11 သင်္ဘောသည် ၂၆-၉-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V LOTUS LEADER V.15 သင်္ဘောသည် ၂၅-၉-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING CORAL V.11 သင်္ဘောသည် ၂၅-၉-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရွှေထူးလွင် ချောင်းသာ/ငွေဆောင်/စား/တည်း/ပို့- ၃၅၀၀၀/-
(ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ)၊(မန္တလေး၊ပြင်ဦးလွင်၊မုံရွာ)၊(အင်းလေး၊ဖောင်တော်ဦးဘုရားပွဲ၊တောင်ကြီး၊သီးပုံ၊ပုံပွဲ၊ပင်းတယ)၊(လှိုဏ်ဂူ)၊(ကျိုက်ခဲ၊ကောင်းဆီ၊လိုက်၊ရွှေတိဂုံ)၊(တမူး၊ကလေး၊မိုးလေး၊ ကားခါး၊ ဂို့ဒိရေကန်)၊(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊မျှော်ရှစ်၊မြိတ်)၊(ဘန်ကောက်မြဘုရား၊ကန်ချနာဘူရီ၊အယုဒ္ဓယ)၊(ကချင်)၊(ကော့သောင်းသူဌေးကျွန်း၊ ရနံ့နောင်း)၊(မြဝတီ)၊(ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ)၊(ကော့သောင်း)၊(ပြည်၊အကောက်တောင်)၊(ဇလွန်)
Ph: 09 450044494, 09 450044496 ကားစီးလုံးငှားသည်။ (အိမ်အရောက်ပို့/ကြို)

jynfxmifpkorwjref\mEdkif\Hawmfpk\d pdkufysK;a&;?ar;jrLa&;ESifqnfajrmif;0efBuD;Xme au;vufa'ozGH\NzdK;wdk;wufa&;OD;pD;Xme t&nftcsif;ppfa&;zaJ;atmifjrifolrsm;pm&if;xkwfjyefaMumfjcif;

၁။ ၂၀-၈-၂၀၁၇ရက်တွင် ပြုလုပ်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်မြင်သူများ စာရင်းအား ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ၂၁-၉-၂၀၁၇ရက်မှစ၍ ထုတ်ပြန်ကြော်ငြာထားပါသည်။

၂။ အငယ်တန်းစာရေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းအား ၂၈-၉-၂၀၁၇ရက်တွင် ရေးဖြေစာမေးပွဲ ဖြေဆိုခဲ့သည့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ သွားရောက်သတင်းပို့ ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဆရာ/မ၊ အရာရှိဖြစ်သူများ ရေးပြလျှင်သတင်းစာဆုံးမည်မဟုတ်
ယုံကြည်စွာအပ်နှံပါ | ငွေကုန်လူပန်းမဖြစ်စေရ
ပညာရေး ကောလိပ်နှင့် နေ့စားလပေး ဝင်ခွင့်ရ
ပါရဂူ ဆရာကြီး SH မြင့်သူထက် YU
GTI (အင်းစိန်) UFL (ဒီပလိုမာ)
B.Ed
စာပေးစာယူ (၂) နှစ် ဝင်ခွင့်ရ ပို့/ဆက်
ရာထူးဝန်အဖွဲ့ (ဝန်ကြီးဌာန ၁၁ ခု)
ပထမစစ် (Eng+GK) နှင့် ရေးဖြေဝင်ခွင့်ရ
တိုက် (၃၅)၊ ၃-လွှာ၊ ၁ပ (၅၀) လမ်း၊ (လှည်းတန်းဈေးအနောက်လမ်း)
ရန်ကုန်။ ဖုန်း ၀၁ ၅၂၃၀၁၇၊ ၀၉ ၄၄၃၀၀၈၇၁၉၊ ၀၉ ၂၆၃၇၀၄၀၀၅

လုံခြုံရေးဝန်ထမ်းအလိုရှိသည်

- လုံခြုံရေးအတွေ့အကြုံရှိသူ၊ အငြိမ်းစားတပ်မတော်သား၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံများအားဦးစားပေးမည်။
- အသက် (၂၀-၆၀) နှစ်ဖြစ်ရမည်။
- ပညာအရည်အချင်းမှာ အလယ်တန်းနှင့် အထက်ဖြစ်ရမည်။
- အရက်၊လောင်းကစားကင်းရှင်းသူဖြစ်ရမည်။
- တာဝန်သိပြီး စည်းကမ်းလိုက်နာနိုင်ရမည်။
- လိုအပ်ပါက နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တ ကောင်းသူဖြစ်ရမည်။
- နယ်မှလာရောက် လုပ်ကိုင်သူများအတွက် နေထိုင်မှုနှင့် စားသောက်စာရိတ်(အခမဲ့)စီစဉ်ပေးမည်။

ဆက်သွယ်ရန် - **SECURED NATION Company Limited အမှတ်-၆၉/A၊ ကမ္ဘောဇလမ်း၊ဗဟန်းမြို့နယ်။**
ဖုန်း - ၀၉ - ၇၇၇၁၁၀၄၀၀၊ ၀၉ - ၇၇၇၁၁၀၅၀၀၊ ၀၉ - ၇၇၇၁၁၀၆၀၀

ဖခင်အမည်မှန်

အင်းစိန် အထကခွဲ(၈) တက္ကသိုလ်ဝင်တန်းမှ မတေးနုယဉ်၏ ဖခင်အမည်မှန်မှာ ဦးစောဟံတာ [၁၂/အစန(နိုင်)၁၀၄၅၄၅] ဖြစ်ပါသည်။

ဦးစောဟံတာ

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် အထက ပန်းအိုင် ဒသမတန်း(B)မှ မစိုးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် [၉/မလန(နိုင်) ၁၀၆၄၀၄] ဖြစ်ပါကြောင်း။

ဦးဝင်းကျော်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်း၊အမှတ်(၅၁၅/၂-ခ) တွင်ဆောက်လုပ်လျက်ရှိသော ၂ခန်းတွဲ(၈ထပ်ခွဲ)တိုက်မှ ၆လွှာ၊(ဝဲဘက်ခန်း) (၆-A)တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဦးလှဝင်း [၁၂/ကတတ(နိုင်)၀၁၁၉၇၉] မော်ဒန်ဆောက်လုပ်ရေး၏ ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန်းညွန့် (LL.B) | **ဦးနိုင်ထွဋ်လင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇) | **အထက်တန်းရှေ့နေ (စဉ်-၃၅၅၄၅)**

(ဖုန်း-၀၉-၅၅၀၆၁၅၇)
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၈၅၅၀၆၁၅၇

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၆(C-၂)၊ မြေကွက်အမှတ်-Northern Portion Of Eastern ½ of I-12၊ ရွှေဘုံသာလမ်း၊Land Mart Condominium၊အမှတ်(၄၆၃/၄၆၅/၄၆၇) တွင် ၁၂ထပ်ခွဲရှိ ၁၁ထပ်၊ (၁၁/B)၊ ကွန်ဒိုအခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား မိခင်ဖြစ်သူ ဒေါ်အေးအေးမြင့် [၁၂/ပဘတ(နိုင်)၀၂၇၉၅၁]မှ သမီးဖြစ်သူ ဒေါ်မာလာမြင့်(PBDN-010091) အား နေအိမ်ကွန်ဒိုတိုက်ခန်းလွှဲပြောင်းပေးအပ်ခြင်းနှင့် လက်ခံရယူခြင်း ကတိစာချုပ်အရ တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်သန်း၏ လွှဲအပ်ညွှန်ကြားချက်များအရ

ဦးဝင်းမင်းစိုး (LL.B), WIPO (Switzerland) | **ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄) | **အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**
Ph-01-246869, 09-450023651 | **Ph-09-254508917, 09-799548123**

အခန်း(၈-၁၁၊ ၁၅)၊ ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်းတောင်ဘက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မြခြေကျင်း မငွေမြိုင် အလွမ်း

ဒေါ်အုန်းကြည်သား

ကိုယ့်ဇာတ်ကိုစီးကာ ခေါင်းဆောင်မင်းသမီးကြီးအဖြစ်နှင့်သာ လွန်စွာမှနာမည်ကျော်ကြားခဲ့ရသည့် မြန်မာ့သဘင်အနုပညာရှင်ကြီး မြခြေကျင်း မငွေမြိုင်(အမေမြိုင်)ဆိုတာ ရှိခဲ့ဖူးလေ၏။

ထိုသဘင်အနုပညာရှင်ကြီးသည် ၁၉၅၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကွယ်လွန်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၃ ရက်ဆိုလျှင် နှစ်ပေါင်း (၅၀) ပြည့်သွားပြီဖြစ်လေတော့၏။

မင်းသမီးကြီး မြခြေကျင်း မငွေမြိုင်မှာ ကွယ်လွန်ချိန်တွင်(၆၂)နှစ်အရွယ်ရှိ၏။

ဇာတ်ဆရာမကြီး

မြခြေကျင်း မငွေမြိုင်သည် အငြိမ့်မင်းသမီးတစ်ယောက်မဟုတ်ချေ။

အမေမြိုင်သည်ကား ဇာတ်ဆရာမကြီး။ ကိုယ့်ဇာတ်ကို ကိုယ်တိုင်ဇာတ်စီးသူ ဇာတ်ခေါင်းဆောင်မင်းသမီးတစ်လက်ဖြစ်လေ၏။

ထိုခေတ် ထိုအချိန်အခါက ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် သူ၏ကိုယ်ပိုင်ဇာတ်တွင် ခေါင်းဆောင်မင်းသားကြီးဖြစ်သကဲ့သို့ သူ၏ဇာတ်မှ မင်းသမီးများမှာ နောက်ကလိုက်ရ၏။

အမေမြိုင်ကမူ သူ၏ဇာတ်တွင်လည်း သူကပင် ဦးဆောင်ကာ မင်းသားများက နောက်ကလိုက်ရလေ၏။

ထို့ကြောင့် အမေမြိုင်၏ဇာတ်တွင် မင်းသမီးအခန်းများပါသော မင်းသမီးဇာတ်ကို အသားပေးသည့် ဒွေးမယ်နော်ငွေတောင်ပြည်ပြန် စသည့် ဇာတ်လမ်းမျိုးကို ကခဲ့လေ၏။

ရှေ့မှဦးဆောင်သူ

ဇာတ်မင်းသားကြီး ဦးဖိုးစိန်နှင့် တွဲကဖူးသည့် မင်းသမီးများစွာရှိသကဲ့သို့ ဇာတ်မင်းသမီးကြီး မြခြေကျင်း မငွေမြိုင်မှာလည်း တွဲဘက်မင်းသားများစွာရှိလေ၏။

ထို့ များစွာရှိသော မင်းသားများသည် အမေမြိုင်အား မကျော်လွှားနိုင်ကြသည်မှာလည်း အမေမြိုင်၏ထူးခြားချက်ပင် ဖြစ်လေ၏။

ထို့ကြောင့် အမေမြိုင်ဆိုသူက ဇာတ်မင်းသမီးကြီးဖြစ်ပြီး ဇာတ်မင်းသမီးဆိုသည်မှာ ဇာတ်ကိုခေါင်းဆောင်သော မင်းသမီးဖြစ်၏။

အမေမြိုင်သည်မှာကား ဇာတ်ခင်းရာတွင် လွန်စွာမှပိုင်ပိုင်နိုင်နိုင် အပြော၊ အဆို၊ အငိုတို့ကို သယ်နိုင်၏။

ထိုသို့မက အကအခန်းတွင်လည်း အဆိုအကသာရှိသောအငြိမ့်မင်းသမီးတို့ထက် နောက်မကျန်ရစ်ဘဲ ရှေ့မှပြေးလျက်ရှိလေ၏။

အမေမြိုင်၏တပည့်များ

ထို့ကြောင့် အမေမြိုင်က ဇာတ်မင်းသားကြီး ဦးဖိုးစိန်ထက်လွန်စွာမှ သာသောအချက်ပင် ဖြစ်ခဲ့ဖူးလေ၏။

ဇာတ်သဘင်လောကတွင် ဦးဖိုးစိန်မွေးထုတ်သော ဇာတ်မင်းသား၊ ဇာတ်မင်းသမီးဟူ၍ လွန်စွာမှ ရှားပါးပြီးလျှင် ဦးဖိုးစိန်၏သားများမှလွဲ၍ မရှိသလောက်ရှားပါးလှလေ၏။

အမေမြိုင်တွင် မင်းသမီးတင်မက ဇာတ်စီးခေါင်းဆောင်လုပ်မည့် မင်းသားတွေလည်း လွန်စွာမှများပြားလှလေ၏။

အမေမြိုင်၏တပည့် ဇာတ်မင်းသား၊ ဇာတ်မင်းသမီးများမှာ ရွှေမန်းတင်မောင်(သစ္စာ၊ မေတ္တာရွှေမန်းသဘင်)၊ ရွှေမန်းကျော်တင့်၊ ရွှေမန်းဗိုလ်ကေ၊ ငြိမ်းချမ်းရေးညွန့်တင်၊ ပျော်တော်ဆက်မတင်အောင်၊ မိတ်ဆက်မြသန်း၊ ခင်မေကြိုင်တို့ဖြစ်ကြကုန်၏။

ဦးဖိုးစိန်နှင့်မငွေမြိုင်

ထိုခေတ်ထိုအချိန်ကာလက မြန်မာ့ဇာတ်မင်းသားကြီး ဦးဖိုးစိန်မှာ လွန်စွာမှ အောင်မြင်ကျော်ကြားသကဲ့သို့ မြန်မာ့ဇာတ်မင်းသမီးကြီး မြခြေကျင်း မငွေမြိုင်မှာလည်း အောင်မြင်ကျော်ကြားသူဖြစ်ခဲ့ဖူးလေ၏။

ထိုအခါ ဇာတ်မင်းသားကြီး ဦးဖိုးစိန်က ဇာတ်မင်းသမီးကြီး မြခြေကျင်း မငွေမြိုင်အား သူနှင့်တွဲကရန် ကမ်းလှမ်းလေ၏။

သို့သော် အမေမြိုင်က သူလည်းသူ့ဇာတ်မှာ ဇာတ်စီးခေါင်းဆောင်ဇာတ်မင်းသမီးကြီးတစ်ယောက်၍ ဦးဖိုးစိန်ကမ်းလှမ်းသည်ကို လက်မခံဘဲ ငြင်းဆန်လိုက်လေ၏။

အဘယ်ကြောင့် ဦးဖိုးစိန်ကမ်းလှမ်းချက်ကို အမေမြိုင်က ငြင်းဆန်ရခြင်းမှာကား . .

ဦးဖိုးစိန်သည် သဘင်ပညာသည်များအား သူ့ဇာတ်တွင်ခေါ်ပြီး ဇာတ်ထဲတွင် နှိပ်ကွပ်ကာ ပညာသဘာပြတတ်သည့်အတွက်ကြောင့် ဖြစ်သော်လည်း အမေမြိုင်က ဇာတ်မင်းသားကြီး ဦးဖိုးစိန်၏ ဇာတ်တွင် တစ်နှစ်သာလျှင် အကြောင်းဆုံကခဲ့ဖူးကြောင်း သိရလေ၏။

မကျေနပ်

မန္တလေးမှ စာရေးဆရာမကြီး ဒေါ်ဒေါ်(လူထုဒေါ်အမာ)က

“အမေမြိုင်ကား ဘုရား၊ ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော သေခြင်းတရားနောက်သို့ သူ့အသက်(၆၂)နှစ်အရွယ်တွင် ကောက်ကောက်ပါအောင် လိုက်သွားရှာရလေပြီ။

အမေမြိုင်၏ အနုပညာရပ်များကို ပြည်သူ့ဒီမိုကရေစီနိုင်ငံများ၌ မှတ်တမ်းတင်၍ အပြည့်အစုံသိမ်းဆည်းသိုလှောင်၍ ရယူထားသည်များကဲ့သို့ တစ်ဦးကောင်း တစ်ပညာဟုဆိုရမည့် မြခြေကျင်း မငွေမြိုင်၏ အနုပညာရပ်များကို သိမ်းဆည်းယူငင်ခြင်းမပြုလိုက်ရသည်မှာ မကျေမနပ်ဖြစ်ရသည်ဟုပင် ဖြစ်လေတော့သတည်း။ ။

အိုဟောင်းဘတ်စ်ကားများ အစီး ၂၀၀ ခန့် အပ်နှံမည်

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်မြို့ YBS ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ရှိသည့်အနက် လက်ရှိတွင် အစီး ၂၀၀ ခန့် အပ်နှံသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲလျက်ရှိသည့် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကားများအနက် စက်တင်ဘာ ၂၀ ရက်အထိ အစီးရေ ၂၀၀ ခန့်အပ်နှံရန် အဆိုပြုလာမှုရှိကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

“၉၅ မော်ဒယ် ကားဟောင်းတွေ အပ်နှံပြီးတဲ့နောက်မှာ ၉၆၊ ၉၇၊ ၉၈ မော်ဒယ်တွေလည်း အပ်နှံနိုင်ဖို့ ဆောင်ရွက်လာတာပါ။ အခု ဒီ ၉၈ မော်ဒယ်အထိစာရင်းရှိ အစီး ၄၀၀ လောက်မှာ အပ်ဖို့ ၂၀၀ လောက် ရှိလာပါတယ်။ ဒီကားတွေကို အပ်နှံလက်ခံဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ”ဟု ၎င်းက ပြောသည်။

သက်တမ်းနှစ်(၂၀)နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအားအပ်နှံ၍ လူစီးယာဉ်စလစ်ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခု ဆက်လက်၍ ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ကို အပ်နှံမှု လက်ခံပေးသွားမည်ဖြစ်သည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ဘတ်စ်ကားအစီးရေမှာ အစီး ၄၀၀၀ ဝန်းကျင်ခန့်ရှိပြီး အပ်နှံပြီးဘတ်စ်ကားဟောင်းများနေရာတွင် လက်ရှိအစိုးရက ဝယ်ယူထားသော ခရီးသည်တင်ယာဉ်အစီး ၁၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီတို့က ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀ ကျော် အပါအဝင် ကားသစ်အစီး ၂၆၀၀ ခန့် ဝင်ရောက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

(ဝဝ၁)

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် စပါးစိုက်ဧက တစ်ထောင်ကျော်ပျက်စီးဖွယ်ရှိ

ရေတာရှည် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးရာသီနှောင်းပိုင်းတွင် အကြိမ်ကြိမ်မြင့်တက်ခဲ့သော စစ်တောင်းမြစ်ရေကြောင့် စပါးစိုက်ခင်းများ ဧကတစ်ထောင်ကျော် ပျက်စီးဖွယ်ရာရှိနေသည်။ လက်ရှိအနေအထားအရ ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်တော့သည့်အတွက် တောင်သူများ အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက မြစ်ရေဝင်ရောက်လျက်ရှိသည့် စပါးစိုက်ခင်းများအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ် တောင်သူများက ပြောဆိုခဲ့ခြင်းဖြစ်သည်။

“မြစ်ရေတက်တာ သုံးခါရှိပြီ။ ခုထိ ရေကမကျသေးဘူး။ စပါးခင်းတွေ ရေနစ်နေတာ ရက် ၂၀ လောက်ရှိပြီဆိုတော့ ပျက်စီးကုန်ပါပြီ”ဟု သာဂရကျေးရွာအုပ်စုနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကြာအင်းကုန်း၊ ကက္ကူ၊ ဝဲဒေါင့်၊ သာဂရ၊ ကွမ်းအုံ၊ မိချောင်းအိုင်၊ ဒိုးတန်း၊ ဆင်ငွေ၊ ကဲလင်းဆိပ်၊ ကျွဲရိုင်းပြင်၊ ရဲကုန်းကျေးရွာအုပ်စုများတွင် ကွင်းပေါင်း ၂၈ ကွင်း၊ တောင်သူပေါင်း ၈၅၁ ဦး ပိုင်ဆိုင်သည့် စပါးနှင့်အခြားသီးနှံ ၃၃၃၄ ဧက မြစ်ရေဝင်ရောက်ခဲ့ပြီး လက်ရှိအချိန်အထိ စပါးစိုက်ဧက ၁၇၅၃ မှာ ရေလွှမ်းထားဆဲဖြစ်ကာ ဧက တစ်ထောင်ကျော် ပျက်စီးဖွယ်ရှိနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

တောင်သူများအနေဖြင့် ပဲလှောင်ကုန်များရှုံးသည့်အပြင် စပါးစိုက်ခင်းများပါ ထပ်မံပျက်စီးကြရသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် လူမှုရေးအသုံးစရိတ်များတွင် အခက်အခဲများစွာဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင် လောင်စာလည်းရ ပြည်လည်းလှ

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား၊အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀
မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန်အတွက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် နဝမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘောအားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ်ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ တတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့်အတူ ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ တတိယဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်က တစ်ဦးချင်းဆုတံဆိပ်နှင့်အတူ ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီးတံခွန်စိုက်ဆုဖလားဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်ဇော်

ကမ္ဘာ့ရွှေဈေးကွက်မြင့်တက်မှုကြောင့် မန္တလေးရွှေဈေးကွက်စံချိန်တင်မြင့်တက်၍ အရောင်းအဝယ်အေး

မန္တလေး စက်တင်ဘာ ၂၀
မန္တလေးမြို့ရွှေဈေးကွက်တွင် မြန်မာ့ရွှေအရောင်းအဝယ် သက်တမ်းတစ်လျှောက် စက်တင်ဘာ ၁၉ ရက် ဈေးဖွင့်ချိန်တွင်တစ်ကျပ်သားငွေကျပ် ၉၄၉၅၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းထံမှသိရသည်။

ရွှေထွက်ရာဒေသများဖြစ်သော သပိတ်ကျင်း၊ ရမည်းသင်းမြို့နယ်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်ခြင်း၊ ဒေါ်လာလဲလှယ်နှုန်းမြင့်တက်နေခြင်း၊ ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ရွှေဈေးများမြင့်တက်လျက်ရှိသည်။

စက်တင်ဘာလအတွင်း အခေါက်ရွှေတစ်ကျပ်သားငွေကျပ် ၉၀၀၀၀၀ အောက်ပြန်ကျရန်မဖြစ်နိုင်သေးကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။ ရွှေဈေးအမြင့်ဆုံးရောက်ရှိသွားသောကြောင့် အရောင်းအဝယ်ပါးသွားပြီး ရွှေစုဆောင်းထားသူအချို့မှာလည်း အခေါက်ရွှေဈေး ကျပ်ကိုးသိန်းလေးသောင်းကျော်ရောက်ရှိလာသဖြင့် ပြန်လည်ထုတ်ရောင်းချသူများပြားလျက်ရှိကြောင်း မန္တလေးမြို့ရွှေအရောင်းအဝယ်ဈေးကွက်မှသိရသည်။

စက်တင်ဘာ ၁၉ ရက်နံနက် ၇ နာရီ ဈေးအဖွင့် အခေါက်ရွှေတစ်ကျပ်သားငွေကျပ် ၉၄၉၅၀၀၊ ၁၅ ပဲရည်ငွေကျပ် ၈၉၄၅၀၀၊ ဒင်္ဂါးငွေကျပ် ၈၆၀၀၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စ ၁၃၀၇ ဒေါ်လာ၊ ငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၁၃၅၅ ကျပ်ရှိကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

ပြည်သူများ စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သူတိုးပွားရေး၊ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေးပြီး သုတရသ စာအုပ်များလှူဒါန်း

သာစည် စက်တင်ဘာ ၂၀
မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ရပ်ကွက်ကျေးရွာစာကြည့်တိုက်မှူးများ၊ မိမိတို့ရပ်ကွက် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသောစေတနာရှင်လူငယ်များနှင့် စာပေကိုစိတ်ဝင်စား၍အများပြည်သူကိုလည်း စာပေဖတ်ရှုနိုင်စေရန် မိမိတို့တစ်ပိုင်တစ်နိုင်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသူများ တက်ရောက်ဆွေးနွေးသော စာကြည့်တိုက်များရှင်သန်ခိုင်မာရေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်အိအိသန်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေးက မိမိအနေဖြင့်ပြည်သူများစာပေနှင့်ကင်းကွာမှုမရှိစေရန်စာအုပ်ရှိရာမလာရောက်နိုင်သူများအား အိမ်အရောက် လိုက်လံငှားရမ်းပေးလျက်ရှိသော“အလင်းမြစ်”အိမ်အရောက်စာအုပ်ငှားရမ်းရေးဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ဦးလေးမောင်(အလင်းစေတမန်)ကိုယ်ပိုင်စာကြည့်တိုက်နှင့်စာရေးဆရာလင်းခေတ်တို့က အများပြည်သူစာပေဖတ်ရှုနိုင်ရေး ဆောင်ရွက်ပုံများကိုမျှဝေရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍တက်ရောက်လာသူများကလည်း မိမိတို့စာကြည့်တိုက်များနှင့်ပတ်သက်၍ စာဖတ်သူတိုးပွားရေး၊ စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသောအခက်အခဲများကိုရှင်းလင်းတင်ပြကြသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်များအတွက်သုတရသ စာအုပ်များလှူဒါန်းပေးခဲ့ကြောင်းသိရသည်။

ထွန်းထွန်း(သာစည်)

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

မြင်းခြံ စက်တင်ဘာ ၂၀
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ဆုံစည်းရာနေရာတွင် တည်ရှိသဖြင့် နှစ်စဉ် မြစ်ရေကြီးချိန်များတွင် ရပ်ကွက်၊ ကျေးရွာအချို့၌ ရေဝင်ရောက်သဖြင့် ခေတ္တရှောင်ရှားနေကြသူ ပြည်သူများကို နှစ်ကိုပ်ရှစ်ဆူဘုရား ရင်ပြင်တော်ပေါ်တွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက မြစ်ရေဝင်ရောက်၍ ရေဘေးရှောင်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့မှ ပေးပို့လှူဒါန်းသည့် ဆန်၊ ဆီတို့ကို ယခုလိုလာရောက်ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရေဘေးရှောင်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသည့် ဆန်နှင့်ဆီတို့ကို တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဘေးရှောင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။ မြင်းခြံမြို့တွင် ရေဘေးရှောင်အိမ်ထောင်စု ၃၈၄ စု၊ လူဦးရေ ၁၅၉၄ ဦးတို့အား ဆန် ၃၉ အိတ်နှင့် ဆီ ၁၂၉ ပိဿာတို့ကိုပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

မှုခင်းကျဆင်းရေး၊ မှုခင်းမဖြစ်ပွားစေရေး ပိတ်ဆို့ရှာဖွေစစ်ဆေး

မန္တလေး စက်တင်ဘာ ၂၀
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် မန္တလေးခရိုင် နယ်မြေအတွင်း မှုခင်းကျဆင်းရေး၊ မှုခင်းမဖြစ်ပွားစေရေးနှင့် ပြည်သူများစိတ်ချမ်းမြေ့စွာ နေထိုင်သွားလာနိုင်ရေးတို့အတွက် မန္တလေးခရိုင် ရဲတပ်ဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့မနှင့်နယ်မြေရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာဝန်ထမ်းများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းနှင့် ညပိုင်းများတွင် မန္တလေးခရိုင် မြို့နယ် ခုနစ်မြို့နယ်သတ်မှတ်နေရာ ခုနစ်နေရာနှင့် မြို့တွင်း အဓိကလမ်းမကြီးများ၊ ကျုံးပတ်လည်နှင့် ရန်ကုန်-မန္တလေးလမ်း၊ မန္တလေး-စစ်ကိုင်းလမ်း၊ မန္တလေး-မတ္တရာလမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်း မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် အထူးပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်း၊ ဆိုင်ကယ်၊ ကားလှည့်ကင်းများဖြင့်လည်း တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီးဝင်းချွန်၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်တို့ ဦးစီး၍ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ **မောင်ပြည်သူ**

ဒရုန်းအသစ်သုံးမျိုးကို ထပ်မံထုတ်လုပ်လိုက်သည့် Parrot

ဓာတ်ပုံနှင့်ရုပ်သံရိုက်ကူးမှုများအတွက် ပေါ့ပါးပြီးအရည်အသွေးနှင့် နည်းပညာမြင့်သော ဒရုန်းအမျိုးအစားသစ်သုံးမျိုးကို Parrot မှ ထပ်မံထုတ်လုပ်လိုက်သည်ဟုသိရသည်။ ၎င်းဒရုန်းအသစ်သုံးမျိုးမှာ Parrot Mambo Fly, Parrot Mambo Mission နှင့် Parrot Mambo FPV တို့ဖြစ်သည်။

အရွယ်အစားသေးငယ်ကာ ထိန်းချုပ်မောင်းနှင်ရန်လွယ်ကူပြီး သယ်ဆောင်သွားရန်အတွက် ပေါ့ပါးခြင်းတို့ကြောင့် ဓာတ်ပုံနှင့်ရုပ်သံများ ရိုက်ကူးရာတွင် လျင်မြန်စွာစတင်နိုင်မည်ဖြစ်သည်။ ကျစ်လျစ်ခိုင်ခံ့သော ပလတ်စတစ်ကိုယ်ထည်နှင့် ဒလက်လေးခုပါရှိကာ ၃၀ ကီလိုမီတာ အမြန်နှုန်းဖြင့်မောင်းနှင်နိုင်မည်ဖြစ်သည်။ စမတ်ဖုန်းဖြင့်ချိတ်ဆက်ကာ FPV Headset ကို ဝတ်ဆင်မောင်းနှင်မည်ဆိုပါက ကိုယ်တိုင်ပျံသန်းနေရသကဲ့သို့ မြင်ကွင်းမျိုးကိုခံစားနိုင်စေရန်အတွက်လည်း ထည့်သွင်းဖန်တီးထားသည်ဟုသိရသည်။ 720p အရည်အသွေးရှိသော HD ကင်မရာ တပ်ဆင်ပါဝင်ပြီး ပျံသန်းချိန် ၁၀ မိနစ်အတွင်း ၁၂၀ ဒီဂရီပတ်လည် မြင်ကွင်းများကို အပေါ်စီးမှ မြင်တွေ့နိုင်မည်ဖြစ်ကာ ဓာတ်ပုံနှင့်ရုပ်သံမှတ်တမ်းများ ရိုက်ကူးနိုင်မည်ဖြစ်သည်။ ၂၀ မီတာမှ ၁၀၀ မီတာအတွင်း ပျံသန်းနိုင်မည်ဖြစ်ပြီး တန်ဖိုးအားဖြင့်မြန်မာကျပ်ငွေ ၁ သိန်းဝန်းကျင်တွင်ရရှိနိုင်မည်ဖြစ်သည်။

ALEX

DMS 2017 ကိုအောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍများတွင် ကျယ်ပြန့်လာပြီဖြစ်သော အွန်လိုင်းဈေးကွက်အသုံးပြုမှုများအတွက် နည်းပညာနှင့်ဗဟုသုတများကို မျှဝေပေးမည့် Digital Marketing Summit 2017 ကို လာမည့် အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ Digital Marketing ဆိုင်ရာ အတွေ့အကြုံရှိသော ပညာရှင်များမှ ဝင်ရောက်ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

"၂၀၁၃ ခုနှစ် နောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ အင်တာနက်သုံးစွဲတဲ့ လူဦးရေဟာ သိသိသာသာ တိုးတက်လာခဲ့တယ်။ ဒါကြောင့် ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အွန်လိုင်းစီးပွားရေးသမားတွေအတွက် Digital Marketing က ဒီနေ့ခေတ်ကာလမှာ အလွန်အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်လာပါတယ်။ မိမိတို့ လုပ်ငန်းအတွက် Digital Marketing ကို အသုံးချပြီး အောင်မြင်မှုတွေ ပိုမိုရရှိအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီပွဲကို ပြုလုပ်တာဖြစ်ပါတယ်" ဟု Marketing Consultant Agency ၏ Managing Director ကိုဟိန်းသက်ခင်ဇော်က ပြောကြားခဲ့သည်။

Digital Marketing Summit 2017 ပွဲသည် လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများ၊ Brand Manager များ၊ Marketing Manager များနှင့် Digital Marketing ကို စိတ်ဝင်စားသူ လူငယ်များ Digital Marketing အကြောင်းအရာများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိစေရန် တက်ရောက်သင့်သည့်ပွဲဖြစ်သည်ဟု သိရသည်။ ၎င်းဆွေးနွေးပွဲတွင် Digital Marketing နှင့်ပတ်သက်သည့်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားမည်ဖြစ်ပြီး ပညာရှင်များမှ အတွေ့အကြုံနှင့် ဗဟုသုတများကို ပြန်လည်ဝေမျှပေးသွားမည်ဟုသိရသည်။ အဆိုပါပွဲကို အခမဲ့တက်ရောက်ဆွေးနွေးနိုင်မည်ဖြစ်သော်လည်း ခုံအရေအတွက် ကန့်သတ်ထားသောကြောင့် အွန်လိုင်းမှကြိုတင်မှတ်ပုံတင်ထားရန် လိုကြောင်း သိရသည်။

ဓာဏီ

ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးငွေများပေးအပ်

တောင်ကြီး စက်တင်ဘာ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရှမ်းပြည်နယ်အတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို သစ်တော်ရပ်ကွက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ထောက်ပံ့ငွေခွင့်ပြုရန်ပုံငွေ စုစုပေါင်း ကျပ်သိန်းပေါင်း ၃၂၄၁ ဒသမ ၇၂ ကိုပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံသို့ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူးဦးထွန်းဦးက ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က တောင်ကြီးမြို့နယ် ဓမ္မဝိဒူလူငယ်ဖွံ့ဖြိုးရေး ပရဟိတ၊ ငြိမ်းချမ်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အေးသာယာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဒေါ်ကြီးဒေါ်ငယ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ထောက်ပံ့ကြေးငွေများ ပေးအပ်လှူဒါန်း၍လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်ကြီးမြို့နယ် ဟမ်းဆီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ သူငယ်တော်ယေရှု၊ မသန်စွမ်းနှင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဖယ်ခုံမြို့နယ် လအိလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ စလင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဆိုင်ခွန်တောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ နတ်တောလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဘီကင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၊ လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များ၊ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များအသီးသီးရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ ပေးအပ်လှူဒါန်းပေးခဲ့သည်။

လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ရှမ်းရိုးမဘိုးဘွားရိပ်သာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ဌေးက "ယခုလို ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်ပြီး ချီးမြှင့်ပေးအပ်ခြင်းသည် လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာများ၊ အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ မသန်စွမ်းဂေဟာနှင့် ဘိုးဘွားရိပ်သာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ အားလုံးအတွက် ကြီးမားတဲ့အင်အားတစ်ရပ်လည်း ဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ထောက်ပံ့ကြေးငွေ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၂၄၁၇၂၀၀၀ ကို ထောက်ပံ့ပေးသည့်အတွက် နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရကိုလည်း အထူးပဲကျေးဇူးရှိပါတယ်" ဟု ပြောကြားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ မသန်စွမ်းဂေဟာနှင့် ဘိုးဘွားရိပ်သာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ အောက်တိုဘာ ၁ ရက်မှ အသက်အာမခံ စတင်ထားရှိနိုင်

မုံရွာ စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်လျက်ရှိသော တောင်သူဦးကြီးများအနေဖြင့် တစ်နှစ်အတွင်း ငွေကျပ်တစ်သိန်းမှ သိန်း ၅၀ အထိ တောင်သူလယ်သမားအသက်အာမခံများကို ထားရှိနိုင်ပြီဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းရုံး စစ်ကိုင်းတိုင်းဒေသကြီးမှ သိရသည်။

တောင်သူလယ်သမား အသက်အာမခံထားရှိလိုသူများအနေဖြင့် အသက် (၁၆) နှစ်မှ ၆၀ အတွင်းရှိရမည်ဖြစ်ပြီး တောင်သူလယ်သမားများ၊ ၎င်းတို့၏ မိသားစုများ၊ ဆွေမျိုးတော်စပ်သူများ၊ လယ်ယာလုပ်ငန်းအတူလုပ်ကိုင်သူများနှင့် အခြားသူများပါ အာမခံထားရှိနိုင်ကြောင်း သိရသည်။

အာမခံထားရှိမည့်သူအနေဖြင့် မိမိထားရှိမည့် နှုန်းထား၏ တစ်ရာခိုင်နှုန်းအား တစ်နှစ်အတွင်း ပရီမီယံကြေးအဖြစ် ပေးသွင်းရမည်ဖြစ်ပြီး တောင်သူလယ်သမားအသက်အာမခံ ထားရှိသူအနေဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့ပါက အာမခံလက်မှတ်မူရင်း၊ အကျိုးခံစားခွင့်လျှောက်ထားခြင်းပုံစံ၊ ကုသသည့် ဆရာဝန်၏ထောက်ခံချက်၊ အကျိုးခံစားခွင့် တောင်းခံသူမှန်ကန်ကြောင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ဖြင့် တောင်းခံရမည်ဖြစ်သည်။

အာမခံထားရှိသူ သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်တောင်းခံပါက အာမခံလက်မှတ်မူရင်း၊ အကျိုးခံစားခွင့် လျှောက်ထားခြင်းပုံစံ၊ သေစာရင်းမိတ္တူ၊ အကျိုးခံစားခွင့်လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျိုးခံစားခွင့်တောင်းခံသူမှန်ကန်ကြောင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

"တောင်သူလယ်သမားအသက်အာမခံက ဟိုအရင်ကတည်းက ရှိပြီးသားပါ၊ အခုပြင်ဆင်စရာရှိတာ တွေပြင်ဆင်ပြီး ထပ်မံလုပ်ဆောင်တာပါ။ တောင်သူလယ်သမားတွေသာမက တခြားသူတွေလည်း ထားလို့ရပါတယ်။ မြို့နယ်အလိုက်ရှိတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နဲ့ ချိတ်ဆက်ပြီး တောင်သူတွေသိရှိစေဖို့ လုပ်ဆောင်သွားမှာပါ။ ကျေးရွာအလိုက် အာမခံထားရှိချင်တယ်ဆိုရင်လည်း ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေက ကျေးရွာတွေအရောက်သွားပြီး လုပ်ဆောင်ပေးသွားမှာပါ" မြန်မာအာမခံလုပ်ငန်း (စစ်ကိုင်းတိုင်းဒေသကြီး)မှ တိုင်းဒေသကြီးတာဝန်ခံ ဦးတင်မောင်သန်းက ပြောသည်။

တောင်သူလယ်သမား အသက်အာမခံထားရှိလိုသူများအနေဖြင့် ငွေကျပ်တစ်သိန်းထားရှိပါက ပရီမီယံကြေးအဖြစ် တစ်နှစ်လျှင်ငွေကျပ် ၁၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

ငွေကျပ် ငါးသိန်းထားရှိသူများအနေဖြင့် တစ်နှစ်လျှင်ငွေကျပ် ၅၀၀၀ အား လည်းကောင်း၊ ငွေကျပ်သိန်း ၅၀ ထားရှိသူအနေဖြင့် တစ်နှစ်လျှင် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပရီမီယံကြေးအဖြစ် ပေးသွင်းရမည်ဖြစ်သည်။

အာမခံအားလုံး၏ သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။ တောင်သူလယ်သမား အသက်အာမခံထားရှိလိုသူများအနေဖြင့် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ပြီး မြန်မာ့အာမခံလုပ်ငန်း (စစ်ကိုင်းတိုင်းဒေသကြီး) ရုံးတွင် ထားရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

လက်တူးတွင်းပြုပြင်ပေးမှုကြောင့် ဒေသခံများ ရေသုံးစွဲမှုအဆင်ပြေ

တနိုင်း စက်တင်ဘာ ၂၀

ကချင်ပြည်နယ် တနိုင်းမြို့ မကောကျေးရွာတွင် ဒေသခံပြည်သူများအသုံးပြုလျက်ရှိသည့် လက်တူးရေတွင်းအား ပြန်လည် မွမ်းမံပြင်ဆင်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများမှာ သောက်သုံးရေသုံးစွဲမှု အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရလှိုင်ထံမှ သိရသည်။

"ဒီကျေးရွာမှာက လက်တူးတွင်းရေတွင်း ခုနစ်တွင်းရှိပါတယ်။ အခုပြင်ဆင်ပေးတာကတော့ ရွာလယ်မှာရှိတဲ့ ရေတွင်းဖြစ်ပြီး ကျေးရွာနေပြည်သူတွေ အဓိကအားထားသုံးစွဲနေတဲ့ ရေတွင်းတစ်တွင်းဖြစ်တာကြောင့် ဝန်ကြီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁ ဒသမ ၅ သန်းအကုန်အကျခံသုံးစွဲပြီး ပြင်ဆင်ပေးတာပါ"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသူရလှိုင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ လက်တူးရေတွင်းမှာ အချင်းခြောက်ပေရှိပြီး အမိုးအကာနှင့် တိုင်များပျက်စီးနေခြင်း၊ သမံတလင်းအခင်းများ ပျက်စီးနေခြင်းများနှင့် အကာအရံများမရှိခြင်းတို့ကြောင့် သန့်ရှင်းသည့် သောက်သုံးရေရရှိရန်ခက်ခဲလာခဲ့ပြီး ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရန်အတွက် အဆိုပါ လိုအပ်ချက်များအပြင် လက်နှိပ်ရေတိုကင်တစ်ခုပါ တပ်ဆင်ပေးနိုင်ခဲ့ပြီး ကျေးရွာနေပြည်သူ ၂၀၀ ကျော်မှ ကောင်းမွန်သောသောက်သုံးရေ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဦးလေးကြီး

ညှော်

ဆူးငှက်

၁၉၉၉-၂၀၀၀ ပြည့်နှစ် မန္တလေးမြို့မတူရိယာ အသင်းစိန်ရတုသဘင်အခမ်းအနားအတွက် ပြင်ဆင်နေဆဲကာလတွင် ၈၆ လမ်းနှင့် ၂၁ လမ်းထောင့်ရှိ မြို့မအသင်းတိုက်သို့ အပတ်စဉ် စနေနေ့တိုင်းရောက်ဖြစ်နေသည်။ အသင်းတိုက်ရှေ့ ပိတောက်ပင်အောက်ခုံဝိုင်းလေး၌ ထိုင်ရင်း မြို့မအသင်းနာယက လူကြီးများထံမှ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာများ နာကြားရသည်မှာ အရသာရှိလှသည်။

ဓားတန်းဦးသန့်။

အသက် (၉၀)နား နီးနေသော်လည်း နာယကကြီး တောင်မြို့ ဦးကိုလေးမှာ အလွန်မှတ်မိတက်ကြွလှသည်။ သူ့မိတ်ဆွေ ကိုသန့်နှင့် ကိုညိန်းအကြောင်းများပြောလျှင် မမောနိုင်မပန်းနိုင်၊ ကျွန်တော်ကလည်း အချိန်ရလျှင်ရသလို သိလိုသည်များ မေးမြန်းရသည်။

“အဘရေ အသံချဲ့စက်က သီချင်းတစ်ပုဒ် ဖွင့်နေသံကြားရင် လူမမြင်ရ၊ အရုပ်မမြင်ရပေမယ့် ဒါမြို့မလို့ နားကသိတယ်။ ကဲ သီချင်းကမှ ဆရာငြိမ်းသီချင်း၊ ဦးဘသိန်းသီချင်းလို့ ခွဲသိပြီး မြို့မလို့တပ်အပ်ပြောနိုင်တာမျိုးရှိနိုင်သေးတယ်။ ဥပမာဆိုပါတော့ ဆရာယိုးဒယားကန်တော့ခန်းလို တီးလုံးကိုပဲ မန္တလေးက အသင်းချင်းအတူတူ ဒါမြို့မပဲလို့ တပ်အပ်ပြောနိုင်တယ်။ အဲလိုအခြားတီးဝိုင်းတွေနဲ့ ခွဲပြီး သိနိုင်တဲ့ ထူးခြားမှုတွေ မြို့မမှာရှိတာသေချာတယ်။ အဲဒီထူးခြားမှုတွေက ဘာတွေလဲ အဘ” ဟု တစ်နေ့တွင် နာယကကြီး ဦးကိုလေးအား မေးမြန်းမိသည်။

နာယကကြီးက ကျွန်တော့်ကိုပြုံးကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ “ကိုရင်လေးမေးတော့ ချက်ချင်း မဖြေသေးဘူး။ ကိုယ်သေချာစဉ်းစားပြီးမှ ဖြေမယ်”ဟု ပြောခဲ့သည်။ နောက်တော့ ထုံးစံအတိုင်း ကျွန်တော်ကလည်း မေ့မေ့ပျောက်ပျောက်။ နာယကကြီးကလည်း အရွယ်နှင့်မမျှသော တာဝန်ယူမှုများဖြင့် အလုပ်ရှုပ်။

စက္ကူပန်းရုံ၏အရိပ်

တစ်နှစ်သော ဂိမာန်နွေဦးနေ့တစ်နေ့တွင် အမရပူရတောင်လေးလုံးကျောင်းတိုက်သို့ အမှတ်တရပွဲတစ်ပွဲ သွားဖြစ်သည်။ ကျွန်တော်က နည်းနည်းနောက်ကျ။ သူဌေးဘုရားရင်ပြင်တွင် ခင်းကျင်းထားသော ပလတ်စတစ်ရောင်စုံ ဖျာချပ်များပေါ်၌ပင် နေပြောက်များထိုးကာ အပူရှိန်ကျရောက်နေပြီ။ ဆရာတော့်ကျောင်းသင်ခန်းဘက် စက္ကူပန်းရုံ၏အရိပ်ကျရာ ရင်ပြင်အစွန်းနေရာတွင် လက်ကျန်စကားဝိုင်းတစ်ဝိုင်းက လက်ဖက်ခွက်နှင့် အရှိန်ရနေဆဲဖြစ်၏။ ကျောင်းပေါက်ဝမှ လွယ်အိတ်ဒရင့်တိုက်နှင့် ဝင်လာသော ကျွန်တော့်ကိုမြင်တော့ “လာလာ ဒီမှာ မြို့မနာယကကြီးက မောင်ရင့်ကို မနက်ကတည်းကမေးနေတာ၊ လာမှာပါလို့ ပြောထားရတယ်” ဟု ဆရာတစ်ယောက်က လှမ်းခေါ်သည်။ ကျွန်တော်လည်း ဝိုင်းသို့ ဝင်လိုက်၏။ အား လူကြီးတွေချည်းပါလား။

ရွှာစားကြီးစိန်ဗေဒါနဲ့ အိမ်ချင်းကပ်လျက်

မြို့မနာယကကြီး တောင်မြို့ ဦးကိုလေးက “ကိုရင့်ကို စောင့်နေတာ။ ကိုရင်မေးထားတဲ့ မေးခွန်းကို ဒီနေ့ဖြေမလို့ပဲ။ သေသေချာချာနားထောင်” ဟု ဆိုမှ ကြက်သီးဖျန်းခနဲထမျှ ဝမ်းသာသတိရသွားသည်။ လွန်ခဲ့သော နှစ်နှစ်ကျော်က ကျွန်တော်မေးမိလေသော မေးခွန်း။ လူငယ်တွေကသာ ပြီးပြီးရော မလေးနက်ခဲ့တာ။ လူကြီးတွေက ဘယ်အရာမှ ပေါ့ပေါ့တန်တန်သဘောမထား။ စနစ်ကျသည်။ လေးနက်သည်။ ဖြတ်သန်းရသည့် ခေတ်၏ သင်ကြားမှုများနှင့်ဆိုင်မည်ထင်သည်။ ထား။

“ကိုရင်လည်း သိတာပဲ။ ကိုညိန်းနေတာ ရွှေတော်ပြေးဝင်းမြောက်ပေါက်၊ ရွှာစားကြီး စိန်ဗေဒါနဲ့ အိမ်ချင်းကပ်လျက်။ နောက်မှသာ ရွှာစားကြီးက နေရှင်နယ်ကျောင်းနားပြောင်းသွားတာ။ ကဲထားတော့။ ကိုညိန်းနဲ့ ရွှာစားကြီးနဲ့က အိမ်ချင်းကပ်လျက်။ ရွှာစားကြီးအိမ်က တီးသံမှုတ်သံတွေကို မွေးကတည်းက ကြားခဲ့ရတာ။ ကိုညိန်းမှာပါခဲ့တဲ့ ဂီတအထုံ၊ ဂီတပါရမီ၊ ဂီတမျိုးစေ့ကို ရွှာစားကြီးရဲ့ ဆိုင်းသံဝိုင်းသံတွေက ပိုမိုကြီးထွားတိုးတက်လာအောင် မြေတောင်မြှောက်ပေးခဲ့တာဆိုရင်လည်း မမှားဘူးနော်။ ကိုညိန်းရဲ့ လက်ဦးဆရာကလည်း ရွှာစားကြီးဆိုရင် မမှားဘူး။ ကိုညိန်းကိုယ်နှိုက်က ရွှာစားကြီးကို အလွန်လေးစား၊ အလွန်တန်ဖိုးထားခဲ့တာ။ ရွှာစားကြီး ဆိုင်းဝိုင်းရှိရာ ကိုညိန်းက ကျုပ်တို့အပါအဝင် သူ့အဖွဲ့သားတွေနဲ့ တကူးတကန့်သွားပြီး နားထောင်စေခဲ့၊ မှတ်သားစေခဲ့တာ။ ရွှာစားကြီး တီးပုံ၊ အကွက်ဖော်ပုံ၊ အဆစ်ပေးပုံ၊ အတောအသတ်၊ အတိုအရှည်တွေကအစ သေချာမှတ်သားကြရတာ။ ကိုသန့်ဆိုတာကလည်း ဓားတန်းက သူ့တိုက်ကြီးပေါ် ဆိုင်းဝိုင်းကြီးတင်ထားပြီး ရွှာစားကြီးကို ပင့်ဖိတ်ပြီး သင်ရိုးကုန်ပညာယူခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်။

ကဲ ကိုရင်နားအလည်လွယ်ဆုံးစကားလုံးနဲ့ ပြောလိုက်မယ်။ ကိုသန့်တို့ ကိုညိန်းတို့က အစ ကျုပ်တို့မြို့မတစ်ဖွဲ့လုံး စကတည်းက စိန်ဗေဒါညှော်မိနေ၊ ညှော်ဝနေကြတာကွဲ့.”

နာယကကြီး တောင်မြို့ ဦးကိုလေးက စကားကိုနားပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်လိုက်သည်။

စိန်ဗေဒါ ညှော်

ညှော်။

စိန်ဗေဒါ ညှော်။

ဟုတ်သည်။ ဒါဆိုလျှင် အတော်ရှင်းသည်။

နာယကကြီးက စကားဆက်သည်။

မန္တလေး လေးပြင်လေးရပ်ဘယ်နားမှာပဲ ရွှာစားကြီးဆိုင်းအဖွဲ့ရှိရှိ ကျုပ်တို့တစ်ဖွဲ့လုံးက သေသေချာချာသွားနားထောင်ကြတာ။ ရွှာစားကြီးဆိုင်းက တူရိယာအားလုံးတီးပုံ၊ မှုတ်ပုံကို ကျုပ်တို့တစ်ဖွဲ့လုံးက ပါးစပ်ဆိုင်းနဲ့တီးလုံးတွေမှတ်ခဲ့ကြတာ။ အဆစ်တွေမှတ်ခဲ့ကြတာ၊ ရွှာစားကြီးဆိုင်းပတ်စာခွာမှ ပြန်ကြတာ။ အပြန်မှာလည်း လမ်းမှာ ပါးစပ်ဆိုင်းသံတည်ညံနဲ့ပေါ့။ စောစောကမှ နားထောင်ပြီး မှတ်ခဲ့ကြတဲ့ တီးလုံးတွေကို ပါးစပ်ဆိုင်းနဲ့ အကွက်ကျကျ ပြန်တီးခဲ့ကြတာလေ။ ရွှာစားကြီးတီးသမျှ သီချင်းကြီးသီချင်းခံ မဟာဂီတနဲ့ ပတ်စမ်းမကျန် အကုန်အလွတ်ရနေကြတာ။ ကိုညိန်းသီချင်းတွေကလည်း မဟာဂီတအသွားတွေနဲ့မလွတ်ဘူးလေ။ အမြဲတမ်းပါတယ်။ ဆရာတင့် သီချင်းတွေဆို ပိုပြီးပါသေးတာ။ ကိုင်း သူတို့သီချင်းတွေကို တို့အဖွဲ့က တီးကြမှုတ်ကြတော့ ဂီတသင်္ကေတ (Notes) တွေထဲမှာ မပါပေမယ့် ကလယ်ရီနက်သမားတွေလည်း စိန်ဗေဒါနဲ့အသွားကိုအလွတ်ရနေပြီး လျှာခင်အဖိအဖော့က အလိုအလျောက်ပါလာတာ။ ထရန်ဘုန်းသမားဆိုပါတော့။ စိန်ဗေဒါ ပတ်မချက်အတိုင်း လျှာခင်ကိုလျှာနဲ့ အပိတ်အဆို့အလိုလိုဖြစ်ကုန်တာ။ ပြီးတော့ အသံခန့်ခွဲမှုတွေကလည်း လေမှုတ်တွေ၊ စန္ဒရားတွေ၊ တယောတွေနဲ့ပေမယ့် ဆိုင်းဝိုင်းကြီးက ခန့်ခွဲမှုမျိုး အဆို့အပိတ် ဌာန်၊ မာန်မျိုးဖြစ်နေတာ။ အဲဒါမြို့မမှုပဲ။ ထူးခြားပြီး ကွဲထွက်လာတဲ့ မှုပဲ”

နာယကကြီး တောင်မြို့ ဦးကိုလေးက သေချာရှင်းပြသည်။ ထို့နောက် နမူနာအနေနှင့် ဆရာမြို့မငြိမ်း၏ “မေခါဝီ” သီချင်းမှ မဟာဂီတအသွားတစ်ခု၏ ပတ်မအဆို့အပိတ်များနှင့် လေမှုတ်တူရိယာများ၏ အဖြတ်အတောက်အဝင်အထွက်များကို ပါးစပ်ဆိုင်းဖြင့် တီးမှုတ်ပြ၏။

စိန်ဗေဒါ။

မြို့မငြိမ်း။

အမျိုးသားအမွေအနှစ် ‘ညှော်’

ညှော် တဲ့။

ဓားတန်းဦးသန့်တို့၊ မြို့မငြိမ်းတို့နှင့် မန္တလေးမြို့မတူရိယာအသင်းသားတွေက ရွှာစားကြီးစိန်ဗေဒါညှော်မိခဲ့သည်။ ညှော်ဝခဲ့သည်။

ထိုထိုဆရာများနှင့် ထိုအသင်း၏ သီချင်းဂီတစသော အနုပညာပစ္စည်းများကား တစ်မျိုးတစ်ဘာသာ ဆန်းသစ်ထူးခြားခြင်းက ထို ‘ညှော်’ ကိုလည်း မန္တလေးမှာ အထူးအလေးအနက်တန်ဖိုးထားကာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည်။

ထို ‘ညှော်’ ကား သာမညမဟုတ်။

ရွှေနန်းတော်ထက်ဖွား၊ အမျိုးသားအမွေအနှစ် ‘ညှော်’ ဖြစ်သည်။

ထိုတန်ဖိုးကို နားလည်မြတ်နိုးသူတိုင်းက လက်ဆင့်ကမ်းတလေးတစားအမွေဆက်ခံခဲ့ကြ၏။

၁၉၅၅ မှ ၁၉၆၀ အတွင်းဝန်းကျင်များကတည်းက ဖြစ်မှာပေါ့။ ။

“မန္တလေး လေးပြင်လေးရပ် ဘယ်နားမှာပဲ ရွှာစားကြီးဆိုင်းအဖွဲ့ရှိရှိ ကျုပ်တို့တစ်ဖွဲ့လုံးက သေသေချာချာ သွားနားထောင်ကြတာ။ ရွှာစားကြီးဆိုင်းက တူရိယာအားလုံးတီးပုံ၊ မှုတ်ပုံကို ကျုပ်တို့တစ်ဖွဲ့လုံးက ပါးစပ်ဆိုင်းနဲ့ တီးလုံးတွေမှတ်ခဲ့ကြတာ။ အဆစ်တွေမှတ်ခဲ့ကြတာ၊ ရွှာစားကြီးဆိုင်းပတ်စာခွာမှ ပြန်ကြတာ။ အပြန်မှာလည်း လမ်းမှာပါးစပ်ဆိုင်းသံ တည်ညံနဲ့ပေါ့။”

သူငယ်ပြီးတော့ ချူဆီရဲ့ဇာတ်ဆောင်ဖြစ်လာသူ ကျော်ထက်အောင် နှင့် တွေ့ဆုံခြင်း

မေနှင်းဆီ

Myanmar Idol ရဲ့ အစီအစဉ်တင်ဆက်သူအဖြစ် ပရိသတ်အားပေးမှုကိုရရှိခဲ့သလို သူငယ်ရုပ်ရှင်ဇာတ်ကားနဲ့လည်း သရုပ်ဆောင်နယ်ပယ်မှာ နေရာတစ်နေရာရရှိခဲ့ပြီး 'နေခြည်မှာ ရွှေရည်လောင်း' ရုပ်ရှင်ဇာတ်ကားကြီးအပါအဝင် ရုပ်ရှင်ဇာတ်ကားကြီးများ ဆက်တိုက်နီးပါးရိုက်ကူးနေရသူ သရုပ်ဆောင် ကျော်ထက်အောင်ဟာ လက်ရှိမှာတော့ 'ချူဆီ'လို့အမည်ပေးထားတဲ့ရုပ်ရှင်မှာလည်း အဓိကဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒီလို အနုပညာနယ်ပယ်မှာ အချိန်တိုအတွင်း နေရာရလာခဲ့တဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကျော်ထက်အောင်နဲ့ တွေ့ဆုံစဉ်မေးမြန်းဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို ကြေးမုံပရိသတ်အတွက် ဖော်ပြလိုက်ပါတယ်။

မေး။ ။ ချူဆီဇာတ်ကားက ဘယ်တုန်းက စရိုက်တာလဲ။ အဲဒီဇာတ်ကားနဲ့ပတ်သက်ပြီး အရင်ဆုံးပြောပြပေးပါလား။

ဖြေ။ ။ ချူဆီရုပ်ရှင်ဇာတ်ကားက ဒီလ ၂၀ ရက်က စရိုက်တာပါ။ ဒါရိုက်တာကတော့ ကိုမင်းဦးပါ။ မင်းသမီးတွေကတော့ အေးမြတ်သူ၊ မယ်လိုဒီ၊ အိချောပို၊ နန်းဆုဦး၊ မေ ဖြစ်ပါတယ်။ ဇာတ်ညွှန်းကတော့ ကိုမိုးနီလွင်ပါ။

မေး။ ။ ဒီဇာတ်ကားမှာ ကိုကျော်ထက်အောင်က ဘယ်လိုဇာတ်ရုပ်နေရာက သရုပ်ဆောင်ရမှာလဲ။

ဖြေ။ ။ လူငယ်လေးပါပဲ။ ပျက်စီးနေရာကနေ ကာရာအိုကေဆိုင်မန်နေဂျာ ဘဝကိုရောက်ပြီး အဲဒီမှာဖြစ်ပျက်နေတဲ့အကြောင်းလေးတွေကို ပုံဖော်ထားတာပါ။

မေး။ ။ ခပ်ဆိုးဆိုး ခပ်တေတေကောင်လေးဇာတ်ရုပ်ပေါ့။

ဖြေ။ ။ ဆိုးတဲ့ထဲတော့မပါပေမယ့်လည်း သာမန်ဝန်ထမ်းကောင်လေး အနေနဲ့ပဲပါမှာပါ။

မေး။ ။ မင်းသမီးက ငါးယောက်တောင်သုံးထားတာဆိုတော့ ဆုံတဲ့အခန်းက ဘယ်လိုမျိုးဖြစ်မလဲ။

ဖြေ။ ။ အဲဒါက ကိုမင်းဦးက ဘယ်လိုဖန်တီးမလဲဆိုတာ မသိသေးဘူး။ အဲဒီထဲကတစ်ယောက်နဲ့ ကျွန်တော်က ဖူးစာဆုံခွင့်ရမှာပေါ့လေ။ အဲဒါက ဇာတ်လမ်းရဲ့လှည့်ကွက်အနေနဲ့ထားတာဆိုတော့။ ဇာတ်လမ်းအကြောင်းအရာ အနေနဲ့တော့ စိတ်ဝင်စားဖို့ကောင်းတဲ့ဇာတ်ကားပါပဲ။

မေး။ ။ လက်ရှိရိုက်ကူးနေတဲ့ ရုပ်ရှင်ဇာတ်ကားတွေအားလုံးက ဝါရင့်အနုပညာရှင်တွေနဲ့ ရိုက်နေရတာများတော့ အဲဒီအပေါ်မှာ ခံစားချက်ကရော ဘယ်လိုရှိလဲ။

ဖြေ။ ။ ပျော်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ကျွန်တော့်ကို အခုလိုမျိုး ရိုက်ပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

မေး။ ။ ရှေ့မှာရုံတင်ခဲ့တဲ့ သူငယ်ဇာတ်ကားကလည်း ပရိသတ်တွေအားပေးမှု ရခဲ့တယ်။ ကိုယ်တိုင်လည်း သူငယ်ဆိုတဲ့ နာမည်တစ်ခုလည်း တွင်သွားခဲ့တယ်ဆိုတော့ ချူဆီဇာတ်ကားမှာရော အဲဒီလိုနာမည်တစ်ခုတွင်ဖို့ ရှိနိုင်ဦးမလား။

ဖြေ။ ။ ကြားထဲမှာ ခုနစ်ကားရှိသေးတယ်။ အဲဒီကားတွေကပဲ အရင်လာမလားမသိဘူး။ ချူဆီကတော့ နောက်ကျဖို့များပါတယ်။ အခုရုံတင်ထားတဲ့ 'နေခြည်မှာ ရွှေရည်လောင်း'ဆိုရင်လည်း သူငယ်နဲ့မတူတဲ့ကားတစ်ကားအနေနဲ့ တွေ့ရမယ်ဆိုတော့ ဒီနှစ်ထဲမှာပဲ နောက်ထပ်တစ်ကားဖြစ်မလား၊ နောက်နှစ်တွေကျမှပဲ နောက်တစ်ကားတွေ့ရမလားပေါ့။ ရှေ့ကရိုက်ထားတဲ့ ကားတွေ အရင်တင်ဖြစ်ဦးမှာဆိုတော့ ချူဆီက နည်းနည်းကြာဦးမှာပါ။

မေး။ ။ အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးနဲ့က ဒါဘယ်နှကားမြောက်လဲ။ ရိုက်ပြီးတဲ့ကားလေးတွေကို ပြန်မိတ်ဆက်ပေးလို့ရမလား။

ဖြေ။ ။ အောင်ခေတ်မင်းနဲ့က ငါးကားမြောက်ပါ။ ပထမဦးဆုံးက ကြပ်ဂူ၊ ဒုတိယက သူငယ်၊ တတိယက ကြယ်၊ စတုတ္ထက စရိုက်၊ ပြီးတော့ အခု ချူဆီပေါ့။ ဒါက အောင်ခေတ်မင်းနဲ့ပါ။ အခြားတိုက်တွေနဲ့ ရိုက်ထားတာတွေလည်း ရှိပါတယ်။

မေး။ ။ ရိုက်ကူးထားတဲ့ဇာတ်ကားတွေကလည်း ခုနစ်ကား၊ ရှစ်ကား လောက်ရှိပြီဆိုတော့ ကိုယ်အားသာတဲ့ဇာတ်ရုပ်ကိုရော သတိထားမိပြီလား။

ဖြေ။ ။ ကျွန်တော်က အခုမှရိုက်နေတုန်းဆိုတော့ ကိုယ့်ကာရိုက်တာကိုယ် သတိမထားမိသေးဘူး။ ဒီဇာတ်မှာပါလာတဲ့ ဇာတ်ကောင်တာဝန်ကိုတော့ ကျွန်တော် အပြည့်အဝတာဝန်ယူပါတယ်။ အခုရိုက်ခဲ့တဲ့ဇာတ်တွေကလည်း ကျွန်တော်ကိုယ်တိုင် စိတ်တိုင်းကျပြီး ရိုက်ခဲ့တာပါ။ စရိုက်ဆိုရင်လည်း ကျွန်တော်ကိုယ်တိုင် အောင်ခေတ်မင်းကို ပြောပြီးရိုက်ထားတာပါ။

မေး။ ။ ဇာတ်ရုပ်ပုံစံနဲ့လိုက်ဖက်ဖို့အတွက် အဝတ်အစားတွေကိုရော ဘယ်လိုစီစဉ်ပြီး ဝတ်ဆင်ဖြစ်နေလဲ။

ဖြေ။ ။ သူဟာနဲ့ သူပေါ့နော်။ 'နေခြည်မှာ ရွှေရည်လောင်း'ဆိုရင် ဆရာကြီးနဲ့ အသေးစိတ်တိုင်ပင်ရတာတွေရှိတယ်။ ကျန်တဲ့အပိုင်းတွေက ဒါရိုက်တာ စိတ်ကြိုက်ဝတ်ဖြစ်တယ်။ မရှိရင် အသစ်ဝယ်တယ်၊ ချုပ်တယ်။ ဇာတ်ကောင်စရိုက်အပေါ်မှာ ဒါရိုက်တာမြင်ထားတဲ့အမြင်က ဘယ်လိုလဲဆိုတာကို အဝတ်အစားတွေကအစ ဂရုတစိုက်နဲ့ပြင်ဖြစ်ပါတယ်။

မေး။ ။ ၂၀၁၈ က ကိုကျော်ထက်အောင်နှစ်လို့ပဲ ပြောလို့ရမလား။

ဖြေ။ ။ အဲလိုမျိုးပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စီနီယာတွေ အများကြီးရှိပါသေးတယ်။ ကျွန်တော့်နှစ်မဟုတ်ပါဘူး။

မေး။ ။ Myanmar Idol Season 3 ကလည်း မကြာခင်ပြန်ပြီး ရိုက်ကူးတော့မှာဆိုတော့ အဲဒီအတွက် ကြိုတင်ပြင်ဆင်မှုတွေကိုကော လုပ်ဆောင်သွားမှာလား။

ဖြေ။ ။ Myanmar Idol ကတော့ (၁)လည်း ဒီအတိုင်းပဲ။ (၂)လည်း ဒီအတိုင်းပါပဲ။ (၃) မှာတော့ နောက်ခံအပြင်အဆင်တွေ၊ စင်မြင့်အနေအထားတွေနဲ့ ရိုက်ကူးတင်ဆက်တဲ့ပုံစံတွေပဲ ပြောင်းသွားမလားမသိဘူး။ သေချာတော့ မသိသေးပါဘူး။ (၃)အတွက်ကတော့ ပိုပြီးကောင်းမွန်အောင် ကြိုးစားဖို့ရှိပါတယ်။

မေး။ ။ နောက်ပိုင်းမှာ **Myanmar Idol** ရဲ့အစီအစဉ်တင်ဆက်သူအဖြစ်နဲ့ပဲ မြင်ရမှာလား။ သရုပ်ဆောင်ဘက်ကိုပဲ လုံးဝကူးပြောင်းသွားမှာလား။

ဖြေ။ ။ နှစ်ခုလုံး ဝါသနာပါတယ်။ အစီအစဉ်တင်ဆက်သူပိုင်းကျတော့လည်း နေရာတစ်ခုရအောင်ကြိုးစားလာခဲ့လို့ နေရာတစ်ခုရခဲ့ပြီးပြီ။ ဝါသနာပါရာ နောက်တစ်ခုဖြစ်တဲ့ သရုပ်ဆောင်ပိုင်းကိုလည်း အခုထပ်ပြီး ကြိုးစားနေပါတယ်။ ဒီနှစ်ခုက ကျွန်တော့်ရဲ့ လက်ငုတ်လက်ရင်းအလုပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူ့နေရာနဲ့သူ တွဲလုပ်ချင်လည်း လုပ်သွားမယ်။ သရုပ်ဆောင်လုပ်တဲ့အချိန်ဆိုလည်း လုပ်သွားမှာပါ။

မေး။ ။ အားပေးနေတဲ့ပရိသတ်တွေကို အသိပေးချင်တာလေးတွေ၊ ဖြည့်စွက်ပြောပြချင်တာလေးတွေရှိရင်လည်း ပြောပြပေးပါဦး။

ဖြေ။ ။ ဟုတ်ကဲ့။ ခုနစ်ရက်သားသမီးတွေ အေးချမ်းပါစေလို့ပဲ ပြောချင်ပါတယ်။

◇◇

အေးစက်တဲ့နှလုံးသားပိုင်ရှင်အဖြစ် မြင်တွေ့ရမယ့် ဆောင်းဆန်ဟွန်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းရဲ့ရုပ်ရှင်သစ်ဟာ မကြာမီမှာ ပရိသတ်ရှေ့ ရောက်လာတော့မှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်မှာတော့ သူ့ကို ရက်စက်ကြမ်းကြုတ်တတ်တဲ့ သူတစ်ဦးအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး ဆောင်းဆန်ဟွန်းရဲ့ အေးစက်တဲ့ နှလုံးသားကို တွေ့မြင်ခံစားရမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းရုပ်ရှင်ဟာ အိုစီအင်န် ရုပ်သံလိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသသွားမယ့် ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ခုဖြစ်ပြီး "Black"လို့အမည်ရပါတယ်။ မကြာသေးမီက ယင်းရုပ်ရှင်အတွက် ပိုစတာဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ပြီးနောက် ဇာတ်လမ်းမှာ ပါဝင်ထားတဲ့ ဆောင်းဆန်ဟွန်းရဲ့ ဇာတ်ကောင်စရိုက်နဲ့ပတ်သက်ပြီး ယခုလိုထုတ်ဖော်ပြောကြားလာခဲ့တာလည်း တွေ့ရပါတယ်။

အေးပြည့် စုစည်းသည်

ဆောင်းဆန်ဟွန်း ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ဆောင်ရွက်ရမယ့်တာဝန်တွေကို တစ်သဝေမတိမ်းဆောင်ရွက်တတ်သူ၊ စိတ်ဝိညာဉ်တွေကို စုဆောင်းကာ သေခြင်းတရားတွေကို တားဆီးတတ်သူဖြစ်ပါတယ်။ လူသားတွေရဲ့ စိတ်ခံစားမှုတွေကို လုံးဝနားလည်ခံစားတတ်သူမဟုတ်ဘဲ သေခြင်းတရားကိုလည်း လုံးဝတုန်လှုပ်မှုမရှိသူလည်း ဖြစ်ပါတယ်။ ဒ့ါကြောင့် ဆောင်းဆန်ဟွန်းရဲ့ပရိသတ်တွေကတော့ သူ့ရဲ့ဇာတ်ကောင်စရိုက်သစ်အတွက် အထူးစိတ်ဝင်စားကာ မျှော်လင့်နေကြတာဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Black"ဟာ အသိရခက်တဲ့ စိတ်ကူးယဉ်ဒရမ်မာရုပ်ရှင်အမျိုးအစားဖြစ်ကာ လက်ရှိမှာပြသနေတဲ့ ဇာတ်လမ်းတွဲ "Save Me"အပြီးမှာ ထုတ်လွှင့်သွားဖို့ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

"Shake It Off" တေးစာသားတွေအတွက် တရားစွဲဆိုခံထားရတဲ့ တေလာဆွစ်

ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ သူ့ရဲ့နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shake It Off"နဲ့ပတ်သက်ပြီး တရားစွဲဆိုခံထားရတာဖြစ်ပါတယ်။ တေလာ ရေးသားထားတဲ့ "Shake It Off" တေးသီချင်းရဲ့စာသားအချို့ဟာ သူတို့ရဲ့တေးသီချင်းမှာ ထည့်သွင်းရေးသားထားတဲ့ စာသားအချို့နဲ့ ဆင်တူနေတာဖြစ်ပြီး တေလာဆွစ်ဟာ သူတို့ရဲ့ခွင့်ပြုချက်မတောင်းခံဘဲ ယူသုံးခဲ့တာဖြစ်ကြောင်း စွပ်စွဲကာ တေးရေးဆရာနှစ်ဦးက တရားစွဲဆိုထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါတရားစွဲဆိုမှုနဲ့ပတ်သက်ပြီး တေလာဆွစ်ဘက်က ထုတ်ဖော်ပြောကြားလာခဲ့တာကတော့ တေးသီချင်းစာသားတွေဟာ ဆင်တူတာဖြစ်နိုင်ကြောင်း၊ တူနေတယ်ဆိုတာကို မငြင်းနိုင်သော်လည်း ကူးယူတယ်လို့ စွပ်စွဲမှုဟာ အခြေအမြစ်မရှိကြောင်း၊ ဥပဒေအရလည်း ဒီပြဿနာရဲ့အဖြေဟာ ရှင်းလင်းနေကြောင်းနဲ့ ဒါဟာ ပိုက်ဆံလိုချင်တဲ့အတွက် ကြံဖန်ခြင်းသာဖြစ်ကြောင်းလည်း တုံ့ပြန်ပြောကြားခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးရေးဆရာနှစ်ဦးဖြစ်တဲ့ စီရန်ဟောလ်နဲ့ နက်သန်ဘက်တာတို့က "Shake It Off" တေးသီချင်းရဲ့ စာသားတွေဟာ သူတို့ရဲ့တေးသီချင်းက စာသားတွေကို ခွင့်ပြုချက်မရှိ ကူးယူခဲ့တာဖြစ်ကြောင်းနဲ့ ဒီလိုကူးယူခဲ့တဲ့အတွက် လျော်ကြေးအဖြစ် ပိုက်ဆံအမြောက်အမြားတောင်းခံလာတာဖြစ်ပါတယ်။ အဆိုပါတေးရေးဆရာနှစ်ဦးက သူတို့ရေးသားထားတဲ့တေးသီချင်း "Playas Gon' Play" ဟာ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 3LW အတွက် ရည်ရွယ်ထားတာဖြစ်ပြီး သီချင်းရဲ့စာသားတွေနဲ့ တေလာဆွစ်ရဲ့ တေးသီချင်းစာသားတွေဟာ ထပ်တူနီးပါးတူနေတာဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့တာဖြစ်ပါတယ်။

စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ သီးနှံသိုလှောင်ရုံများ၊ ပြည်တွင်းဈေးကွက် ခိုင်မာမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်

ပဲခူး စက်တင်ဘာ ၂၀
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်သူ လယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် ဥပဒေ၊ ၂၀၁၅ ခုနှစ်တွင် နည်းဥပဒေများ ထွက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိနိုင်ရေး ၂၀၁၂ ခုနှစ်တွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ဗြိတိသျှခေတ်အခြေအနေ၌ တောင်သူလယ်သမားများ၏ ဘဝသည် အဘက်ဘက်မှ နိမ့်ကျခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အစိုးရအဆက်ဆက်မှ တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားခဲ့သော်လည်း စီးပွားရေးတံခါးပိတ်ဆို့ခံရမှု၊ စိုက်ပျိုးရေးနည်းစနစ်များ နောက်ကျခဲ့ရမှုနှင့် သီးနှံအရည်အသွေး ကျဆင်းခဲ့ရမှုတို့ကြောင့် ဈေးကွက်ပျောက်ဆုံးမှုနှင့် ကြုံခဲ့ရကြောင်း၊ ဒါတွေကို ပြန်လည်ကောင်းမွန်စေရန် တောင်သူများအတွက် စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ သီးနှံသိုလှောင်ရုံများ၊ ပြည်တွင်းဈေးကွက် ခိုင်မာမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ တောင်သူလယ်သမားများအတွက် ပြဋ္ဌာန်းထားသည့် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးတို့အား တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ပူးပေါင်းပြီး ပီပီပြင်ပြင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် တောင်သူလယ်သမားများဖြစ်၍ တောင်သူများ၏ အကျိုးစီးပွားထိခိုက်မှုသည် တိုင်းပြည်အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ထိခိုက်နစ်နာမှုဖြစ်ပါကြောင်း၊ အချို့ကုမ္ပဏီများသည် သီးနှံမျိုးများ၊ စိုက်ပျိုးရေးသွင်းအားစုများအား လာရောက်ရောင်းချပြီး သီးနှံထွက်ရှိသည့်အခါ ဈေးနှိမ်ဝယ်ယူမှုများဖြစ်ပေါ်နေ၍ ကြိုတင်သတင်းရယူရန် လိုအပ်ကြောင်း၊ တောင်သူများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ မည်သည့်သီးနှံအား အစားထိုးစိုက်ပျိုးစေခြင်းဖြင့် ဈေးကွက်ခိုင်မာခြင်းရရှိနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်နှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဌေးအောင်တို့က ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှုထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မိမိတို့တိုင်းဒေသကြီးအတွက် ထိခိုက်မှု ဖြစ်ပေါ်ခဲ့ရကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် မတ်ပဲစိုက်ပျိုးမှု ပြည်တွင်း၌ ပထမ၊ ပဲတီစိမ်းစိုက်ပျိုးမှု ဒုတိယဖြစ်ကြောင်း၊ ပဲစင်းငုံသည် ပြည်ခရိုင်အတွင်း၌ ဧက ၁၈၀၀၀ သာ စိုက်ပျိုးခြင်းဖြစ်၍ ပြည်တွင်းစားသုံးမှုအဆင့်သာရှိကြောင်း၊ အဓိကအားဖြင့် မတ်ပဲနှင့် ပဲတီစိမ်းစိုက်တောင်သူများအတွက် အခက်အခဲများဖြစ်လာကြောင်း၊ ယင်းမတ်ပဲနှင့် ပဲတီစိမ်း စိုက်ဧကများတွင် ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းနှင့် အခြားပဲအမျိုးမျိုး ပြောင်းလဲစိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်း တင်ပြခဲ့သည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း မတ်ပဲ ၁၂ ဒသမ ၉ သိန်းဧက၊ ပဲတီစိမ်း ၅ ဒသမ ၅ သိန်းဧက၊ ပဲစင်းငုံ သုည ဒသမ ၁၈ သိန်းဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ ပဲဝယ်ယူမှု ထုတ်ပြန်ချက်ကြောင့် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲတို့အတွက် မျိုးရရှိနိုင်မှု၊ ပြည်ပဈေးကွက် ခိုင်မာမှုရှိသော ပဲလွန်း၊ ကုလားပဲ၊ ပဲပုပ်စသည့် အခြားပဲအမျိုးမျိုး ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသအလိုက် ကြိုတင်လျာထားဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**

မြန်မာ့အစားအစာများကို ကမ္ဘာကသိရှိအောင် ချက်ပြုတ်တင်ဆက်ပြသရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၂၀
မြန်မာနိုင်ငံအတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသောက်ဆိုင်များဝန်ဆောင်မှု အရည်အသွေးမြင့်မားစေရန်အတွက် နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သောအားဖြင့် မြန်မာ့အစားအစာများကို ကမ္ဘာကသိရှိအောင် ချက်ပြုတ်တင်ဆက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် မြန်မာ့အစားအစာများကို ကမ္ဘာကသိရှိအောင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ချက်ပြုတ်တင်ဆက်ပြသရောင်းချရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင်ဖော်ဆောင်ရခြင်းသည် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုအဆင့်အတန်းများကို ကမ္ဘာ့အဆင့်မီမြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

ထို့အတွက်ကြောင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဂျပန်နိုင်ငံရှိ JATA အဖွဲ့အစည်းနှင့်ပူးပေါင်း၍ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံ Tokyo Big Sight ၌ ကျင်းပမည့် JATA Tourism Expo 2017 ပွဲ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးနေလင်းဦးဆောင်သည့် တက်ရောက်မည့်ကိုယ်စားလှယ်များသည် စက်တင်ဘာ ၁၇ ရက် ည ၁၁ နာရီ ခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

(ပွင့်သစ္စာ)

မှူခင်းအသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၂၀
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်း အသိပညာပေးယာဉ်သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက လှိုင်သာယာမြို့နယ် အမှတ်(၅) ရပ်ကွက်အတွင်း တပင်ရွှေထီးလမ်းမကြီးရှိ အ. ထ. က (၄) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားဝင်းသို့လည်း ကောင်းရောက်ရှိပြီး မှုခင်းအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှိုင်သာယာ မြို့မရဲစခန်းမှူး ဒု-ရဲမှူးဝင်းနိုင်နှင့် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားဝင်းတာဝန်ခံရဲအုပ်စန်းထွေး၊ မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ကြပ်ကြီး စန်းသိန်းဦး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၆)မှ ရဲအုပ်သိန်းဌေး၊ လှိုင်သာယာမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၈)မှ ရဲအုပ်ဝင်းမောင်တို့သည် လာရောက်ကြည့်ရှုသူ ပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၇၅၀ ခန့်အား မှုခင်းအသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၁၂၉)

သက်ငယ်မုဒိမ်းပပျောက်စေရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲ ဒလမြို့နယ်၌ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၀
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် အုတ်လှငယ်လမ်းရှိ သာသနာ့သုခမ္မာရုံ၌ စက်တင်ဘာ ၁၈ ရက် ည ၇နာရီက မှုခင်းများလျော့နည်းကျဆင်းစေရေး၊ ခိုး၊ ဆိုး၊ လုလက်မှုများနှင့် သက်ငယ်မုဒိမ်းပပျောက်စေရေးအတွက် မှုခင်းအသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေး ဆွေးနွေးပွဲတွင် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်က သက်ငယ်မုဒိမ်းပပျောက်စေရေးအတွက် ရပ်ကွက်နေပြည်သူများအနေဖြင့် ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်၊ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းအရာများကိုလည်းကောင်း၊ အဆိုပါ ပြစ်မှုမျိုး မကျူးလွန်မိစေရန် မိမိကလေးငယ်များကို အထူးကြပ်မတ်စောင့်ရှောက်ပေးစေရန် လိုအပ်ပါကြောင်း၊ ရပ်ကွက်အတွင်း ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်နေ အမျိုးသား၊ အမျိုးသမီးများ၊ မိခင်နှင့်ကလေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ဒေသခံပြည်သူ ၆၀ ကျော်ခန့် တက်ရောက်ခဲ့ပြီး သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမကြီးအား ခြောက်လမ်းသွား ကွန်ကရစ် လမ်းခင်း

တောင်ဥက္ကလာပ စက်တင်ဘာ ၂၀
တောင်ဥက္ကလာပမြို့နယ်၏အဓိကလမ်းမကြီးတစ်ခုဖြစ်သည့်သစ္စာလမ်းမကြီးအား ခြောက်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ကွန်ကရစ်လမ်းခင်းပေးလျက်ရှိကြောင်း စက်တင်ဘာ ၁၉ ရက် နံနက်က ကြီးကြပ်ဆောင်ရွက်သူ အင်ဂျင်နီယာဒေါ်ဥမ္မာအောင်ကျော်ထံမှသိရသည်။

"ဒီလုပ်ငန်းကို ဩဂုတ် ၁၆ ရက်ကစတင်ဆောင်ရွက်တာပါ။ သစ္စာလမ်းမကြီးကိုသုမင်္ဂလာလမ်းကနေပြီး ဝေဇယန္တာလမ်းမကြီးထိ အရှည်ပေ ၂၁၀၀ ပိုင်းဖြတ်ပြီး ခင်းပေးနေတာပါ။ ယခင်က ၄၈ ပေ လေးလမ်းသွားကနေ ယခု ၇၈ ပေခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်လုပ်ဆောင်ပေးပါတယ်။ ဝဲယာရေနုတ်မြောင်းတွေကိုလည်း အကျယ် ၄ ပေ ၃ လက်မ၊ အနက် ၃ ပေဆောင်ရွက်ပေးပါတယ်။ ဒီရေနုတ်မြောင်းက ကျိုက္ကဆံချောင်းထဲကိုစီးဝင်စေပြီး ရေဆင်းကောင်းအောင်အနက် ၇ ပေထိ Level နှိမ့်ပြီး လုပ်ဆောင်ပေးထားပါတယ်။ မြောင်းဖုံးတွေကိုလည်း စကြံသဖွယ်လျှောက်လို့ရအောင်ခိုင်ခံ့စွာ ပြုလုပ်ပေးမှာပါ"ဟုအင်ဂျင်နီယာမှပြောသည်။

ယခင်လမ်းသားဟောင်း ၄၈ ပေကို ၉ လက်မထုဖြင့် ခင်းပေးပြီး လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်၌ အောက်ခံမြေသား အမာခံမရှိသောကြောင့် ဒု ၁၅ လက်မဖြင့် ခင်းပေးထားသည့်အတွက် မော်တော်ယာဉ်ကြီးများစိတ်ချစွာမောင်းနှင် သွားလာနိုင်ကြောင်း သိရသည်။

မောင်မောင်

ဘားအံ၌ ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ် ကျင်းပ

ဘားအံ စက်တင်ဘာ ၂၀
မြန်မာနိုင်ငံရှိ အမျိုးသမီးထုအားလုံးအတွက် အကျိုးရှိမည့် ရလဒ်များ၊ မူဝါဒရေးရာအကြံပြုချက်များ ရရှိနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)နှင့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ တော်ဝင်ရတနာဟိုတယ် ROYAL GRAND BZLLROOM ၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒါရိုက်တာ နော်သက်သက်ထွန်းက အမှာစကားပြောကြားကာ ဖိုရမ်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေများထောက်ပံ့ပေးသည့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စား မြန်မာနိုင်ငံရှိ အမေရိကန်နိုင်ငံသံရုံး၊ နိုင်ငံရေးဌာန၏ ကျားမဆိုင်ရာအကြံပေး Dr. Valerie Begleyနှင့် အမေရိကန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) အသွင်ကူးပြောင်းရေးရှေ့ဆောင်ဌာန (Office of Transition Initiatives)မှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယကိုယ်စားလှယ် Dr.Linnea M.Beatty တို့က ဂုဏ်ပြုစကားပြောကြားပြီး အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး လွေးပိုးငယ်က ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၀၀ ခန့်တက်ရောက်ကြပြီး စကားဝိုင်း ဆွေးနွေးပွဲများ၊ အဖွဲ့ငယ်များဖြင့်ဆွေးနွေးခြင်းများ၊ ပြန်လည်စုစည်းတင်ပြခြင်းများ၊ National Action Plan ရေးဆွဲခြင်း၊ အတွေ့အကြုံဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

SHWE TAUNG
Real Estate

Shwe Taung Real Estate မှ Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ပြုလုပ်မည့်ဂုဏ်ပြုပွဲနှင့် အိမ်ရာအရောင်းပွဲ

(၂၅)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် Shwe Taung Real Estate မှ တိုက်ရိုက်ဝယ်ယူခဲ့ကြသော Customer များ နှင့် အသစ်ဝယ်ယူမည့် Customer များ အတွက်

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာတိုက်ခန်းရှိ အခန်းတစ်ခန်း
ပိုင်ဆိုင်နိုင်မည့် Lucky Draw Coupon ရရှိမည့်အခွင့်အရေး

Completed Project များတွင် အခန်း Handover လွှဲပြောင်းယူရန် ကျန်ရှိနေသော Customer များအတွက် Special Service တစ်ခုအနေဖြင့်

One - Stop Service ပုံစံဖြင့်
အခန်းများ Handover လွှဲပြောင်းယူနိုင်မည့်အခွင့်အရေး

အသင့်နေထိုင်နိုင်မည့်အခန်းများနှင့် ထပ်မံဆောက်လုပ်မည့် Landed House များအား ဘဏ်များနှင့်ချိတ်ဆက်ပြီး

(၅)နှစ် မှ (၁၅)နှစ်အထိ နှစ်ရှည်အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်မည့်အခွင့်အရေး

အထူးအခွင့်အရေးတစ်ခုအနေဖြင့် **Newly Completed Luxury Project** များ အား ပွဲရက်အတွင်းလာရောက်လေ့လာသော **Cusotmer များမှအခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ** လာရောက်လေ့လာနိုင်မည်ဖြစ်ကြောင်းသတင်းကောင်းပါးလိုက်ပါရစေ...



ပွဲရက်တွင် **Shwe Taung Real Estate** မှ အသစ်ထပ်မံ ဆောက်လုပ်သွားမည့် Housing Project များဖြစ်သော **Shop House, Town House, Home Office** များလည်းရောင်းချသွားမည်ဖြစ်ပါသောကြောင့် လေ့လာနိုင်ရန် ထပ်မံသတင်းကောင်းပါးလိုက်ပါရစေ....

ပွဲရက်အတွင်း ဝယ်ယူသော Customer များအတွက် ....

- ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာတိုက်ခန်းရှိ အခန်းတစ်ခန်းအား အထူးခံစားခွင့်များနှင့်အတူ ကံစမ်းမဲနှိုက်ခွင့်ရမည့်အခွင့်အရေး
- Spin the wheel ကစားပြီး စိတ်ဝင်စားစရာ လက်ဆောင်များရယူနိုင်မည့်အခွင့်အရေး

Terms & Conditions Apply

ပြပွဲနေရာ - Junction Square Open Plaza Promotion Area၊ ကျွန်းတောလမ်းနှင့်ပြည်လမ်းကြား၊ ကမာရွတ်မြို့နယ်။
ပြပွဲရက်နှင့် အချိန် - ၂၃ ရက်နေ့ မှ ၂၄ ရက်နေ့ အထိ ၊ နံနက် ၉နာရီ မှ ၈နာရီ အထိ။
ဖုန်းနံပါတ် - ၀၁ ၂၃၀၀၀၇၇ ~ ၇၈၊ ၀၉ ၉၇၇၈၃၀၂၄၂၊ ၀၉ ၉၇၇၈၃၀၂၇၂။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၀-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကိုတိုင်းစစ်ဌာနချုပ်များတွင် ၁၃-၁၁-၂၀၁၇ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(ဃ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့်**ပါရဂူဘွဲ့ (Ph.D)** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၄-၁၁-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၇-၁၁-၂၀၁၇ ရက်နေ့တွင်ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၁၇ ရက်နေ့မှ ၁၇-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D)** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၀-၉-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)	၁၇၀၀၀၀	၄၀၀၀	၁၀၀၀၀	၁၈၄၀၀၀
(ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၁၇၀၀၀၀	၆၀၀၀	၁၀၀၀၀	၁၈၆၀၀၀
(ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၁၇၀၀၀၀	၈၀၀၀	၁၀၀၀၀	၁၈၈၀၀၀
(ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၀၀၀၀၀	၈၀၀၀	၁၀၀၀၀	၂၁၈၀၀၀
(င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၁၅၀၀၀	၈၀၀၀	၁၀၀၀၀	၂၃၃၀၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ကြော်ငြာ

နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍

MRTV, FOREVER GROUP နှင့် ဂြိုဟ်တုရုပ်မြင်သံကြား SKY NET တို့မှ ပူးပေါင်းတင်ဆက်သည့်

ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇

Peace Music Festival 2017
LEVEL-1
SITTWE
@peacemusicfestival

Level -1 ဗဟာပယာ၆၆နှင့်မြို့ကျင်းပမည့်မြို့များ
တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ ပဲခူးမြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့၊ ဘားအံမြို့

Level 1 Live ထုတ်လွှင့်ခြင်း » ၂၃.၉.၂၀၁၇ (စနေနေ့) ည (၀၇:၃၀) နာရီ
ကျင်းပမည့်နေရာ » ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံ သဘင်ဆောင်

LIVE on MRTV

Diamond Sponsor: PREMIER COFFEE
Media Partners: mitv, MRTV-4, mntv, Channel 7
Supporting Partners: SHWE SIN SET KYAR EXPRESS, myanmar

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
တန်ဆောင်မုန်းလပြည့် နှင့် ဓါတ်တော်တိုက်ဖွင့်ပွဲအထူး Promotion ခရီးစဉ်ကြီး
(၁၅)ရက်ခရီး - (၁၃)သိန်းကျပ်အစား (၁၁.၉)သိန်းကျပ်စရိတ်ငြိမ်း
(၈)ရက်ခရီး - (၁၀)သိန်းကျပ်အစား (၉.၉)သိန်းကျပ်စရိတ်ငြိမ်း
ဝန်ဆောင်မှုအပြည့်စျေးနှုန်းအသက်သာဆုံး၊ မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း၊ ဟိုတယ်(၃)ညအိပ် ညမောင်းခရီးစဉ်(လုံး၀)မပါ၊ အပိုငွေကြေးထပ်ကောက်ခြင်းမရှိ၊ အပတ်စဉ်စနေနေ့ တိုင်းထွက်ရှိသည်။
(၈)ရက်ခရီး Hotel Package - ၁၅သိန်း
(၁၀)ဦး (၁)ဦးအခမဲ့
အထူးခရီးစဉ် - ၁၄.၁၀.၂၀၁၇ ၊ ၂၉.၁၀.၂၀၁၇
ရန်ကုန် - အမှတ်(၁၀၈)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉-၇၇၈၀၂၂၂၆၀၊ မန္တလေး - အမှတ်(၂၂၅)၊ ၈၁လမ်း၊ ၄၄-၄၅ကြား၊ မန္တလေး။ ၀၉-၇၇၈၀၂၂၂၅၀
တောင်ကြီး - ၀၈၁-၂၀၀၁၇၃ ၊ ၀၉-၇၇၈၀၂၂၂၄၀

Ever Clean Travel & Tour

* ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး	(၃ည ၄ရက်)	Oct-4-20, Nov-10-24
* မြဝတီ-မဲဆောက်	(၃ည ၄ရက်)	Oct-4, 20, Nov-10-24
* မန္တလေး-ပြင်ဦးလွင်	(၃ည ၄ရက်)	Oct-4-20, Nov-2,10
* ပေယံကမ်းခြေ	(၃ည ၄ရက်)	Oct-4, Nov-10
* တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	(၄ည ၅ရက်)	Oct-4, Nov-2-10-24
* ကလော (Trekking)	(၄ည ၅ရက်)	Oct-4, Nov-2-10-24
* လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးခါးရေတံခွန်	(၄ည ၅ရက်)	Oct-4, Nov-2-10-24
* ထားဝယ်-(ရွှေကိုးရှင်)-မောင်းမကန်ကမ်းခြေ	(၄ည ၅ရက်)	Oct-4, Nov-10
* မော်လမြိုင်-ကျိုက်မရော-စက်ဆဲ	(နေ့ချင်းပြန်)	Sep - 30
* ဘားအံ-ဂူ(၅)ဂူ-ချစ်သူမြိုင်	(နေ့ချင်းပြန်)	Sep - 30
* တောင်ငူ-သံတောင်ကြီး-ဗိုးကျားဆင်စခန်း	(နေ့ချင်းပြန်)	Sep - 30
* ဆောင်နိုင်ကြီးရေတံခွန်-ကျိုက်ပေါလောပဲ့ရှင်-စိမ်းလဲ့တင်	(နေ့ချင်းပြန်)	Sep - 30

နေ့ချင်းပြန် ခရီးစဉ်များ အောက်တိုဘာလမှစ၍ အပတ်စဉ်ထွက်ရှိပါမည်။
09-33886666, 09-795185522

09-454206562
Green Rico Travels & Tours
သီတင်းကျွတ်ပိတ်ရက်
✔ ၃ညအိပ်၄ရက်ခရီးစဉ်
သီပေါခရီးစဉ်-150000/ (3.10.2017)ထွက်မည်
လွိုင်ကော်ခရီးစဉ်- 150000/ (5.10.2017)ထွက်မည်
၂၀အောက်တိုဘာ မတိုင်မီမှာယူပါက
လျှော့စျေး- 10000/ ကျပ်
ဖုန်း-09-965909050
09-454206562
www.facebook.com/greenricotravels
DREAMS GO WITH GREEN RICO

ဖခင်အမည်မှန်

အထက-အင်းရဲ တက္ကသိုလ်ဝင်တန်းမှ မဇာဇာအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်**

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထက-အင်းရဲ တက္ကသိုလ်ဝင်တန်းမှ နန့်ဆုပန်ထွာ၏ ဖခင်အမည်မှန်မှာ စအေးကြူဖြစ်ပါကြောင်း။

စအေးကြူ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၆၇ ဖြစ်သည့် အမှတ်-၁၀၊ ရွှေသီရိ(၃)လမ်း၊ ၃၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဟု ခေါ်တွင်သော ဦးနီ (CE-၀၁၁၄၅၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ပေ(၄၀×၇၇) အကျယ် ဂရန်မြေကွက်အနက်မှ ပေ(၂၀×၇၇) အကျယ်မြေတစ်ဝက်အား စာချုပ်အဆက်စပ်ဖြင့် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးမောင်မောင်အေး[၁၂/ရကန(နိုင်) ၀၄၇၀၀၃]မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ကြည်မွန် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)
ဖုန်း-၀၉-၄၃၁၁၄၁၄၁

NAWARAT Japanese Language Class

Basic	Sat,Sun	10:00-12:30
N4	Tue, Wed, Thurs	13:30-15:30

ဂျပန်ဆရာမ၏private class, Normal class လည်းစပါမည်။
9/23 ရက်နေ့စပါမည်။ Tel.09760840670, 09973900973
ဘာမွှေအဝိုင်းမှတ်တိုင်နှင့်မြလမ်းမှတ်တိုင်ကြား

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/သမိုင်း၊ မြေကွက်အမှတ်-၆၈/၄ ၁၈ အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ်-၃၁၉၊ ၄ လွှာ၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးချစ်ထွန်းအမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေအဖြစ် သတ်မှတ်)မြေအား မရမ်းကုန်းမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၃၈/၂၀၁၆၊ ဇာရီမှုအမှတ်-၂၁/၂၀၁၆၊ အရောင်းအဝယ်စာချုပ်အမှတ်-၂၃၆၃/၂၀၁၇ (၉-၈-၂၀၁၇) တို့ဖြင့် ပိုင်ဆိုင်လာသူ ဦးကျော်အောင် [၁၂/လမတ(နိုင်)၀၂၅၉၆၆]၏ GP ၅၀၁၄/၂၀၁၇ (၂၅-၅-၂၀၁၇) ရရှိသူ ဒေါ်ဇာနည်နိုင် [၁၄/ဟသတ(နိုင်) ၀၀၆၈၄၀]မှ တရားရုံးဒီကရီအထောက်အထား၊ အရောင်းအဝယ်စာချုပ်-၂၃၆၃/၂၀၁၇ (၉-၈-၂၀၁၇) GP အထောက်အထား GP ပေးခြင်းအတွက် ကျမ်းကျိန်လွှာ၊ တစ်ဖက်သတ်မြေကွက်ခွဲရန် မြေပုံနှင့်မြေတိုင်းမြေပုံခွင့်ပြုပေးပါရန် လျှောက်ထားလွှာတို့ တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

ပဲခူး-ဟံသာဝတီလေဆိပ် စီမံကိန်းအနီး စက်မှုဇုန်အတွင်း စက်မှုမြေကွက်(၁၀)ဧက RC ခြံစည်းရိုးကာပြီး၊ ရေ၊ မီး၊ ဂိုဒေါင်ပါ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)

ဖုန်း-၀၉ ၇၈၈၀၂၂၃၂၂
၀၉- ၇၈၈၀၂၂၂၇၂

ပျောက်ဆုံးကြောင်း

ဦးထက်သူအိမ်[၁၂/ပဇတ(နိုင်)၀၃၄၃၅၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(အမှတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၈၀ ၇၉၀၄၇၇**

ပျောက်ဆုံး

ကျွန်တော် ခွန်ဟိန်းကျော် [၁၀/ကထန(နိုင်)၁၀၅၉၅၅]၏ CDC -၇၇၁၅၂ စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၇၉၆၇၈၄၂၉၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၂၇၅)၊ မြေကွက်တည်နေရာအမှတ်-(၂၇၅)၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ဇင်နွယ်ဦး[၉/ခအဇ(နိုင်)၀၂၂၄၇၉]ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Winner Super Diamond Pile Co., Ltd.
W.S.D Group
GUARDIAN INDEPENDENT CERTIFICATION · UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649

W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.PI-006

ယူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများအတွက်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊ (၃၃)လမ်း၊ (၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

THE CENTRAL

WHERE THE FINEST MEETS

LIMITED LAKEVIEW UNITS REMAINING

At the **Corner of Kabar Aye Pagoda Road and Kanbe Road,**
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာ့အဆင့်မီ ဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်

The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။

ENQUIRY HOTLINE
+959 777 773 770

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

INFORMATION CENTER ADDRESS
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

မိတ်ဆက်ခြင်း
MYANMAR
Digital News
Presented by NPE

နောက်ဆုံးရသတင်းများကို ကာလစ်တစ်ချက်တည်းဖြင့်ရယူလိုက်ပါ
မြန်မာ့အလင်း ကြေးမုံ GLOBAL NEW LIGHT OF MYANMAR
အက်ပ် (အပလီကေးရှင်း) ကို ယနေ့ ပဲ ကူးယူလိုက်ပါ
GET IT ON Google play
Available on the App Store
ကန့်သတ်ထားသော အချိန်အတွင်း အခမဲ့ရယူပါ
သို့မဟုတ် နောက်ဆုံးရသတင်းများနှင့် ပြားဖြတ်သတင်းများကို
www.mdn.gov.mm
တွင်ကြည့်ရှုနိုင်ပါသည်

Wonderful Days Travels & Tours
See Travelling, Feel Happy !
လှိုင်ကော်-အင်းလေးခရီးစဉ် Oct- 4, Nov-2,10
ချင်းပြည်နယ်(ခေါ်နူးစုမ်)ခရီးစဉ် Oct-4, Nov-2,10
မြဝတီ-မဲဆောက်-ဘားအံခရီးစဉ် Oct-4, Nov-2,10
ပုဂံခရီးစဉ် / တောင်ကြီးခရီးစဉ် Oct-4, Nov-2,10
ကော့သောင်းခရီးစဉ် Nov - 2,10
မြစ်ကြီးနားခရီးစဉ် Nov - 2,10
အမှတ်(၂၂၄)မြေညီထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်။ Ph: 09 257 900 416 ~ 417~ 418

KKL Car Rental
ခရီးသွားကားစင်းလုံးငှားလုပ်ငန်း
Ph:09-5001347,
09-421070845

မအိ
ခရီးသွားပို့ဆောင်ရေး
ကျိုက်ထီးရိုး(အထူးသီးသန့်)
သီတင်းကျွတ်ပွဲတော်-ခရီးစဉ်
၄.၁၀.၂၀၁၇ (ညထွက်မည်) 12000/-
ကားမျိုးစုံစင်းလုံးငှားရမ်းနိုင်သည်။
09.421008185,09.776356574,09.763185299

ရှိတ်ပိတ်စျေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

1. Myanmar Distillery Company Limited မှ အောက်ပါပစ္စည်းများကို ဝယ်ယူတည်ဆောက်တပ်ဆင်လိုပါသည်။
   (a) (i) Fermenter – 4 Nos. (Material: Mild Steel, Diameter: Ø 7,500 mm, height: 15,658 mm)
   (ii) Yeast Tank – 2 Nos. (Material: Mild Steel, Diameter: Ø 3,400 mm, height: 4,400 mm)
   (iii) Silo Tank – 1 No. (Material: Mild Steel, Diameter: Ø 4,800 mm, height: 14,108 mm)
   (b) Electrical Cables
   (c) Cooling Tower Automation System
2. အသေးစိတ်အချက်အလက်များကိုဖုန်းနံပါတ်-09420012274, 09792235707,09420120944 သို့ စုံစမ်းမေးမြန်း နိုင်ပါသည်။
3. အထက်ပါတို့အတွက် ရှိတ်ပိတ် စျေးနှုန်းတင်သွင်းလွှာများကို Detail Specifications များနှင့်တကွ HOD၊ Audit Department၊ အမှတ် (၃၃)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍လူကိုယ်တိုင်သော်လည်းကောင်း၊စာတိုက်မှတဆင့်လည်းကောင်း(၂၉-၉-၂၀၁၇)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ နိုင်ပါသည်။

မိခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း(န) အမှတ်(၁၀) အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိငြိမ်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းဝေ [၉/ပဘန(နိုင်)၀၃၀၈၂၄] ဖြစ်ပါကြောင်း။ **ဒေါ်စန်းဝေ**

မိခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း(န)အမှတ်(၁၀) အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ခိုင် [၉/ပဘန(နိုင်)၂၃၈၄၂၉] ဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်ခိုင်**

မိခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း(န) အမှတ်(၁၀) အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထိုက်ဇော်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ချိုဆက် [၉/ပဘန(နိုင်)၁၂၂၁၇၅] ဖြစ်ပါကြောင်း။ **ဒေါ်ခင်ချိုဆက်**

မိခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း(န) အမှတ်(၁၀) အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မယမုံဇင်၏ မိခင်အမည်မှန်မှာ ဒေါ်မိတုတ် [၉/ပဘန(နိုင်)၀၂၅၆၆၇] ဖြစ်ပါကြောင်း။ **ဒေါ်မိတုတ်**

Tel: 09 426 999 100
09 426 999 300
ဘယ်ခရီးကိုပဲသွားသွား လုံခြုံစိတ်ချမှုရှိဖို့နှင့်
စျေးနှုန်းသက်သာပြီး စိတ်ချမ်းသာမှု အပြည့်အဝ ရစေဖို့အတွက်
ဆောနစ်စတား
ပိတ်ရက်မရှိ ဝန်ဆောင်မှု အကောင်းဆုံး
ကားအငှားလုပ်ငန်းနှင့် ဆက်သွယ်လိုက်ပါ။
sonicstar
your trusted travel partner

SAMSUNG Galaxy Note8
Pre-order now
18th to 27th Sept 2017
For more info
Call : 01 2399 888

အဝိုးနှုန်းမဲ့ ဖြလအရစ်ကျ
KBZ BANK
STRENGTH OF MYANMAR
telenor
Special Package included
30GB FREE
samsungmobilemyanmar
www.samsung.com/mm

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

အချိန်နေရာမရွေး
ချက်ချင်းမြန်မြန်ငွေလွှဲရန်
M-ပိုက်ဆံနဲ့ ငွေဖြည့်ပြီး
ဖုန်းငွေ ၂၁၀ ရယူပါ
M-ပိုက်ဆံ
*999#
ကို ခေါ်ဆို
စာရင်းသွင်းပြီး
App ကို
ဒေါင်းလုတ်ရယူပါ
ooredoo
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ

ကြော်ငြာ

မြတ်ဖောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့ " အထူး Promotion ခရီးစဉ် "

၈ ရက်ခရီး - ၁၀သိန်း၄သောင်းကျပ် - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၃) ဌာန(အိန္ဒိယ - နီပေါ)
(Nov-1) (Dec-3) (Feb-10) (Mar-3) (Apr-11)

၁၁ ရက်ခရီး - ၁၁သိန်းကျပ် - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန (သတ်သနဂိုရ်) နှင့် ဘုရားဌာနအားလုံး
(Oct-15)(Nov-19)(Dec-17)(Jan-21)(Feb-18)(Apr-1) (အိန္ဒိယ-နီပေါ) (အထူးခရီးစဉ်)

၁၅ ရက်ခရီး - ၁၂သိန်း၅သောင်းကျပ် - (HOTEL ၂ည) - သံဝေဇနိယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ(တပ်ချပ်မဟာ)၊နယူးဒေလီ နေရာစုံနှင့် (အိန္ဒိယ - နီပေါ)
(Sept-30) (Oct-15) (Nov-1,18) (Dec-16,31) (Jan-24) (Feb-10,25) (Mar-17) (Apr-8)

၁၈ရက်ခရီး (Dec-31) - ၁၂သိန်း - (HOTEL ၂ည) (အထူးpromotion ခရီးစဉ်)- နေရာစုံ

(၁၀)ဦးတစ်စု(၁)ဦးလက်ဆောင်ပေးသည်။နယ်မှခရီးသည်များကြို/ပို့တည်းခိုရေးအခမဲ့ပေးသည်။ယာနာဂို့ဆွမ်း၊ရေချမ်း၊ပန်း၊သစ်သီးဆွမ်း၊ India GSM Simcardနှင့်ကားပေါ်တွင်Internet Wifi Free Serviceဘုရားဌာန(၄)ဌာနတွင်စုပေါင်းကြာသကိန်း(၁၁)ထည်ဓမ္မဒါနပေးသည်။ ဒေလီနှင့်အာဂရာတွင်Hotel(၂)ညအိပ်၍နံနက်/နေ့လည်/ညစာဖြင့်ကျွေးမွေးဧည့်ခံမည်။ကားညမောင်း(လုံး၀)မပါပါ။ စက်တင်ဘာ၊ အောက်တိုဘာစရံပေးသူ၂၀၀၀၀ိ/နှင့် passportကြေး၃၀၀၀၀ိ/ လျှော့ပေးသည်။ ခရီးစဉ်အားလုံးစရိတ်ငြိမ်း
မြတ်ဖောဓိရုံးခန်းတွင် DVDအခွေနှင့်ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်။

ရန်ကုန်ရုံးချုပ်။ ။အမှတ်(၁၃၃၊ ၁၃၅ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
Ph:0949338595,09788304828,09263125261,09420134528
မန္တလေးရုံးခွဲ။ ။အခန်း (ဘီ/၅)၊ ရတနာပုံ (စ)ဈေး၊ ဘုရင့်နောင်လမ်း၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။PH:0991038589

ကိုရင်းနိုင် **ဒေါင်းမင်း** 09425355758,09255913926,09-263828216
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
- တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ကလော(၄)ရက်၊လွိုင်ကော်ပါ(၅)ရက် — အပတ်စဉ် ထွက်ခွာ
- မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ၊ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်(၅)ရက်
- ဘားအံ၊မြဝတီ၊မဲဆောက်၊ဖဝေါ(၃)ရက်။ Hotel- 75000 (ရုံးသွင်းယူရန်မလို)
- ပုဂံ၊စွယ်တော်လေးဆူ၊ပုပ္ပါး၊ပခုက္ကူ(၃)ရက်။ Hotel- 75000
